
ကဗျာတွေကဗျာ

(ဒီဇင်္ဘာ)

ဖြေးဖြေး

လူငယ်ကဗျာ



စေတီယ'ဂ်ာ ဓမ္မာ'စရိယ, ကလကတ္တားပြန်, မဟာ အကျော်,

အခွင့်ဩဇာကြုံခဲ့ဘိသည်။

မဟာအကျော်,

အရှင် သီရိ ကဠုနာ'ဘိဝံသ ၏

ဒွမာတိကာ

ကဗျ

အဓေး အစ်ဖြူး

(ပထမ ဘဝိုင်း)



ရန်ကုန်မြို့ - သုဓမ္မဝတီစာပုံနှိပ်တိုက်။

1940.

293-A

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

ကျွန်းပလွှင်

ဝိနည်းသည် သာသနာတော် မြတ်ကြီး၏ အသက်ဖြစ်၏၊ ဝိနည်းဘည်မှ ဗုဒ္ဓဘာသာ သာသနာတော် မြတ်ကြီး အရှည် ခံ၍ တည့်တံ့ ထွန်းလင်းနိုင်၏၊ ဝိနည်းတော်သည် မြတ်စွာဘုရား၏ အရာ သာလျှင် ဖြစ်၏၊ သာသနာ့ ဝန်ထမ်း ရဟန်းတော်များ၏ ချမ်းသာကြောင်း ကောင်းစားရေး အတွက်လည်း ဝိနည်း ပညတ်တော် ပင် ဖြစ်ပေ၏။

သိတိလော ဟိ ပရိဇ္ဇနော,
ဘိယျော အာကိရတေ ရဇံ၊

ဝိနည်း မတတ်၊ကျောင်းထိုင်လတ်၊အာဝဇာ် မဆုံးရှေး။

သာသနာ့ ဝန်ထမ်း ရဟန်း သာမဏေတို့သည် တနေ့နေ့တွင် ကျောင်းထိုင်ခြင်း,ပရိသတ် မျှော်ခြင်းစသည်ဖြင့် ရပ်ဆရာ,ရွာ့ ဆရာ,သားဆရာ, မြေး ဆရာ ဖြစ်ကြရကုန်လတ္တံ့။

သာမညံ ဒုပ္ပရာ မဋ္ဌံ,
နိရယံ ဥပကဇ္ဈတိ၊

ထို့ အခါ ညှာဝါ ဖြန်းတော အနှစ်တောမှာ လူချော လုပ်နေလျှင် တဘဝ အနေ ချောင်သော်လည်း ရင်းစား မကိုက် အပါယ် လမ်းသို့ ဆိုက်ဆိုက်ကြီး လားရတတ်ချေသည်။

ဝိနည်းသည် ဘယ်အခါမှ လေ့ကျင့်၍ ဆုံးခန်း တိုင်သည် မရှိပေ၊သိဟိုဠ်တွင်,မဟာသုမ ထေရ်သည် ဝိနည်းကိုးခေါက် သင်ကြားခဲ့ပြီ၊ မဟာပဒုမ ထေရ်ကား ဘဆဲ့ ရှစ်ခေါက် သင်ကြားခဲ့ပြီ၊တရုံရော အခါ မဟာသုမ ထေရ်သည် တဘက်ကမ်း ကျွန်းငယ်သို့ ကျောင်းထိုင် ကြွလေလျှင်, မဟာပဒုမ ထေရ်က-"ဒြဿ!တယ် အတင် ရဲလှပါတကား! ဆရာကို လက်သွတ်၍ ထင်ရာတွေ လုပ်နေကြပါပြီ တကား!"ဟု ညည်းတွားဘူးလေပြီ။

မြတ်စွာ ဘုရားတို့၏ အရာ သာ ဖြစ်သော ဝိနည်း ပ်ံ့ကတ်၌ မပေါက်ရောက်သေးကုန်သော စာသင်သားငယ် များအား စာမေးပွဲတို့၌ အောင်မြင်စေခြင်း,ဝိနည်းသိကွာနည်းနာ ကျကျ အဖြေ ရကြ၍ အကျိုး များကြပါစေခြင်း အကျိုးငှါ အများ တိုက်တွန်းချက် အရ ပါဠိ,အဋ္ဌကထာ, ဋီကာ စသော ကျမ်းဂန် အရပ်ရပ်တို့ကို ပိပိ ညာဏ်ဖြင့် သမျှ ကြည့်ရှု ရေးဆောင်းလျက်, ဤ နိဒါန်-မာတိကာ-ကဏ္ဍ ဒုဗေမး အဖြေ ကျမ်းကို စာမေးပွဲ ဖြေအောင် ရေးသား ပြီ ရင်လိုက်ရပါကြောင်း။

သဒ္ဒါ, အဋ္ဌ, ဝိဂ္ဂဟ,အဓိပ္ပါယ, သဘာဝ,ဝိနိစ္ဆယ, အဆုံး,အဖြတ်,အတ္ထနော မတိ,ပုဒ်နေ ပိုဒ်ဆား, စကား အသုံး, အဖြတ် အတောက်,အသူ အဆတို့မှာ တို-ရှင်း-ကောင်း အောင် လိုရင်းပေါင်း၍ အထူး ကြိုးစား ရေးသား ထားရာ; ကောင်းလွ ရုံလွ နည်းကုန်အောင် ကျွန်လှပြီ မဆိုသာ

ငသော်လည်း စာသင်သားများ ကျေးဇူး အထူး များ ငသောက်ငအောင် ကြေနပ်စရာ ရှိပါကြောင်း။

ပါတိမောက် တခြား, ကဒိါ တခြား မဟုတ်ဘဲ မင်္ဂြိ မင်္ဂြင် မပင်ပန်းရငအောင် ဘပေါင်းထည်း နှစ်ကျမ်းတွဲထား သဖြင့် စာသင်သားများ အတွက် များစွာ လွယ်ကူ သင့် ငလျော်ပါကြောင်း။

ဖေတိယ'ဂ်ကာ ဓမ္မာ'စရိယ, ကလကတ္တားပြန်, မဟာ ဒဓကျော်,

အဂ္ဂ၊ဂ် ဘဝိရိကဋ္ဌနဒ' ဘ်ဝံသဓဇဂ်၊

ပဂ်၊ဃဒ္ဒဲ့ နိဃဏ်ဃဝဒဿဂိုက်သစ်၊

ပန်းဘဝနဲ့ဂ်ပြီ။

မာတိကာ

အခြေခြင်းအရာ	ဂဏန်း	မျက်နှာနံပါတ်။
(က) ပဏာဒမ (၄)	....	၁

၁-နိဒါနုဒ္ဒေသ	၁၄၇	....	၆

၂-ပါရာဇိကုဒ္ဒေသ	၁၅၉	....	၁၁
ပဌမ	....	....	၁၁
ဒုတိယ	....	....	၃၀
တတိယ	....	....	၄၀
စတုတ္ထ	....	....	၁၀၀

၃-သံဃာဒိသေသုဒ္ဒေသ	၁၇၂	....	၁၁၂
ပဌမ	....	....	၁၁၂
ဒုတိယ	....	....	၁၁၉
တတိယ	....	....	၁၃၀
စတုတ္ထ	....	....	၁၃၃
ပဉ္စမ	....	....	၁၃၆
ဆဋ္ဌ	....	....	၁၃၉
သတ္တမ	....	....	၁၄၄
အဋ္ဌမ	....	....	၁၄၅
နဝမ	....	....	၁၄၀

ဆောက်နှင်းမိုးယာ	ငရိုက်	ခေတ်ပေးဒွင်ဩဇာစင်
၂၅၄	....	....	ကဏ္ဍ
၂၅၄	....	....	ကဏ္ဍငယ်
၂၅၄	....	....	ကဏ္ဍနှိ
၂၅၄	....	....	ဂဏန်း
၂၅၄	....	....	ဂဏန်းပုံစံ
၂၅၄	....	....	(၂) ငန်းပြီးပုံစံ

၁၀၄	....	....	ပိုက်ဆံ-၁
၁၀၄	....	....	ပိုက်ဆံလွယ်အိတ်-၂
၁၀၄	....	....	ပိုစ်တစ်-၃
၁၀၄	....	၁၀၄	ကတ်ထိုးဂျာကားပိတ်ထုံး
၁၀၄	....	....	ဆန်းစစ်ခြင်းအပြီး-၅

၅၅၄	....	၀၄	ဆန်းစစ်ခြင်းစာမေးပွဲ-၆

၁၆၄	....	....	ကုဆစ်ထဝ
၂၆၄	....	....	ကဆင်းနှိ
၅၆၄	....	...	ကဆင်းငယ်
၆၆၄	....	....	ကဆင်

ဒွိယာတိကာ-ကာရိ

အဖေး အဝေ့ား

ပဏာမာ'ဒိ ကထာ။

၁။ ဝိစရန်္ကံ မဟာသတ္ထော,
ဝိနယေ နယဂဗ္ဘိတော၊
ဓမ္မနာဒိံ သံဃဂဏိံ,
ဝန္ဒိယ ဗုဒ္ဓကေသရိံ။

၂။ ဝိနယေ ကုသလတ္ထဉ္စ,
ဇေတုံ ကာဟာမိ ဥဿဝေ၊
အာ-ကုမာရံ ဝိဗောဓေန်္ကံ,
ဝိနယဟတ္ထမဒ္ဒိကံ။

၃။ ရတနာနိ ဒုက္ကရာနိ,
အဇ္ဇောဂါဟိယ အဏ္ဏဝေ၊
တထာ နာနာပညတ္တိယော,
ဝိနယေ နယဂန်္ဓိရေ။

၄။ ပညတ္တိ ပုဒ္ဓိဝေ ဒိလ-
ပလိတေ ဝိနယူ ဗျာဒေန၊
သောတုဒိစာ ဂန်ဆဲတုတ္ထာ,
ဘုဇ္ဇန်္ဂ၊ မရုံ အာဠိံ။

ပဏာမ။

၁။ ဝိစရိန်္ဆ မဟာသတ္တော့,
ဝိနယေ နယဂုမ္ဖိတော၊
ဝမ္မနာဒိံ သံဃဂဏိံ,
ဝန္ဒိယ ဗုဒ္ဓကောသရိံ။

၁။ **နယဂုမ္ဖိတော**-နည်းနာ နက်နဲ, လွန် ခက်ခဲသည့်, ထွေးရှက် ရစ်ရုံ, ချုံ ပိတ်ပေါင်းကြိုးလည်း, ရှိပေထသော။ **ဝိနယေမဟာသတ္တော့**-ဝိနည်း ပိဋကတ်, ပရိယတ် တည်းဟူသော, ရေတံခွန် စမ်းမြောင်, မဟာ ပန်းဂနိုင်ကြီး အဝွင်းဌ်။ **ဝိစရိန်္ဆ** - ပန်းရနံ့ ကြိုင်လျမ်းထုံတဲ့, ခိုင်ပန်းရုံ မြောင်သာယာမှာ, ဘာဝနာ ဂေါစရ, သေဝနတို့ဖြင့်, လှည့်လည် လာသွား, ကျက်စားတော်မူလေ့ ရှိပေထသော။ **ဝမ္မနာဒိံ**-မွှေနာ အပေါင်း, ရှစ်သောင်း လေးထောင် တည်းဟူသော, ဟိန်းသံ ဟောက်သံ, တရုံ မဖဲ, အမြဲ ရှိတော်မူထသော။ **သံဃဂဏိံ**-တပည့် သံဃာ, နောက်ပါ ဗိုလ်ခြေ, အစြိုး အရုံတွေလည်း ရှိပေထသော။ **ဗုဒ္ဓကောသရိံ**- ဘုံသုံးဆဲ့ တန္ဓင်မှာ, ဆရာ တင်ရသည့်, ဘုရား သခင် တည်းဟူသော, ခြသွေ့ ရာဇာ, ကောသရာ မင်းကြီးကို။ **ဒေဟံ**-ခန္ဓာ ပဉ္စကကို, ကဋ္ဌုန် ဟု, နာမ မှည့်ခေါ်, ဘုရား တပည့်တော်သည်။ **ဝန္ဒိယ = ဝန္ဒနာဓိ** - သဒ္ဓါ ညွတ်ဦး, အလွန် ကြည်နူးခြင်း, အထူး စေတနာ, ရှိခိုး ကန်တော့ပါ၏, မြတ်စွာဘုရား, မြတ်စွာ ဘုရား။

၂။ ဝိနယေ ကုသလဆ္ဍန္ဒ,
ဧတံ ကာဟာမိ ဥဿဝေ၊
အာ-ကုမာရံ ဝိဗောဓေန္တော,
ဝိနယဟဋ္ဌမုဒ္ဒိကံ။

၂။ **ဝိနယေ**-ဝိနည်း ပရိယတ် ပိဋကတ်တော် ဖြတ်ကြိုး၌။ **ကုသလဆ္ဍန္ဒ**-နည်း နယ ချိန်ဆ၍, လိမ္မာကြပါစေခြင်း အကျိုးငှါငုင်း။ **ဥဿဝေ**-ပရိယတ် နှံဆင်ကြသည့်, စာမေးပွဲ သဘင် အရပ်ရပ်၌။ **ဧတံ**-ပါရဂူဖြောက်, ထွန်းတောက် ဂုဏ်ရောင်, အောင်မြင်ကြပါစေခြင်း, အကျိုးငှါငုင်း။ **အာ-ကုမာရံ**-ပြုသစ်စ အရွယ်, လွန် နုနယ်သည့်, ရဟန်း ဂျင်ငယ်, ထိုအရွယ် ကလေးတွေ တိုင်အောင်။ **ဝိဗောဓေန္တော**-သဒ္ဒါ, အတ္ထ, အဓိပ္ပါယကို, အချက်ကျ ပိုင်ပိုင်နှင့်, ပွင့်လင်း ထင်ထင်, သိမြင်ကြစေနိုင်သော။ **ဝိနယဟဋ္ဌမုဒ္ဒိကံ**-ဝိနည်း အတွက်, လက်စွဲ တရ, အသုံးပြုရသည့် အဖြစ်ကြောင့်, ဝိနယဟဋ္ဌမုဒ္ဒိက အမည်ရှိသော, **ဒီဃနိကာယ**နှင့် **ကင်္ခါဝိတရဏီ** လက်စွဲ ကျမ်းကို။ **အဓိဿံ**-ခန္ဓာ ပဉ္စကကို, **ကဠေန** ဟု နာမ သမုတ်, အကျွန်ုပ်သည်။ **ကာဟာမိ=ကရိဿာမိ**-တွေ့လိုက်ရင် ထင်, မြင်လိုက်ရင် စွဲကြ၍, လုယက် ဆွဲကိုင်, မလွှတ်နိုင်အောင်, အဖြတ် အခိုင်, အမှီး အညွှန့်တွေကို, ခူးဆွတ် ယူငင်, စီစဉ်ရေးသားရပါတော့အံ့သတည်း။

၃။ ရတနာနိ ဒိက္ကရာနိ,
အဇ္ဈောဂါဟိယ အဏ္ဍာဝေ၊
တထာ နာနာပညတ္တိယော,
ဝိနယေ နယဂမ္ဘိရေ။

၃။ **အဇ္ဈောဂ** - ဂျစ်သောင်း လေးထောင်, အနက် ဆောင်သည့်, မြားမြောင် နက်ကျယ်, ပင်လယ် သမုဒ္ဒရာ ကြီး အတွင်း၌။ **ရတနာနိ**- ပတ္တမြား ပုလဲ, အများ စွဲကြသည့်, အနှံ့ အဖြာဖြာ, မက်ကြတဲ့ ရတနာတွေကို။ **အဇ္ဈောဂါဟိယ**= **အဇ္ဈောဂါဟိတွာ**= **အဇ္ဈောဂါဟိတုံ**- ငုပ်လျှိုး သက်ဝင်, ယူငင် သုံးဆောင်ခြင်းငှါ။ **ဒိက္ကရာနိ** **ယဇဇ**-ရတ္တိရာ ခက်ခဲလှသဖြင့်, မလွယ်ဘဲ ဂိုကြလေကုန် သကဲ့သို့။ **တထာ**-ထိုနည်း အတိုင်းပင်, ဉာဏ် သက်ဝင်၍, ဆင်ခြင် တိုင်းဆ,အဝဋ္ဋ အမျှ သာလျှင်။ **နာနာပညတ္တိယော**-နည်း အသွယ်သွယ်,ဆန်းကြယ် ခက်ခဲ,လွန် နက်နဲ လှပေသော။ **ဝိနယေ** - ဗုဒ္ဓခန္ဓာ အပေါင်း, လေးသောင်း နှစ်ထောင့်, မြားမြောင် စွာလှ, ဝိနယ ပိဋကတ် တည်းဟူသော, ပရိယတ်တော်မြတ်ကြီး အတွင်း၌။ **နာနာပညတ္တိယော**-မှုလ, အနု, ဥပဒေ အထပ်ထပ်, ပညတ်ပုံ နည်း အရပ်ရပ် တွေကို။ (**ကုဗာရေဟိ**) - ပြုသစ်စ အရွယ်, လွန် နုနယ်သည့်, ရဟန်း ရှင်ငယ်, ထို အရွယ် ကလေးတို့သည်။ **အဇ္ဈောဂါဟိယ**-မပြတ် ဆင်ခြင်, ဉာဏ် သက်ဝင်၍,ယူငင် သုံးစွဲခြင်းငှါ။ **နုဇ္ဇရာ**-ဉာဏ် အမြင် ချွန်လွဲ, သိမြင်ရန် ခက်ခဲလှသဖြင့်, မလွယ်ဘဲ ဂိုကြရလေကုန် တော့သတည်း။

၄။ ပညတ္တိပုဒ္ဓိတော သိလ-
ဖလိတော ဝိနယံ ယျာဒေနေ၊
သောတုဒိစာ ဂန္ဓံ တုဏ္ဍာ,
ဘုဥ္ဇန်၊ မရုံ အတ္ထိ။

၄။ ပညတ္တိဟူသည်-သဒ္ဒါ, အတ္ထိ, ဥပဒေသ ဟု, နယ အာဗုံဗုံ, ဟူး အပွင့် အငုံတို့ဖြင့်, ထုံမှုံ ကြိုင်လိုင်, ဒိုင်ချင်း တွဲ့တွဲ့, ခွဲ့ခွဲ့ ယိုင်ယိုင်, အပြိုင် အဆိုင် အဆင့် အဆင့်နှင့်, အခိုင် အခိုင် အပွင့် အပွင့်လည်း ရှိပေထသော။ သိလ ဖလိတော-ဝေဝေ ဆာဆာ, ပဒေသာ တမျှ, သိလ အာစာရ တည်းဟူသော, အသိး အနှံ လည်း ရှိပေထသော။ ဝိနယံ ယျာဒေနေ-ဝိနည်း ဝိဒူကတ်,ပရိယတ် တည်းဟူသော,မြူး ရွှင် ပျော်စရာ,ဥယျာဉ်တော် မဟာဖြတ်ကြိုး အတွင်း၌။ သောတုဒိစာ-ဝိရိယ အတောင် နှစ်ဘက်ကို, သမာဓိ လေဟုန် ထက်ဝယ်, ဖြန့်လျက် ပျံဝဲ, တရုံ မစဲအောင်, အသံဆွဲ တွန့် ကျူးလျက်, ကွန့်မြူး ရွှင်ပျော်ကြတဲ့ ရဟန်းတော် အငယ် အနှောင်း, ဌက် အပေါင်းတို့သည်။ ဂန္ဓံ တုဏ္ဍာ-ဤ ဝိနယ ဟဋ္ဌမဋ္ဌိက အမည်ရှိသော ဒွိဓာတ်ကာ နှင့် ကခ်ဝီဝိတရဏီ လက်စွဲ ကျမ်းတည်းဟူသော နှုတ်သီးကို ရကြကုန်လျက်။ မရုံ အတ္ထိ-ချို အိ ဆိပ်ဒေး, အလွန် လေးနက်လှသည့်, အချက် ကျစွာ, အနက် အရသာတွေကို။ ဘုဥ္ဇန်-နေ့ရော ညပါ, ဘယ်ခါ မဆို, လိုတိုင်း ဝဝ, စိတ်တိုင်း ကျအောင်, သုံးဆောင် ခံစားနိုင်ကြပါစေကုန် သတည်း။

“နုဒေဝာ တာသေ ယတော ဗဟိဓတော ယသေ တာဓေဝ နု”

၁= နိဒါနုဒ္ဒေသ (၁၄၇)

၁- ပါတိဓောက္ခ ပုဒ်ကို ပုဒ်ဖြတ် ပြပါ။

ပ+အတိ+ဓောက္ခ=ပါတိဓောက္ခ။

၂- ပ+အတိ+ဓောက္ခ ပုဒ်တို့၏ အနက်ကို ပြပါ။

ပ=အပြား အားဖြင့်၊

အတိ=အလွန်၊

ဓောက္ခ=ဖြင့်ဖြတ်သည်။

၃- ပ+အတိ+ဓောက္ခ ပုဒ်တို့၏ အနက်စဉ်ကို ပြပါ။

အတိ+ပ+ဓောက္ခ=အလွန်, အပြားအားဖြင့်, ဖြတ်သည်။

၄- ပါတိဓောက္ခ ပုဒ်ကို ဝစနတ္ထ ပြု၍ ရုပ် စိရင် ပြပါ။

ပါတိ ရက္ခတီတိ, ပါတိ၊

ပါတိံ ဓောက္ခေတိ ဓောစယတီတိ, ပါတိဓောက္ခံ၊

ပါ+တိ=ပါဓာတ်နောင် တိပစ္စည်း သက်။

မုစ+ဏော+ဏ= ဏာအနုဗန္ဓ ဆေး၊ ကွပ် ဓာတုဖြင့် ဓာတွန် စကို ခပြု၊ ကာရိတ် ဏော ဆေး၊ ခကို ကနှင့် ၂ လုံးထပ်၊ မုဏ်၏ ဥကို သြပြု ပြီး၏။

၅-- ပါတိမောက် အပြားကို သရုပဘေဒအားဖြင့် ပြပါ။

(၁) သီလပါတိမောက်,
(၂) ဂန္ထပါတိမောက်- ၂ ပါး။

၆-- သီလပါတိမောက် အရ ကောက်ပြပါ။

ဝိရတိ ပြဋ္ဌာန်းသော ကုသိုလ် ကြိယာ စိတ္တုပ္ပါဒ် ဓမ္မသမူဟ ပညတ်ကို သီလပါတိမောက် အရ ကောက်ပါသည်။

၇- ဂန္ထပါတိမောက် အရ ကောက်ပြပါ။

အကွရပဒဗ္ယဉ်ပညတ်ကို ဌာဏ။ပစာရအားဖြင့် ဂန္ထပါတိမောက် အရ ကောက်ပါသည်။

၈- ဂန္ထပါတိမောက် အပြား ပြပါ။

(၁) ဩဝါဒပါတိမောက်,
(၂) အာဏာပါတိမောက်- ၂ ပါး။

တနည်း

(၁) ဘိက္ခုပါတိမောက်,
(၂) ဘိက္ခုနီပါတိမောက်- ၂ ပါး။

၉- ဩဝါဒပါတိမောက်သည် အဘယ်နည်း?
ဂုဏ်းကို မည်သူ သာ ပြု၍, မည်သူ မပြုသနည်း?

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ,
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ,
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၂) သဗ္ဗပါပဿ အကရဏံ,
ကုသလဿူပသမ္ပဒါ၊
သစိတ္တ ပရိယော ဒပနံ,
ဧတံ ဗုဒ္ဓါန သာသနံ။

(၃) အနူပဝါဒေါ အနူပဃာတော,
ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ,
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ,
ဧတံ ဗုဒ္ဓါနသာသနံ။

ဂုဏ်းကို ဘုရားမျှားသာ ပြု၍, သာဝကတို့ မပြုကုန်။

၁၀- သီလပါတိမောက်၌ သီလ အပြား ငါးပါ။

(၁) ပါတိမောက္ခ သံဝရသီလ,
(၂) ဣန္ဒြိယ သံဝရသီလ,
(၃) အာဇီဝပါရိသုဒ္ဓိသီလ,
(၄) ပစ္စယသန္နိဿိတသီလ-၄ ပါး။

၁၁- အာဏာ ပါတိမောက် အဘယ် နှစ်ပါး ပြားသနည်း?

(၁) ဘိက္ခုပါတိမောက်,
(၂) ဘိက္ခုနီပါတိမောက်- ၂ ပါး။

၁၂- ဘိက္ခုပါတိမောက်၌ ဥဒ္ဒေသ သရုပ် ရေတွက် ပြပါ။

(၁) နိဒါနဒ္ဒေသ, (၂) ပါရာဇိကဒ္ဒေသ,
(၃) သံဃာဒိသေသဒ္ဒေသ, (၄) အနိယတဒ္ဒေသ,
(၅) ဝိတ္ထာရဒ္ဒေသ- ၅ ပါး။

၁၃- ဘိက္ခုနီပါတိမောက်၌ ဥဒ္ဒေသ သရုပ် ရေတွက် ပြပါ။

(၁) နိဒါနဒ္ဒေသ, (၂) ပါရာဇိကဒ္ဒေသ,
(၃) သံဃာဒိသေသဒ္ဒေသ, (၄) ဝိတ္ထာရဒ္ဒေသ - ၄ ပါး။

၁၄- ဘိက္ခုနီ ပါတိမောက်၌ အနိယတဒ္ဒေသကို အဘဲ့ကြောင့် မဟောသနည်း?

ဘိက္ခုနီမများ၌ ရဟန်း ယောကျ်ားများ ကဲ့သို့ ပဋိညာဉကာရေတဇ္ဇ မရှိ၍ ဘိက္ခုနီပါတိမောက်၌ အနိယတဒ္ဒေသကို မဟောပါ။

၁၅- ဥဒ္ဒေသ ငါးပါးကို ဖိုင်းခြားပြပါ။

(၁) နိဒါနုဒ္ဒေသ ကုန်အောင် ရွတ်ပြီး, ကြွင်း ဥဒ္ဒေသတို့ကို သုတာ ခေါ် ပနာယသွန်းဟို စသည်ဖြင့် ရွတ်ခြင်းသည် နိဒါနုဒ္ဒေသ၊

(၂) ပါရာဇိကုဒ္ဒေသ ကုန်ရုံသာ ရွတ်ခြင်းသည် ပါရာဇိကုဒ္ဒေသ၊

(၃) သံဃာဒိသိသ် ကုန်ရုံသာ ရွတ်ခြင်းသည် သံဃာဒိသေသုဒ္ဒေသ။

(၄) အနိယတုဒ္ဒေသ ကုန်ရုံ အထိသာ ရွတ်ခြင်းသည် အနိယတုဒ္ဒေသ၊

(၅) တစောင်လုံး ကုန်အောင် ရွတ်ခြင်းသည် ဝိတ္ထာရုဒ္ဒေသ။

၁၆- သံဃာ ၄ ပါး ရှိလျက်နှင့် သံဃာ့ ဥပုသ် မပြုလျှင် အဘယ် အပြစ် ရှိသနည်း?

သံဃာ ရှိလျက် သံဃာ့ ဥပုသ် မပြုလျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။

၁၇- အဘယ် အခါ ပါတိမောက်ကို အဘယ်ကဲ့သို့ ပြရသနည်း?

(၁) အန္တရာယ် မရှိသော အခါ ပါတိမောက်ကို ဆုံးအောင် ပြရပါသည်၊

(၂) အန္တရာယ် ရှိသော အခါ နိဒါန်း ပြုပြီခဲ့သော် ကြောင်း ဥဒ္ဒေသတို့ကို သုတသဒ္ဒါဖြင့် ကြားရပါသည်။ (နိဒါန်းမှု ပြု၍ မပြီးမီ အန္တရာယ်ဖြစ်လာခဲ့သော် ပါတိမောက် မပြဘဲ နေခွင့်ရပါသည်။)

၁၈- ဥပုသ် အန္တရာယ် ၁၀ ပါး ရေတွက် ပြပါ။

ဓိး, မင်း, ဒိုးသူ,၊ ရိဃ်းရေ, လူ,၊ ဘိလူး, သားရဲ, ငြွေ,၊ အသက်, ဗြဟ္မာ, စရိယ,၊ ဒသ အန္တရေ။

၁၉- သုဘာ ရေခါ ပနာယသ္မဉ္ကေ့ဟိ စတ္တာရော ပါရာဇိကာ ဝမ္မာ စသည်ဖြင့် ရွတ်ရာ အာဘယ် အခါက ကြားဘူး၍ သုတာ ရေခါ ပနာယသ္မဉ္ကေ့ဟိ ဟု ဆို နိုင်ပါသနည်း?

နိဒါန်း ရွတ်စဉ် အခါ ယသ သိယာ အာပတ္တိ ဆိုဖသော စကားဖြင့် အာပတ်ကို မေးသဖြင့် သိကွာ ပဒကို လည်း မေးမြန်း ရွတ်ဆိုပြီး ဖြစ်သောကြောင့် နိဒါန်း ရွတ်စဉ်က ပင် ကြားနာဘူးပြီး ဖြစ်၍ သုတာ ရေခါ စသည် ဆိုနိုင်ပါသည်။ (သို့ အတွက် နိဒါန်း ရွတ် မပြီးမီ အန္တရာယ် ပေါ်လာခဲ့သော် သုတနှင့် ရွတ်ခွင့် မရှိပြီ)

ပရိဝါရ

၂၀- နိဒါနဒ္ဒေသ ရွတ်မပြီးမီ အန္တရာယ် ပေါ်လာခဲ့သော် အဘယ်ကဲ့သို့ ပြုကျင့်ရပါသနည်း?

သုတ သဒ္ဒါဖြင့် ရွတ်ကောင်းပါသလော?

နိဒါနဒ္ဒေသ မပြီးမီ အန္တရာယ် ပေါ်လာခဲ့သော် ဥပုသ် မပြုဘဲ နေ့ဖွင့် ရဏ်၊ သုတသဒ္ဒါဖြင့် ကြားရန် မလိုတော့ပါ၊ ယဿ သိယာ စသည်ဖြင့် ကြားနာ ဘူးပြီး မှီသောကြောင့်တည်း။

၂၁- သမ္မဇ္ဇနီ ပုဒ်ကို ဝိဂြိဟ် ဆိုပြပါ။

သမ္မဇ္ဇနံ, သမ္မဇ္ဇနီကရဏံ = သမ္မဇ္ဇနီ၊ (ကရဓာတု အန္တောနီတ)

သမ္မ၊ဇ္ဇနိယာ သမ္မဇ္ဇနံ=သမ္မဇ္ဇနီ၊ (ပုဗ္ဗပဒလောပ)
သမ္မဇ္ဇနိယာဝိသောဓနံ=သမ္မဇ္ဇနီ၊(ဥတ္တရပဒလောပ)
သမ္မဇ္ဇနိယာ သမ္မဇ္ဇနံ=သမ္မဇ္ဇနီ၊ (သာမညနိဒ္ဒေသ)

၂၂- ပဒိပ ပုဒ် ဝိဂ္ဂဟ ပြု၍ ဓာတု, ပစ္စယ ညွှန်းပါ။

တံတံ ဝဏ္ဏုံ ပဒိပေတိ ပကာသေတီတိ, ပဒီပေါ၊
ပကာရေန ဒိပ္ပတီတိ ဝါ, ပဒီပေါ၊ ပ+ဒိပ+အ။
ပဒီပဿ ဥဇ္ဇလနံ=ပဒီပေါ၊ (ဥတ္တရပဒလောပ)
ပဒီပဿ ကရဏံ=ပဒီပေါ၊ (ကရဓာတုအန္တောနီတ)

၂၃- ဥဒက ပုဒ်ကို ဝစနတ္ထ ပြုပါ။

ဥဒကဿ ဥပဓ္ဓာနံ=ဥဒကံ၊ (ဥတ္တရပဒလောပ)
သောက်သုံးရန် ရေကို တည်ထားခြင်း ဟု အနက်ပေး။

၂၄- အာသဒုန ပုဒ် ဝစနတ္ထ ပြု၍ ဓာတု, ပစ္စယ ညွှန်းပါ။

အာသတိ နိသီဒတိ ဇေ္ဌောတိ, အာသနံ၊အာသ+ယု။
အာသနဿ ပညာပနံ အာသနံ၊(ဥတ္တရပဒလောပ)

၂၅- ဇေတာနိ ရှိပါလျက် အဘဲ့ကြောင့် ဂန္ထတော ဆိုပါသနည်း?

ဂန္ထန္တေ ဆိုက ဇ ကို ဏ်း ပျက်မည် စိုး၍ ဆန်း ဂိုဏ်း ကို စောင့်ခြင်းငှါ ဂန်ပြုန်၍ ဆိုထားပါသည်။

၂၆- ပဗ္ဗကရဏန္တိ ဂန္ထတို့အဘဲ့ကြောင့် အဋ္ဌကွရထက် တလုံး လွန်၍ ၉ လုံး တပါဒ ထားရသနည်း?

အရိယ အရဟ ကရဏ စသော ပုဒ်များ ပါလျှင် အကွရာ တလုံး လွန်၍ ထားကောင်းသောကြောင့် ၉ လုံး တပါဒ ထားရပါသည်၊

မှတ်ချက်။ ။အကွရာ ၂ လုံး သိမ်းယူကျုံး တလုံး ဂရု ဖြစ်ဖြတည်း- ဟူသည်နှင့် အညီ ကနှင့် ရကို ဂရု တလုံး အဖြစ် ယူလျှင် ဂိုဏ်းသင့် ဂ လုံးဘဲ့ အဋ္ဌကွရ ကိုက်၏၊ ပဒတ္ထအနုဝဏ္ဏနာ ဆရာကား ပုဗ္ဗကရဏ ဟု ကသံယုဂ် ရှိမှ သင့်မည်ဟု ဘဲ့ မှာကြား သွားလေသည်။]

၂၇- ပုဗ္ဗကရဏာ မပြုခဲ့သော် အပြစ် ရှိ, မရှိ ပြပါ။

(က) တမြက်စည်း ဆိတိုး ရှာမရ၍ မပြု ခဲ့သော် အပြစ် မရှိ၊

(ခ) ကိုယ်တိုင်သော်၎င်း, သင့်လျော်သော သူအား စေခိုင်း၍ သော်၎င်း စွမ်းနိုင်လျက် မပြုစေခဲ့သော် ဒုက္ကဋ် သင့်ပါသည်။

၂၈- ဆန္ဒပါရိသုဒ္ဓိ ပုဒ်ကို ဝစနတ္ထ ပြုပါ။

ဆန္ဒ ဟရဏာဠ္ဟ, ပါရိသုဒ္ဓိ ဟရဏာဠ္ဟ, ဆန္ဒပါရိသုဒ္ဓ ဟရဏာဠ္ဟ=ဆန္ဒပါရိသုဒ္ဓိ၊ သမာဟာရဒွန်၊ သဒ္ဒတ္ထ ဘေဒဝိန္ဆာ ပုဒ် ကဲ့သို့ ပြုလေ။

၂၉- ဆန္ဒ နှင့် ပါရိသုဒ္ဓိ ပေးပုံ ရေးပါ။

(၁) ဆန္ဒံ ဒဗ္ဗိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ။

(၂) ပါရိသုဒ္ဓိံ ဒဗ္ဗိ၊ ပါရိသုဒ္ဓံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ။

၃၀- ဆန္ဒံ ဒဗ္ဗိ တဝါကျ နှင့် ပြီးကောင်းလျက် အဘဲ့ ကြောင့် နောက် ၂ ဝါကျကို ဆိုရပြန်သနည်း? အပြစ် ကင်း၍ ဆန္ဒ ရောက်စေခြင်းငှါ နောက် ၂ ဝါကျ ဆိုရပါသည်။

ဆန္ဒံ ဒဗ္ဗိ=ဆန္ဒ ပေးပါ၏ ဆိုရုံမျှနှင့် ဆောင်သော ရဟန်းက မပြော ကြားခဲ့သော် ဆန္ဒလည်း မရောက် ပေးသော ရဟန်းအား ဒုက္ကဋ်လည်း သင့်၏၊ ဆောင်သော ရဟန်း အပြစ် မရှိ။ ဆန္ဒ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ ဟု အပြည့် အစုံ ပေးလိုက်ပါလျက် ဆောင်သော ရဟန်းမှာ မပြော ကြားဘဲ နေခဲ့သော် အပြစ် ရှိ၏၊ ပေးသော ရဟန်း မှာ အပြစ် ကင်း၏၊ ဆန္ဒလည်း ရောက်၏။

၃၁- တိသ ထံမှ ဆောင်အပ်သော ဆန္ဒကို ပိဝိ၏ ဆန္ဒ နှင့် တကွ ဒတ္တအား ပေးခဲ့လျှင် မည်သူ့ ဆန္ဒ ရောက်၍ မည်သူ့ ဆန္ဒ မရောက်သနည်း?

သံကွင်း ဆက်သည့် တတိယ အကွင်းနှင့် ကျော်၍ မဆက် သက့်ဆို တိသ ဆန္ဒသည် မရောက်; ပိဝိ၏ ဆန္ဒ သာလျှင် ရောက်ပါသည်။

၃၂- ဆန္ဒကို တဆင့် ပေးခြင်း, မကြားဘဲ နေခြင်းသည် အာဘယ် အပြစ်ရှိသနည်း?

ဆန္ဒကို တဆင့် ပေးခြင်း, မကြားဘဲ နေခြင်းသည် ဒုက္ကဋ် သင့်ပါသည်။

၂၃- ဆန္ဒပါရိသုဒ္ဓိကို အာဘယ် ရဟန်းများက ပေး ကောင်းသနည်း?

တသိမ်ထည်းဒွီ တည်ဂိုကြကုန်သော ဗျားသော ရဟန်း, ကိစ္စ များသော ရဟန်းများသည် ဆန္ဒပါရိသုဒ္ဓိ ပေးကောင်းပါသည်။

၂၄- ဆန္ဒပါရိသုဒ္ဓိ ပေးရခြင်း အကျိုးကို ပြပါ။

(၁) ဆန္ဒ ပေးခြင်းဖြင့်, သံဃာ၏ ဥပုသ် ကံ နှင့် တခြားသော ကံများ ပြုလုပ် ဖြီးစီးစေနိုင်ပါသည်၊ ပိဝိ၏ ဥပုသ် ကံကား မဖြီးပါ၊

(၂) ပါရိသုဒ္ဓိ ပေးခြင်းဖြင့် ပိဝိ နှင့် သံဃာ၏ ဥပုသ် ပြုခြင်း ကိစ္စ ဖြီးပါသည်၊ အခြားသော ကံ ကိစ္စအတွက် မဖြီးနိုင်ပါ။

၂၅- ဥတုကျွန်းနေ ပုဒ်ကို အစိတ် အပေါင်း ဝစနဆွဲ ပြုပါ။

အတတိ ဝတ္တတိ သိတုဏ္ဍံ ဇဏ္ဍောတိ ဥတု၊
အရတိ ပဝဇ္ဇတိတိ ဝါ ဥတု၊ အရ+တု၊
အကွေတေ သဒ်ါတေ အကွေနံ၊ အကွ+ယု၊
ဥတုနော အကွေနံ, ဥတုကွေနံ၊ (ဆဋ္ဌီတပ္ပုရိသ)

၂၆- ပုဗ္ဗကရဏ နှင့် ပုဗ္ဗကိစ္စ အထူး ပြပါ။

(၁) သံဃာ မစည်းဝေးမီ ပြုအပ်သော ကိစ္စသည် ပုဗ္ဗကရဏ၊

(၂) သံဃာ စည်းဝေး ဖြီးနောက် ပါတိမောက်
မဖြဓိ ပြုအပ်သော ကိစ္စသည် ပုဗ္ဗကိစ္စ။
တနည်း
(၁) မပြုဘဲ မနေရ မူ၍ ပြုအပ်သော ကိစ္စသည်
ပုဗ္ဗကရဏာ၊
(၂) မပြုဘဲ လည်း နေ၌ ရသော ကိစ္စသည် ပုဗ္ဗ
ကိစ္စ။

၃၇- ဥပေါသထော ယာဝတိကာ စ၌ ဥပုသ်၏ သရူပ
ဘေဒ, ကမ္မဘေဒတို့ကို ပြပါ။
(က) သရူပဘေဒအားဖြင့် - စာတုဒ္ဒသီ, ပန္နရသီ,
သာမဂ္ဂီ ၃ ပါး၊
(ခ) ကမ္မဘေဒ အားဖြင့် - အဓမ္မေန ဝဂ္ဂကမ္မ,
အဓမ္မေန သမဂ္ဂကမ္မ, ဓမ္မေန ဝဂ္ဂကမ္မ, ဓမ္မေန
သမဂ္ဂကမ္မ ၄ ပါး။

၃၈- စတုဝဂ္ဂါ ဘိက္ခူ။ ကမ္မပတ္တာ ဟု ဝဂ္ဂပရိဆေဒကို
မမှတ်သားဘဲ, ယာဝတိကာ စ ဟု အာဘဲကြောင့်
သာမည္ ဆိုရသနည်း?
(၁) တသိမ်ထည်းခြီ တည်ရှိရခြင်း,
(၂) ဟတ္ထပါသ်ကို မစွန့်ရခြင်း,
(၃) ပကတတ် ရဟန်း ဖြစ်ရခြင်း,

(၄) စတုဝဂ် စသော သံယာ ဂိုဂရခြင်း ၌ အာဂံ၊ ၄ ပါးကို အာဂံ၊ တပါးထည်း အဖြစ်ဖြင့် ယူစေလိုသောကြောင့် ဆိုပါသည်။

၃၉- သိမ်သည် အဘယ် နှစ်မျိုး ရှိသနည်း?

(က) ဗဒ္ဓသိမ်,

(ခ) အဗဒ္ဓသိမ်-နှစ်မျိုး ရှိပါသည်။

၄၀- တသိမ်ထည်းခွ် ဆိုရာ အဘယ် သိမ်ကို ယူရမည် နည်း?

ဗဒ္ဓသိမ်, အဗဒ္ဓသိမ် ၂ မျိုးကို ယူရပါသည်။

၄၁- ဗဒ္ဓသိမ် မြောက်ကြောင်း အင်္ဂါကို ဖြေပါ။

(၁) ဝိပတ္တိသိမ် မဟုတ်ရခြင်း,

(၂) သုံးပါးသော သမ္ဗတ္တိနှင့် ယှဉ်ခြင်း,

(၃) နီမိတ် အချင်းချင်း စပ်ရခြင်း-၃ ပါး။

၄၂- ဝိပတ္တိသိမ် ၁၁ လုံး ရေတွက် ဖြေပါ။

(၁) အတိရဇ္ဇကာ, (၂) အတိမဟန္တိ,

(၃) ခဏ္ဍနီမိတ္တာ, (၄) ဆာယာနီမိတ္တာ,

(၅) အနိမိတ္တာ, (၆) ဗဟိဒ္ဓတေန သမ္မတာ,
(၇) နဒိယာ သမ္မတာ,(၈) သမုဒ္ဒေ သမ္မတာ,
(၉) ဇာတသာရေသမ္မတာ,
(၁၀) သင်္ကိန္နန္တေန သမ္မတာ,
(၁၁) သီမာယ သီမံ အဇ္ဈောဏ္ဍရန္တေန သမ္မတာ-
၁၁ လုံး။

၄၃- အတိရဒ္ဓကာသိမ် အဂ္ဂယ် ပမာဏ ဖြေပါ။

နှစ်ကျိပ် တပါး ဝန်းဝိုင်းသော အားဖြင့် မထိုင်လောက်သော သိမ်သည် အတိရဒ္ဓကာသိမ် မည်ပါသည်၊ (၎င်း သိမ်မျိုးသည် သိမ် မမည်၊ သမုတ်သော်လည်း သိမ် အာရာ မဖြောက်ချေ၊ ပကတိ ဂါမခေတ် သိမ်, အဗဒ္ဓ သိမ်အရာမှာ သာလျှင် တည်၏။)

၄၄- အတိမဟန္တိ သိမ်၏ ပမာဏ ဖြေပါ။

သုံးယူဇနာ အကျယ် အဝန်း ပမာဏရှိသော သိမ် ထက် ဆံဖြည် တလုံးမျှ ပို၍ ကျယ်လျှင် အတိမဟန္တိ သိမ်မည်ပါသည်၊ (ဗဒ္ဓသိမ် အရာ မဖြောက်တော့ချေ၊ ပကတိ ဂါမသိမ်, အရညသိမ် သာမည ဖြစ်၏၊ သမုတ်၍ မဖြစ်။)

၄၅- ခဏ္ဍနီမိတ္တာ သိမ် ပျက်ပုံ ပြပါ။
နိမိတ် ကြားသော အခါ မှုလ ကြားပြီး အစဆုံး အရပ် အဝိ ထပ်၍ မကြားဘဲ ဖြတ်ထားလျှင် ကျိုး ပြတ်သော နိမိတ် ဂိုသော ခဏ္ဍနီမိတ္တာ သိမ် မည် ပါသည်။
တနည်း
နိမိတ် လောက်သော နိမိတ်တို့၏ အကြားဒွ နိမိတ် မလောက်သော နိမိတ်တရ ထိ၍ ကြားလျှင်လည်း ခဏ္ဍနီမိတ္တာ သိမ်ပင် ခေါ်ပါသည်။

၄၆- သိမ် နိမိတ်သည် ယုတ်စွ အဆုံး ဘယ်နှစ်ခု ထား ကောင်းပါသနည်း?
သိမ် နိမိတ်သည် သုံးခုအောက် ယုတ်၍ ထား၍ မဖြစ်ပါ။ ယုတ်စွ အဆုံး သုံးခု ထား၍ သမုတ် ကောင်းပါသည်။

၄၇- ဖြစ်, သမုဒ္ဒရာ စသည်တို့၌ ကံဆောင်ကောင်းပါ လျက် အဘဲကြောင့် ဖြစ် စသည်တို့၌ သမုတ် အပ် သော သိမ်ကို ဝိပတ္တိ သိမ် ဟု ခေါ်ရပါသနည်း?
သဗ္ဗာ ဘိက္ခဝေ နဒီ အာသိမာ ဟု ဟောတော်မူခြင်း ကြောင့် ဖြစ် စသည်တို့သည် ကမ္မဝါစာဖြင့် ဖွဲ့၍ သမုတ်၍ မဖြစ်-သည့် အတွက် ဗဒ္ဓသိမ် မမည်၊ ဂင်းတို့၌ ဖွဲ့အပ် သမုတ်အပ်သော သိမ်သည် ဖွဲ့ရာ

သမုတ်ရာ မရောက် ဟု ဆိုလိုပါသည်၊ သို့သော် ပကတိ အဗဒ္ဓ သိမ် ဖြစ်၍ ကံဆောင့်နိုင်ပါသည်။

၄၈- သန္ဓေဒ သိမ်နှင့် အစ္ဆောဇ္ဇရဏ သိမ်အထူးပြုပါ။

(က) ရဟန်း ၄ ပါး ကံပြုနိုင်လောက်အောင် ထိုင်သာလောက်သော အရပ်တိုင်အောင် သိမ်ဟောင်းကို ထိစပ်၍ သမုတ်အပ်သော နောက် သိမ်သစ်သည် သန္ဓေဒ သိမ်မည်၏၊ သိမ် အရာ မဖြောက်၊ ဝိပတ္တိသိမ် မည်၏ (ရှေ့သိမ်ဟောင်းကား မပျက်ပါ။)

(ခ) ရဟန်း ၄ ပါး ကံပြုနိုင်လောက်အောင် ထိုင်သာလောက်သော အရပ်ကို ဖြစ်စေ, ထိုထက်လွန်၍ သိမ်ဟောင်း တချလုံးကို ဖြစ်စေ ငုံ၍ ဖိထပ်၍ နောက် သမုတ် အပ်သော သိမ်သည် လွှမ်းခြုံ၍ သမုတ် အပ်သောကြောင့် အစ္ဆောဇ္ဇရဏ သိမ်မည်၏။

၄၉- ဗဒ္ဓသိမ်၏ ပျက်ကြောင်း ဖြပါ။

(၁) မြေကြီးကို ဟိုအောက် ရေအထိ တူးပစ်သော်၎င်း,
(၂) သာသနာ ကွယ်ခဲ့သော်၎င်း,
(၃) ကမ္မဝါစာဖြင့် နှုတ်ခဲ့သော်၎င်း သိမ်ကျွတ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဓာတ္တသိုဏ်
စာကြည့်တိုက်
ကမ္ဘာဇေးအား

၅၀- ခဏ္ဍာသိမ်၊ သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ်တို့၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ ရေးပြပါ။

(၁) ကျောင်းတိုက် အတွင်း တနေရာ၌ သမုတ်အပ်သော သိမ်သည် အစိတ် အဝိုင်း ကွက်လပ်တခု ဖြစ်နေသောကြောင့် ခဏ္ဍာသိမ်၊

(၂) ကံ အတူ ဆောင်ရာ ဌာန ဖြစ်သောကြောင့် သမာနသံဝါသသိမ်၊

(၃) တိစီဝရိုက် နှင့် ကင်း၍ နေ့ခွင့်ရသောကြောင့် အဝိပ္ပဝါသသိမ်၊ (၎င်းအမည် သုံးမျိုး လုံးသည် ဗဒ္ဓသိမ်၏ အမည်များသာ ဖြစ်၏။)

၅၁- ခဏ္ဍာသိမ် နှင့် မဟာသိမ်, အတိမဟန္တိသိမ် ပမာဏ ကား ပြပါ။

(၁) ၂၁ ပါးမှ စ၍ တထောင် အထိ သံဃာ ဆုံသော သိမ်သည် ခဏ္ဍာသိမ် မည်ပါသည်။

(၂) တထောင်မှ စ၍ သံဃာ များစွာ ဆုံသော သိမ်သည် မဟာသိမ် မည်ပါသည်။

(၃) သုံးယူဇနာထက် ဆိုခြည် တလုံးမျှ ပိုကျယ်သော သိမ်သည် အတိမဟန္တိ သိမ် မည်ပါသည်၊

(၎င်း လုံး သမုတ်ဘို့၊ နောက် တလုံး ဝိပတ္တိ။)

၅၂- တိဝိဓသမ္ပတ္တိ အရ ပြပါ။

(၁) နိဗိတ္တ သမ္ပတ္တိ-နိဗိတ် ပြည့်စုံခြင်း၊
(၂) ပရိသ သမ္ပတ္တိ-ပရိသတ် ပြည့်စုံခြင်း၊
(၃) ကမ္မဝါစာ သမ္ပတ္တိ-ကမ္မဝါစာ၏ ပြည့်စုံခြင်း။

၅၃- သိမ်၏ နိမိတ် ၈ ပါးရေတွက် ပြပါ။

(၁) ပဗ္ဗတ, (၂) ပါသာဏ, (၃) ဝန, (၄) ရုက္ခ,
(၅) မဂ္ဂ, (၆) ဝမ္မိက, (၇) နဒီ, (၈) ဥဒက-
၈ ပါး။

၅၄- အဗဒ္ဓ သိမ်အပြား ရေတွက် ပြပါ။

(၁) ဂါမသိမ်,
(၂) သတ္တဘိက္ခုရ သိမ်,
(၃) ဥဒကုက္ခေပ သိမ်-၃ ပါး။

၅၅- ဂါမသိမ် ဝိသုံဂါမသိမ် အဓိပ္ပာယ် ပြပါ။

(က) ရွာစား, ဝါ-ရွာသူကြီး တဝိုင်သည့် ဂါမသိမ် မည်၏၊

(ခ) ၎င်း ပကတိ ဂါမခေတ် ရွာ အတွင်းမှ သီးခြား အမိန့် ခံယူ အပ်သော နယ်ကွက်သည့် ဝိသုံ ဂါမသိမ် မည်ပါသည်။ (ရွာတရွာ နယ်တနယ်ဟု ဖိုင်းခြား အင်္ဂလိပ် အရပ်သည့် ပကတိ ဂါမခေတ် ဂါမသိမ် မည်သည်။)

၅၆- သတ္တဘူအံ့၏ သိမ် တည်ရာ ဌာန နှင့် ပမာဏကို ပြပါ။

(က) နေ့ချင်းပြိန် မရောက် နိုင်အောင် ဝေးကွာသော တောအရပ်သည် သတ္တဘူအံ့၏ သိမ်၏ တည်ရာ ဌာန ဖြစ်ပါသည်။

(ခ) သတ္တဘူအံ့၏ သိမ်၏ ပမာဏကား - သံဃာ တည်ရာ အရပ်မှ ပတ်ပတ်လည် အဘူအံ့၏ ခုနစ်ခုသည် သတ္တဘူအံ့၏ ပမာဏ ဖြစ်ပါသည်။

(အဘူအံ့၏ တခုလျှင် နှစ်ဆဲ့ ရှစ်တောင် ရှိ၏- ခုနစ် ခုသော အဘူအံ့ရကား ၂၀×၇=၁၄၀ တောင် ဖြစ်၏၊ ထုတ်ချင်းပေါက် တဆဲ့လေး အဘူအံ့၏ ဖြစ်၍ ၂၀ × ၁၄ = ၂၈၂ တောင် ကျယ်၏။)

၅၇- ဥဒကုက္ခေပ သိမ်သည် အဘယ်၌ တည်သနည်း? ၎င်း၏ အကျယ် အဝန်းကား မည်မျှ ရှိသနည်း?

(က) မြစ်, သမုဒ္ဒရာ, ထုံးအိုင်တို့သည် ဥဒကုက္ခေပ သိမ်၏ တည်ရာ ဌာန ဖြစ်ကြပါသည်။

(ခ) ၎င်း ဥဒကုက္ခေပ သိမ်၏ အကျယ် ပမာဏ ကား ရေတကျ သဲတကျ ရေတပစ် သဲတပစ် ပမာဏ ရှိပါသည်။

၈- ဥဒကုက္ခေပ လောက်သော နှဒ်ိ လက္ခဏာကို ဖြေပါ။
(၁) ရိုစင်း လေးလ ရေတည်သည် ဖြစ်စေ၊
(၂) ခြေသလုံး တပတ်ခန့် ရှိသည် ဖြစ်စေ။
(၃) အယဉ် မဖြတ် စီးဆင်းခြင်း ရှိသည် ဖြစ်စေ
၃ ပါး။

၁၃- ရိုစင်း လေးလ နှဒ်ိ လက္ခဏာ နှင့် အညီ ရေတည်
ဖြိုး နွေအခါ သောင် ပေါ်နေလျှင် မြစ်လော?
ဂါမလော? ဆုံးဖြတ်ပါ။

(က) ရိုစင်း လေးလ နှဒ်ိ လက္ခဏာ နှင့် အညီ ရေ
တည်ဖြိုး နွေအခါ သောင်ပေါ်လျှင်, ကောက်
ပဲသီးနှံ စိုက်ပျိုးခြင်း, ရေတွင်း ရေကန် တူး
ခြင်းကို လူများက မပြုလုပ်ခဲ့သော် နှဒ်ိ လက္ခ
ဏာမျက် ဥဒကုက္ခေပသိမ်ပင်ဖြစ်ပါသည်။
(ခ) အကယ်၍ ကောက်ပဲ သီးနှံ စိုက်ခြင်း, ရေ
တွင်း ရေကန် တူးခြင်း ပြုခဲ့သော် ဂါမ ခေတ်
၌ အကျုံး ဝင်တော့၏၊ ဂါမသိမ် အဖြစ်ဖြင့်
သာ အသုံး ပြုရတော့၏။

၁၈- သတ္တဘူတိုရ သိမ် ဥဒကုက္ခေပ သိမ် အရာတို့၌
ဥပစာ အာဘယ်မျှ ထားရသနည်း?
သံဃာ ၂ ပါးသည် တပြိုင်ထည်း ယှဉ်၍ ဥဒ
ကုက္ခေပ သိမ် အသီးသီး အနိုးအနား၌ ကံဆောင်

ခဲ့သော် အလယ်၌ ဥဒကုက္ခေပတက္ကက်စာ ဥပစာ ထားရ ပါသည်။

သတ္တဟ်ိုနဲ့ရ ၂ လုံး ယှဉ်ရာ၌လည်း ၎င်းနှည်း အတိုင်း သတ္တဟ်ိုနဲ့ရ တခုစာ ဥပစာ ထားရ ပါသည်။

၆၁- ဥဒကုက္ခေပသိမ် ၂ လုံး အကြား၌ ဥပစာ အတွက် ကွက်လပ် ဥဒကုက္ခေပ တခုစာ အဘဲ့ကြောင့် ထားရသနည်း?

တဖြည်းဖြည်း သံဃာ တိုးလာခဲ့သော် သံဃာ၏ တိုးသလောက် သိမ်လည်း ကျယ်၍ ကျယ်၍ လာ သောကြောင့် သိမသန္ဓေဒ ရောက်မည် စိုး၍ ဥပစာ ကျယ်ကျယ် ထားရပါသည်။

၆၂- ဥဒကုက္ခေပ သိမ်နှင့် စပ်ထုက် ရှိသော တံတားကို ယခုကာလ အဘဲ့ကြောင့် ဖြုတ်၍ ကံဆောင်ကြ သနည်း?

ဥဒကုက္ခေပ သိမ်နှင့် ဂါမသိမ် မစပ်ကောင်းသော ကြောင့် တံတား ဖြုတ်ခါ ကံဆောင်ကြရပါသည်။

၆၃- ပကတတ် ပုဒ်ကို ဝစနတ္ထ ပြု၍ ကောက်ပြပါ။

ပကတော သဘာဝေါ အတ္ထော သိလံ ဇေတသ္မိံ ပကတတ္တာ၊ ပကတိ သိလ ရှိကုန်သော အနုက္ခိတ္တ,

ပါရာဇိက အနုဏ္ဏာပန္နက ရဟန်းတို့ကို ပကတတ် အရ ကောက်ရပါသည်။

ဝိမတိဋ္ဌ - အလဇ္ဇီ ရဟန်းကို ပကတတ် ရဟန်း မဆိုရ; လဇ္ဇီ ရဟန်းကိုသာ ပကတတ် ရဟန်း အရ ကောက်၏။

၆၄- သဘာဂါ ပတ္တိယော၌ သဘာဂ အပြား ဖြစ်၍, ၎င်း အာရုဏ် လိုအပ်သော သဘာဂကို ဖြေပါ။

(၁) ဝတ္ထုသဘာဂ, (၂) အာပတ္တိသဘာဂ ၂ ပါး။ ၎င်း အာရုဏ် ဝတ္ထုသဘာဂ အာပတ်ကို ယူရပါသည်။

၆၅- ဝတ္ထုသဘာဂ အာပတ် ရှိလျက် ဥပုသ် ပြုလျှင် အဘယ် အပြစ် ရှိသနည်း?

ဝတ္ထုသဘာဂ အာပတ် ရှိလျက် ဥပုသ် ပြုလျှင် အာဒီနဝ ဒုက္ကဋ် သင့်၏။

၆၆- ဝတ္ထုသဘာဂ, အာပတ္တိသဘာဂ အာပတ် သင့်ပုံ ဖော်ပြပါ။

(က) ဝိကာလ ဘောဇန အတူ စား၍ သင့်လျှင် ဝတ္ထုသဘာဂ မည်၏။

(ခ) ဝိကာလဘောဇန ပါစိတ် နှင့် သဟသေယျ

ပါဝိတ်တို့သည် ဝတ္ထုကြွေ၍ အာပတ်သာ တည်သောကြောင့် အာပတ္တိသဘာဝ ဖြစ်၏။

၆၇- ဝတ္ထုသဘာဝ အာပတ် သင့်သော ရဟန်းချင်း ဒေသနာ ကြားလျှင် အာပတ် ထ, မထ; အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

(က) ဝတ္ထုသဘာဝ အာပတ် သင့်သော ရဟန်းချင်း ဒေသနာ ကြားလျှင် မူလ အာပတ်မှ ထပါသည်၊ သို့သော်—

(ခ) ဝတ္ထုသဘာဝ အာပတ်ကို ကြားခြင်းကြောင့် ကြားသော ရဟန်းအား ဒုက္ကဋ်; ခံခြင်းကြောင့် ခံသော ရဟန်းလည်း ဒုက္ကဋ် သင့်၏။

၆၈- ဝတ္ထုသဘာဝ အာပတ် ရှိလျက် ဥပုသ် ပြုခဲ့သော် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

(က) ဥပုသ် ကံမှာ အပြစ် မရှိ; ပတ္တကလ္လ ဖြစ်၏၊

(ခ) အာပတ် သင့်လျက် ရှိသော ရဟန်းအား သာ ဒုက္ကဋ် သင့်၏။သမ္မုခာန မုသာဝါဒသာ ဟောတိအာရ သမ္မုခာန မုသာဝါဒ ဒုက္ကဋ် သင့်၏။

၆၉- ယခု ကာလ ဒေသနာ ကြားရာ ရဟန်း ငယ်က အဘဲ့ကြောင့် ၂-ထပ် ကျော့၍ ကြားရသနည်း?

ဝတ္ထုသဘာဝ အာပတ်ကို ကြားမိခဲ့သော် ရဟန်း

ငယ်မှာ ဒုက္ကဋ် သင့်ကျန်ခဲ့သေး၍, ဂုင်းကို နောက်ထပ် ကြားရပါသည်။

၇၀–ဝဇ္ဇနီယ ပုဂ္ဂိုလ် ၂၁-ယောက် ရေတွက် ပြပါ။

လူ နှိ သိက် သာ၊ ရိ သိက္ခာ၊ ပါရာ ဥက္ခိတ်တည်း။
ပဏ် ထေ ပက် ဆန်၊ ပဥ္စာ နန်၊ ဒုဿံ ဥဘောဗျည်း။
ဝဇ္ဇနီယ၊ ထုတ်၍ ပြ၊ ဇေကဝိသတည်း။

၇၁–ကမ္မပတ္တ ရဟန်းများ ဟတ္ထပါသ် တည်ပုံ နှင့် ဝဇ္ဇနီယ ပုဂ္ဂိုလ်များအား ဟတ္ထပါသ်မှ ကြဉ်ပုံ ပမာဏ ပြပါ။

ကမ္မပတ္တ ရဟန်းများ တည်ရာ ဟတ္ထပါသ်ကား တဇတောင့်ထွာ၊
ဝဇ္ဇနီယ ပုဂ္ဂိုလ် များ ကြဉ်ရာ ဟတ္ထပါသ်ကား နှစ်တောင့်ထွာ။

၇၂–ဝဇ္ဇနီယ ပုဂ္ဂိုလ်များကို ဟတ္ထပါသ် မှ မကြဉ်ဘဲ ဥပုသ် ပြုခဲ့သေသ် အဘယ် အကြစ် ရှိသနည်း?

ဥက္ခိတ္တက ပုဂ္ဂိုလ် သုံးမျိုး မကြဉ်ခဲ့သေသ် ပါဖိတ်, ကြွင်း ပုဂ္ဂိုလ် များ မကြဉ်ခဲ့သေသ် ဒုက္ကဋ် သင့်ပါသည်။
ထိမ့် အကြောင်ဘက် အထိ နှင်ထုတ်ရန် မလို။

၇၃—ပတ္တ ကလ္လံ ပုဒ်ကို ဝစနတ္ထ ပြု၍ အရကောက်ပြပါ။

ပတ္တော ကာလော ဇေယ်ယာတိ ပတ္တကာလော၊
ပတ္တ ကာလ မေဝ ပတ္တ ကလ္လံ၊ဥပေါသထ ကံရစေ၊
(ဏျပစ္စည်း သွဒ်း)

၇၄—သိက္ခမာန် နှင့် သာမဏေရဲ အထူး ပြပါ။

(က) ဥတ္တိ ဒုတိယ ကံဖြင့် သမုတ်အပ်ပြီးသည်မှ စ၍ ၂ နှစ်ပတ်လုံး ဝိကာလဘောဇန အဆုံး ရှိသော သိက္ခာပုဒ် ၆ ပါးကို စောင့်ထိန်း နေသောမာတုဂါမသည် သိက္ခမာန်၊

(ခ) သာမဏေ ကဲ့သို့ ၁၀ ပါး သီလ ထိန်းသော မာတုဂါမသည် သာမဏေရဲ။

၇၅—ဂဟဋ္ဌ နှင့် သိက္ခာ ပစ္စက္ခာတက အထူး ပြပါ။

(က) လူ့ အဝတ် အစားနှင့် နေလျှင် ဂဟဋ္ဌ၊

(ခ) သိက္ခာ ချပြီး ရဟန်းဝတ်နှင့် နေလျှင် သိက္ခာ ပစ္စက္ခာတက၊

၇၆—ထေနက ၃ မျိုး ခွဲပြပါ။

(၁) မိမိ ကိုယ်တိုင် သက်နှံး ဝတ်၍ ရဟန်း အသွင် ယူလျှင် လိင်ထေနက၊

(၂) သာမဏေ အစစ်က ရဟန်း ဝါရေတွက်ခြင်း,

ရှိခိုးခံခြင်း, အာမိသ သံဘောဂ,ဓမ္မ သံဘောဂ ပြုခြင်းသည် သံဝါသ ထေနက၊

(၃) ကိုယ်တိုင် သက်နှံး ဝတ်၍ ရဟန်းတို့နှင့် ကံ အတူ ဆောင်ခြင်း ဝါဂေတွက်ခြင်း ရှိခိုးခံခြင်း ပြုခဲ့သော် ဉာဃယထေနက။

၇၇–တိရစ္ဆာန် အရ ကောက်ပြပါ။

ရဟန်း အဖြစ် အပယ် ခံရသော ဆိတ်ကြား, ဖြဟ္မာ, နဂါး, ဂဠုန် အစ ရှိသော သတ္တဝါ များသည် တိရစ္ဆာန် မည်၏။

ဝိမတိဠ–လူဓာတ်မှ ကြွင်းသော သတ္တဝါ အားလုံး ကို ကောက်၏။

၇၈–ဥက္ခိတ္တက ရဟန်း ၃ မျိုး ပြပါ။

မရှ, မကု၊ မစွန့်မှ၊ သုံးခု ဥက္ခိတ္တာ။

၇၉–သံဃာဒိသိသ် တင်းလင်း သင့်နေသော ရဟန်း သည် ဥပုသ်ပြုခဲ့သော် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

(က) သံဃာဒိသိသ်ကို အာဝိကရဏမပြုဘဲ ဥပုသ် ပြုလျှင် ဒုက္ကဋ်။

(ခ) အာဝိကရဏ ပြုပြီးမှ ဥပုသ်ပြုလျှင် အပြစ်မရှိ။

၈၀–အနုမတိယာဒ်ီ မတိသဒ္ဒါ၏ ယူအပ်သော အနက် ကိုပြုပါ။

သောမနဿ သဟဂုတ် မဟာ ကုသိုလ် မဟာ ကြိယာနှင့် ယှဉ်သော သမာဆန္ဒကို မတိ သဒ္ဒါ၏ အနက် အဖြစ်ဖြင့် ယူပါသည်။

၈၁–ပါတိမောက္ခံ ဥဒ္ဒိသိဿာမိဒ်ီ အဘယ် ပါတိမောက် ကို ယူရမည်နည်း?

မနောဝိညာဏ်၏ အာရုံ ဖြစ်သော သုဏာတု မေ အစရှိသော သဒ္ဒါ အစဉ် ဖြစ်သော အာဏာပါတိ မောက်ကို ယူရပါသည်။

၈၂–ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ-လ-အာရာဓနံ ကရောမ ဟူသော ဝါကျသည် ပါဠိ စာအုပ်တို့၌ ရှိကောင်း, မရှိကောင်း ဆုံးဖြတ်ပါ။

ဂုင်း ဝါကျသည် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မလာ၍ မရှိသင့်၊ ခုဒ္ဒသိက္ခာပဒ သာ လာ၏၊ ရှိလျှင် လည်း ကံ မပျက်၍ သင့် ပါသည်။

၈၃–သုဏာတု မေ စသော စကားကို အဘဲ့ကြောင့် ဥတ် ခေါ်သနည်း?

ပိပိ ပြုလုပ် အားထုတ်ရမည့် အလုပ် ကိစ္စကို ရှေးဦး

၌ အသိ အမှတ် ပြုကို့ ပြတတ် သိစေတတ်သော ကြောင့် ဉတ် ခေါ်ပါသည်။

၈၄–သံယက် အပြား ပြု၍ ဤ ဥပသ်ကံသည် အာဘယ် ကံဟု ပြပါ။

(၁) အပလောကနကံ,(၂)ဥတ္တိကံ,
(၃) ဥတ္တိ ဒုတိယကံ, (၄)ဥတ္တိစတုတ္ထကံ-၄ ပါး။
ဤ ဥပသ် ကံသည် ဥတ္တိကံ မည်ပါသည်။

၈၅–သုဏာတု ပုဒ်ကို ဓာတ် ပစ္စည်းခွဲ၍ အနက်ညွှန်းပါ။

သု+ဥဏာ+တု=အာဏာပ္တိ အနက်။

၈၆–သံယော်၌ သံယာ့ သရုပ် ပြု၍ အဓိပ္ပေတတ္ထသံယာ ကိုပြပါ။

(၁) ဒက္ခိဏေယျ သံယာ, (၂) သမ္မုတိသံယာ-
၂ မျိုး၊ သံယော အရ သမ္မုတိ သံယာကို ယူရပါ သည်။

(မှတ်ချက်။ ။သမ္မုတိယာ စတုဝဂ္ဂါဒိဒီနုယပညတ္တိယာ သိဒ္ဓါ သံယော=သမ္မုတိသံယော (မဇ္ဈိမသေဋီ) ပုဆုတန် အရိယာ သံယာ အားလုံး ခုဏ်။)

၈၇–အစ္ဆေ့ပေါသဆေးဒ္ဓ ဥပေါသထ ဘေဒကို ပြ၍, ဤဒ္ဓ ယူအပ်သော ဥပေါသထကို သွန်ပြပါ။

(က) ကာရုက ပုဂ္ဂိုလ်အားဖြင့်–သံဃ, ဂဏ, ပုဂ္ဂ လ–၃ ပါး၊

(ခ) ကာတဗ္ဗာကာရအားဖြင့်–သုတ္တန္တေဿ, ပါရိ သုဒ္ဓိ, အဓိဋ္ဌာန်-၃ ပါး၊

(ဂ) နေ့ရက်အားဖြင့်–စာတုဒ္ဒသိ, ပန္နရသိ, သာ မဂ္ဂိ-၃ ပါး။

ဤဒ္ဓ ပန္နရသောကို ထောက်၍ ပန္နရသိ ဥပုသ် နေ့ကို ယူပါသည်။

ဥပဝသန္တိ ဇေဋ္ဌာတိ ဥပေါသထော-နေ့ရဲ့စေ။

၈၈–တန်ခူးစ် ရက်ပေါင်း ၃၆၀ အနက် ရသင့်သော စာ တုဒ္ဒသိ, ပန္နရသိ, သာမဂ္ဂိ ဥပုသ် နေ့တို့ကို ပကတိ စာရိတ္တအားဖြင့် ပြပါ။

(က) စာတုဒ္ဒသိ ဥပုသ် ၆ ရက်၊

(ခ) ပန္နရသိ ဥပုသ် ၁၀ ရက်၊

(ဂ) သာမဂ္ဂိ ဥပုသ် ၃၃၆ ရက် ရပါသည်။

၈၉–သာမဂ္ဂိ ဥပုသ်နေ့ ဟူသည် အဘယ် နေ့မျိုးနည်း?

ကောသမ္ဗီ ရဟန်းတို့ ကဲ့သို့ တကွဲ တခြားစီ ကွဲ ပြား ပြီးသော သံဃာများ ပြန်၍ ညီညွတ်ရာ နေ့ သည် သာမဂ္ဂိ ဥပုသ် နေ့ မည်ပါသည်။

၉၀–တန်ခိုး အတွင်း ပကတိစာရိတ္တ ပဝါရဏာ ဘယ် နှစ်ရက် ရသနည်း?

(၁) သိတင်းကျွတ်လ ပြည့်နေ့ တရက်၊
(၂) သိတင်းကျွတ် လကွယ်နေ့ တရက်၊
(၃) တန်ဆောင်မုန်းလပြည့်နေ့ တရက်။ ၃-ရက်။

၉၁–သာမဂ္ဂီ ပဝါရဏာ နေ့ကို ရေတွက်ပြပါ။

သိတင်းကျွတ် လပြည့်နေ့မှ တန်ဆောင်မုန်း လ ပြည့်နေ့ အထိ ရက်ပေါင်း ၃၀ အတွင်း ပကတိ စာရိတ္တ ပဝါရဏာ ၃ ရက်မှ ကြွင်းသော ၂၇ ရက်သည် သာမဂ္ဂီ ပဝါရဏာနေ့ မည်ပါသည်။

၉၂–ဂဏဥပုသ် ပြုနည်း အမျိုးမျိုး ပြပါ။

(က) ၂ ပါး ပြုလျှင် ဥတ် မထားရဘဲ ပါဌိသဒ္ဒိ ပြု၊
(ခ) ၃ ပါး ပြုလျှင် ဥတ် ထား၍ ပြုရ၏၊

ဥတ်ထားပုံ–သုဘာန္တု၊ မေ အာယသ္မန္တာ အန္တရာပေါ သထော ပန္နရသော (စာတုဒ္ဒသီ) ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ; မယံ အာဥမဥံ ပါဌိသဒ္ဒိဥပေါသထံ ကရေယျာမ။

၉၃–ပန္နရသော ပုဒ်ဖြင့် ယူအပ်, ပယ်အပ်သော ဥပုသ် တို့ကို ပြပါ။

ပန္နရသီ ဥပုသ်နေ့ကိုသာ ယူအပ်ပါသည်၊

စာတုဒ္ဒသီ နှင့် သာမဂ္ဂီ ဥပုသ် နေ့တို့ကို ပယ်အပ်ကုန်၏။

၉၄–ဥပေါသထံ ကရေယျ၌ ယူအပ်, ပယ်အပ်သော ဥပုသ်တို့ကို ဖြေပါ။

သံဃာ့ဥပုသ်ကိုသာ ယူ၍; ဝဏ, ပုဂ္ဂလ ဥပုသ်တို့ကို ပယ်အပ်ကုန်၏။

၉၅–ပါတိမောက္ခံ ဥဒ္ဒိသေယျ၌ ယူအပ်, ပယ်အပ်သော ဥပုသ်ကို ဖြေပါ။

သုတ္တုဒ္ဒေသ ဥပုသ်ကို ယူ၍; ပါရိသုဒ္ဓိ, အဓိဋ္ဌာန် ဥပုသ်ကို ပယ်အပ်၏။

၉၆–ပါတိမောက္ခံ ဥဒ္ဒိသေယျ၌ ပါတိမောက္ခုဒ္ဒေသ အာပြားး ဖြစ်၍, ဤ၌ ယူအပ်သော ပါတိမောက္ခုဒ္ဒေသကိုဖြေပါ။

(က) ၁-ဩဝါဒပါတိမောက္ခုဒ္ဒေသ,
၂-အာဏာပါတိမောက္ခုဒ္ဒေသ-၂ ပါး၊
(ခ) ဤ၌ အာဏာပါတိမောက္ခုဒ္ဒေသကို ယူရပါသည်။

၉၇–အဘယ် ပါတိမောက္ခဖွဲ့သော်ကို အဘယ် ပုဂ္ဂိုလ်များ ဖြဿနည်း?

(က) ဩဝါဒပါတိမောက္ခဖွဲ့သော်ကို ဘုရားများသာ ဖြဿည်း၊

(ခ) အာဏာပါတိမောက္ခဖွဲ့သော်ကို သာဝကများ သာ ဖြဿည်။

၉၈–ဥတ် ငါကျ စကားရပ်ဖြင့် အဘယ် အင်္ဂါကို ဖြသနည်း?

(၁) သံဃာ့ ဥပုသ် ဖြစ်ရခြင်း၊

(၂) သုတ္တုဖွဲ့သော ဥပုသ် ဖြစ်ရခြင်း၊

(၃) ပန္နရသီ ဥပုသ် ဖြစ်ရခြင်း–

၅၂ အင်္ဂါ လက္ခဏာ ၃-ပါးကို ဖြဿပါသည်။

၉၉–ဂဏ ဥပုသ်, ဝါ-ပါရိသုဒ္ဓိ ဥပုသ် ပြုပုံ ဖြဿပါ။

ပရိသုဒ္ဓေါ အဟံ ဘန္တေ, ပရိသုဒ္ဓေါတိ မံ ဓာရေထ၊
ပရိသုဒ္ဓေါ အဟံ အာဝုသော, ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။

အကြိုးက အရင် ဆို; အငယ်က နောက် ဆို။

၁၀၀–ပုဏ္ဏ ဥပုသ်, ဝါ-အဓိဋ္ဌာန် ဥပုသ် ပြုပုံ ဖြဿပါ။

အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ၊
အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ။

၁၀၁–ပဝါရဏာ ၉-မျိုး ရေတွက် ပြပါ။

(က) ကာရက အာဒိုးဖြင့်–သံဃ, ဂဏ, ပုဂ္ဂလ– ၃-ပါး၊

(ခ) ကာတဇ္ဇာကာရအာဒိုးဖြင့်–တေဝါစိက, ဒွေဝါစိက,တေကဝါစိက ၃-ပါး၊

(ဂ) ဒွေအာဒိုးဖြင့်–စာတုဒ္ဒသိ, ပန္နရသိ, သာမဂ္ဂိ- ၃-ပါး။

၁၀၂–ဂဏညုပသိဒ္ဓိ ရဟန်း အရေ အတွက်, ဂဏပဝါရဏာဒ္ဓိ ရဟန်း အရေ အတွက် မည်မျှစိ ရှိရမည် နည်း? ရေတွက် ပြပါ။

(ဂ) ဂဏညုပသိဒ္ဓိ ရဟန်း ၂, ၃ ပါး ရှိရသည်၊

(ဃ) ဂဏပဝါရဏာဒ္ဓိ ရဟန်း ၂, ၃, ၄ ပါး ရှိ ရသည်။

၁၀၃–သံဃာ့ ညုပသ်, သံဃပဝါရဏာဘ်ိုဒ္ဓိ ရဟန်း အ ရေ အတွက် ပြပါ။

(ဂ) သံဃာ့ ညုပသ်မှာ ၄-ပါး, ၄-ပါးထက် အ လွန် ရှိရသည်၊

(ဃ) သံဃပဝါရဏာမှာ ၅- ပါး, ၅- ပါးထက် အလွန် ရှိရသည်။

၁၀၄–ဂဏပဝါရဏာ ဥတ်ထားပုံ ရေးပါ။

သုဏန္တော၊ မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

သုဏန္တော၊ မေ အာယသ္မန္တော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

၃-ပါး ဖြစ်လျှင် ပဌမ အတိုင်း အာယသ္မန္တော ဆို၊
၄ပါး ဖြစ်လျှင် ဒုတိယ အတိုင်း အာယသ္မန္တော ဆို။

၁၀၅–ဂဏပဝါရဏာ ပြုပုံ အသီးအသီး ရေးပြပါ။

၂ ပါး ပြုပုံ-အဟံ အာဝုသော (ဘန္တေ) အာယသ္မန္တံ ပဝါရေမိ-ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပသဒန္တော ပဋိကရိဿာမိ။

၃-ပါး ပြုပုံ-အဟံ အာဝုသော (ဘန္တေ) အာယသ္မန္တေ ပဝါရေမိ- — ဝဒန္တု မံ အာယသ္မန္တော —။
၄ ပါး ပြုပုံ-အဟံ အာဝုသော — — —၊ ဝဒန္တု မံ အာယသ္မန္တော — —။

တပါးမှာ အာ,! ၃ပါး နော်,! သုံးပါးမှာ ဒေါ,! လေးပါး လော!။

၁၀၆–ပဝါရဏာနေ့၌ ဥပုသ် ပြုမည့် ရဟန်းနှင့် ပဝါရဏာ ပြုမည့် ရဟန်းချင်း အရေ အတွက် တူနေခဲ့သော်၎င်း, တဖက်ဖက်က များနေခဲ့သော်၎င်း မည်ကဲ့သို့ ပြုရမည်နည်း?

(က) တူမျှနေခဲ့သော် ပဝါရဏာ ဥတ်သာ ထား၍ ပဝါရဏာ ဂရေးဦးစွာ ပြု; ဥပုသ် ပြုလိုသော ရဟန်းများသည် ဥတ်မထားဘဲ ပါဂိသုဒ္ဓိ ဥပုသ်သာ ပြုရသည်။

(ခ) တဖက်ဖက်က များခဲ့သော် များရာက ဂရေးဦးစွာ ဥတ် ထား၍ ကံပြု ရသည်။

၁၀၇–ပဝါရဏာနေ့၌ တပါးထည်းက ဥပုသ်ရော ပဝါရဏာပါ ကံ ၂ ပါး ပြုထိုက်,မပြုထိုက် ဆုံးဖြတ်ပါ။

(က) ပဝါရဏာ ပြုသော ရဟန်းသည် ဥပုသ် မပြုရ၊

(ခ) ဥပုသ် ပြုသော ရဟန်းသည် ပဝါရဏာ မပြုရ။

ပဝါရဏာနေ့၌ ပဝါရဏာကံက ဥပုသ်ကံထက် အရေးကြီးသည်။

နိဒါန်းဇာတ်သ အမေး အဖြေ။

၁၀၈–သံဃာ ၂၀ ရှိသော ကျောင်းတိုက်၌ ၁၀ ပါး သော ရဟန်းများ ပါတိမောက် ပြဖြိုးမှ နောက်ထပ် ရောက်လာသော သံဃာ ၁၀ ပါးသည် အဘယ် ကဲ့သို့ ပြုရသနည်း?

နောက်ရောက်သော ၁၀ ပါးသည် ပါရိသုဒ္ဓိ ဥပုသ် ပြုရသည်၊ ပါတိမောက် မပြုရတော့ပြီ၊ အကယ်၍ နောက်ထပ် ရောက်သော သံဃာက များလျှင် အားလုံး ပြန် ရပြီ ပါတိမောက် ထပ် ပြုရသည်။

၁၀၉–ဘသိမ်းထည်း၌ တည်သော သံဃာကို ကုန်အောင် မပင့်ဘဲ ပါရိသုဒ္ဓိ ဥပုသ် ပြုခဲ့သော် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

သံဃာ့ကံ မဟုတ်၍ ဝဂ္ဂကံ မဖြစ်, အပြစ် မရှိပါ။

၁၁၀–သံဃာ ၄ ပါး ၄ ပါးထက် အလွန် ရှိပါလျက် သံဃာ့ ဥပုသ် မပြုခဲ့သော် အပြစ် ရှိ, မရှိ ဆုံး ဖြတ်ပါ။

(၁) သံဃာ စုံလျက် သံဃာ့ ဥပုသ် မပြုလျှင် ဒုက္ကဋ် သင့်ပါသည်။

(၂) သို့သော် သံဃာ အချို့ ပါတိမောက် ပြဖြိုးမှ နောက်ထပ် ရောက်လာသော သံဃာများ

မှာ သံဃာပင် စေ့သော်လည်း ပါတိမောက် မပြုလျှင် အပြစ် မရှိ, ပါရိသုဒ္ဓိ ဥပုသ်သာ ဖြူရ၏။

၁၁၁–ပါရိသုဒ္ဓိ ပုဒ်ကို ဝစနတ္ထ ပြု၍ အရကောက်၍ ရုပ်စိရင် ပြပါ။

အာပတ္တိတော ပရိသုဒ္ဓတိတိ ပရိသုဒ္ဓေါ၊ ဘိက္ခု ရ၏။

ပရိသုဒ္ဓဿ ဘာဝေါ ပါရိသုဒ္ဓေါ၊ပရိသုဒ္ဓဘောဝုဏ် ရ၏။

ပရိ+သု၀+တ+ဏ+ဣ= တပစ္စည်း ဝပြု၊ ဓာတ္ထန် ၀ကို ဒပြု၊ ဏ ဝိသမာဒိဟိ ဖြင့် ဘောအနက် ဏ သက်၊ပ၏ အကို အာဝုဒ္ဓိ ပြု၊ ဣထိုလိင် ဧ၀ါတက ဣပစ္စည်းသက် ပြီး၏။

၁၁၂–ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ဝါကျ၏ အနက်သဘော ပြပါ။

ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ ဝါကျနှင့် စပ်လျှင် ဟေတု ဖြစ်၏၊

ငါ ပါတိမောက် ပြမည်; ထို့ကြောင့် ပါရိသုဒ္ဓိကို ဖြောကြပါကုန်, ဟူလို။

သုဏောမ, မနသိကရောမ ဝါကျနှင့် စပ်လျှင် ပဋိညာဏ် စကား ဖြစ်၏။

၁၁၃- နိဒါန်း စ၍ ရွက်ကတည်းက ပါတိမောက် ပြုနေဆဲ ဖြစ်၍ ဥဒ္ဒိသာမိ ဟု ဆိုအပ်လျက် အဘဲကြောင့် ဥဒ္ဒိသိဿာမိ ဆိုရသနည်း?

နိဒါန်း အဆုံးဒွ် ကပ္ပိထ္ထ ပရိသုဒ္ဓါ ၃-ကြိမ် ရွတ်ပြီးမှ အာပတ်ခေတ် ဖြစ်သောကြောင့် အနာဂတ် ဝိဘတ်နှင့် ဆိုပါသည်၊

တနည်း—ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ပဒိုဉ်ကား စကားမျှ ဖြစ်၍, ဝါ-တစိတ် တဒေသ မျှသာ ဖြစ်သေး၍ အနာဂတ် ဝိဘတ်ဖြင့် ဆိုပါသည်။

၁၁၄- သံဃော ဥပေါသထံ ကရေယျ, ပါတိမောက္ခံ ဥဒ္ဒိသေယျ ဟု နာမယောဂ-ဖြင့် ဆိုသကဲ့သို့ ပါတိမောက္ခံ ဥဒ္ဒိသိသတိ ဟု နာမယောဂဖြင့် မဆိုဘဲ အဘဲကြောင့် ဥဒ္ဒိသိဿာမိ ဟု အမှယောဂဖြင့် ဆိုရသနည်း?

ဥဒ္ဒိသိဿာမိ ဆိုငြားသော်လည်း ပါတိမောက် ဖြစ်သော ရုဟန်းသည် သံဃာ့ ကိုယ်စား ဖြစ်၍ သံဃာ၌ အကျုံးဝင်သောကြောင့် သံဃာ ပြုသည် ဟု အနက် သဘော ကျရောက်သဖြင့် ရွေးနောက် စကား ၂-ရပ် အဓိပ္ပါယ် ညီညွတ် စပ်ဟပ်၍ ပါသည်။

၁၁၅–ဥဒ္ဒိသိသာမိ ဆိုခြင်းကြောင့် သုဏောဝထ, မနသိကရောထ ဆိုသင့်ပါလျက် အဘဲကြောင့် သုဏောမ, မနသိကရောမ ဟု ဆိုရပါသနည်း?

ပါတိမောက် ပြဋေသာ ရဟန်းလည်း သံဃာ၌ အကျုံးဝင်သောကြောင့် ဗိမိလည်း နာယူထိုက်သဖြင့် သုဏောမ ဟု အမှတ်ယောဂဖြင့် ဆိုပါသည်၊ ငါ ပြော သလို လုပ်; ငါတော့ လုပ်ချင်မှ လုပ်မည်, မဖြစ်စေရ၊ ငါလဲဘဲ ငါ ပြောတိုင်း လုပ်ပါမည် ဟူလို။

၁၁၆–ဥဒ္ဒိသိသာမိ ဆိုခြင်းကြောင့် သုဏိသာ မ ဟု အနာဂတ် ကာလချင်း တူညီစွာ ဆိုသင့်ပါလျက် အဘဲကြောင့် သုဏောမ ဟု ပစ္စုပ္ပန် ကာလဖြင့် ဆိုရပါသနည်း?

ပါတိမောက် ပြဋေသာ ရဟန်းသည် ပဋိညာဏ် ဝန်ခံခဲ့ မှုသာ ဖြစ်သေး၍ အလုံးစုံ မပြုရသေးသောကြောင့် အနာဂတ် ကာလဖြင့် ဆိုရပါသည်။ သုဏာတို့ နားထောင်သော ပုဂ္ဂိုလ်များမှာ ပြောတိုင်းသော စကားကို နာယူရမည့် ဝတ်တရားသည် ဆိုက်ရောက်နေခဲ့ ဖြစ်၍ သုဏောမ,မနသိကရောမ ဟု ပစ္စုပ္ပန် ကာလဖြင့် ဆိုပါသည်။

၁၁၇–သုဏောမ ဆိုလျှင် ပြီးကောင်း ပါလျက် အဘဲ့ကြောင့် မနုသိကရောမ ကို ထပ်ဆိုရပါသနည်း?

သုဏောမ=နားထောင် ကြပါ ဟူ၍သာ ဆိုလျှင် ငိုက်မြည်း ငေးမော ထွေးတောနေသော ရဟန်းသည်း နားထောင် နေသည့် မည်တော့၏။ ဤကဲ့သို့ စိတ်မပါသော နားထောင်ခြင်း မပြုရ; ယခု ဖော်ထုတ်မေးမြန်း စိစစ် နေသော ဥပဒေ အရ ပိဒိန္ဒ ပြစ်ချက် ဂို, မဂ္ဂိကို သေချာ လေးနက်စွာ နှိုင်းချိန် စဉ်းစား နာကြား မှတ်ယူရမည့် အဖြစ်ကို ပြလို၍ မနုသိကရောမကို ဆိုပါသည်။

အစိတ္တိ သာမဂ္ဂိပ္ပသင်္ဂ နိဝါရဏ ပယောဇနံ-ဟူလို။

၁၁၈–ယာသ သိယာ အာပတ္တိ သော အာဝိကရေယျ ဟူသော ဝါကျကို အဘယ် အကျိုးငှါ ဆိုပါသနည်း? ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ ဟု တိုက်တွန်းခဲ့သည့် အတ်ုင်း ပါရိသုဒ္ဓိ ပြုပုံကို ပြခြင်း အကျိုးငှါ ဆိုပါသည်။

၁၁၉–အာသန္နိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ ဝါကျဖြင့် အဘယ်အနက်သဘောကို ပြုပါသနည်း။?

ပိဒိတို့၏ အာပတ်မှ စင်ကြယ်သည်၏ အဖြစ်တည်း ဟူသော ပါရိသုဒ္ဓိဘောဂုဏ်ကို ပြောကြားပုံ အနက်သဘော ပြုပါသည်။

၁၂၁–ယဿ သိယာ အာပတ္တိဒ္ဒ ယဿ အရ, အာပတ္တိ အရ ပြပါ။

(၁) ယဿ အရ–ထေရ, နဝ, မဇ္ဈိမ ရဟန်းများ ရဏ်။

(၂) အာပတ္တိအရ–အာပတ် ချနှစ် ပုံကို ရဏ်။

၁၂၁–ထေရ, နဝ, မဇ္ဈိမ အရွယ် အစား ခွဲခြား ပြပါ။

(၁) ၁၀ ဝါ ရမှ စ၍ အထက်ကို ထေရ ယူပါသည်၊

(၂) ရဟန်း ဖြစ်သည်မှ စ၍ ငါး၀ါ မရဟိ အတွင်း နဝ၊

(၃) ၅ ဝါ ရမှ စ၍ ၉ ဝါ ရသည် အထိ မဇ္ဈိမ။ ၁၀ ဝါမှ ၁၉ ဝါ အထိ အနုထေရ်၊ ဝါ ၂၀ မှ အထက် မဟာထေရ်။

၁၂၂–အာပတ္တိ အရ အာပတ်ကို ရေတွက် ပြပါ။

ပါ သံ ထု ပါ၊ ဒုက် နှဒ် ပါ၊ သတ္တာ အာပတ္တိ။

၁၂၃–ပါတိမောက်၌ လာသော အာပတ်ကို ပြပါ။

(၁) ပါရာဇိက, (၂) သံဃာဒိသိသ်, (၃) ပါစိတ်,
(၄) ဒုက္ကဋ်, (၅) ပါဋိဒေသနီ-၅ ပုံ။

၁၂၄–အာပတ် ၇ ပုံကို ဒေသနာဂါမိ, ဝုဋ္ဌာနဂါမိ ခွဲပြပါ။
(၁) သံဃာဒိသိသ် အာပတ်သည် ဝုဋ္ဌာနဂါမိ၊
(၂) ကြွင်း အာပတ် ၆ ပုံသည် ဒေသနာဂါမိ၊
ပါရာဇိကာပတ္တိဒေသနာ နာမ ဘိက္ခုဘာဝ ပရိဆ္ဆာဒေါ။

၁၂၅–သော အာဝိကရေယျဖြင့် တိုက်တွန်းချက် အရ ပါတိမောက်ပြနေမှ အာပတ် သင့်မှန်း သိလျှင် အာဘယ်ကဲ့သို့ ပြုရမည်နည်း?
အာပတ် သင့်မှန်း သိလျှင် အနီးဌိ ဂိုဟိသော ရဟန်း အား ဝတ္ထုကို ဖြစ်စေ, အာပတ်ကို ဖြစ်စေ ပြော ကြား ထားရ၏။

၁၂၆–အာပတ် သင့်ခြင်း အကြောင်း ၆ ပါး ရှေးပါ။
(၁) အလဇ္ဇီတာ, (၂) အညာဏတာ, (၃)ကုက္ကုစ္စ ပကတတာ, (၄) အကပ္ပိယေ ကပ္ပိယသညိတာ, (၅) ကပ္ပိယေ အကပ္ပိယသညိတာ, (၆) သတိ သမ္မောသာ–၆ ပါး။

၁၂၇–ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ အရ ပိပဲ ဌိ အာပတ်စင်ကြယ်သည့် အဖြစ်ကို အာဘယ်ကဲ့သို့ ပြောကြားရမည်နည်း?
တုဏှီ ဘဝိတဗ္ဗံ ဆိုခြင်းကြောင့် ဆိတ်ဆိတ် နေ လျှင် ကြားသည် မည်၏။

၁၂၈-အာသန္နိယာ အာပတ္တိယာ တုဏ္ဍိဘဝိတပ္ပံကို စာစပ် ဖြာပါ။

အာပတ္တိယာကား အာသန္နိယာ၌ လက္ခဏာ ဝန်း, လက္ခဏာ၊တုဏ္ဍိကား ဘဝိတပ္ပံ၌ လက္ခဏာ ဝန်း,လက္ခဏာ စပ်လေ။

၁၂၉-တုဏ္ဍိ ဘဝိတပ္ပံဖြင့် အဘယ် သဘောကို ဖြသနည်း?

အကြောင်း ဆိတ်ဆိတ် နေခြင်းကို ဖြသဖြင့် မုနိး ဆ သိအပ်သော အကျိုး ပါရိသုဒ္ဓဘောဂုဏ်ကို ပ လုပစာရအားဖြင့် ဖြသည်။

၁၃၀-တုဏ္ဍိဘာဝေန ခေါ ပန စသော ဝါကျ၌ ခေါ,ပန သဒ္ဒါတို့၏ အနက်ကို ဖြ၍,ဂုဏ်း ဝါကျ၏ အဓိပ္ပါယ်ကို လည်း ဖြပါ။

ခေါသဒ္ဒါ သမ္ဘိဏ္ဍနတ္ထ၊ ပနသဒ္ဒါ လဒ္ဓဂုဏဓောတက။

ပန-ဆိတ်ဆိတ် နေရခြင်း၏ အကျိုးကား ဟု အာနက်ပေး၊

တုဏ္ဍိဘာဝေန ဝိ-ဆိတ်ငြိမ်စွာ နေခြင်းအားဖြင့် လည်း၊အာဝိကရဏ ပြုမှသာ မဟုတ်သေး ဆိတ်ငြိမ်စွာ နေခြင်းအားဖြင့် လည်း အရှင်တို့၏ ပါရိသုဒ္ဓိ အဖြစ်ကို သိရပါသည် ဟူလို။

၁၃၁- ယာဝတတိယံ အနုသာဝိတံ ဟောတိဖြင့် အာဘယ် စကားကို ရည်၍ ဆိုအပ်သနည်း?

တထြာယသ္မဉ္ဇော ပုဆ္ဆာဝိ ကစ္စိတ္ထ ပဂိသုဒ္ဓါ-စသော နိဂုံး ဝါကျကို ရည်ရွယ်၍ ဆိုပါသည်။

၁၃၂- ပုဋ္ဌ သဒ္ဒါ နှင့် ဝေယျာကရဏ ပုဒ်တို့ကို ရုပ်ကျည်း ဓိရင်ပါ။

ပုဋ္ဌ=ပုဆ္ဆ+တ=သဒ္ဒသ္တ သုတ်ဖြင့် ဓာတ္တုနှင့် တက္ခ တကို ဋ္ဌပြုပြီး၏။ဝေယျာကရဏ=ဝိ+အာ+ကရ+ယု=ယုကို အနပြု၊ နကို ဏပြု ဝ၏ ဏ္ဍကို ယပြု ၂-လုံးထပ်၊ အာသို့ ကပ်၊ မာယ္ဍန မာဏမော ဖြင့် ဝနောင် ဇဝဒ္ဓိ လာ ပြီး၏။

၁၃၃- ယထာ ဓေါ ပန ဝါကျနှင့် ဇဝမေဝ ဇဝရူပါယ ဟူသော ၂-ဝါကျ၌ အာဘယ် ဥပမာမျိုး ရသနည်း?

ပုဋ္ဌ နှင့် အနုသာဝိတ တို့၍, ဝေယျာကရဏ နှင့် အာဝိကရဏ မတူသောကြောင့် အာသဒ္ဒိသူ ပမာ။

၁၃၄- ဇဝမေဝ ဇဝရူပါယ စသော ဝါကျကို ဖုံလင်စွာ အနက် ယောဇနာပါ။

ဇဝမေဝ ဇံ တထာ ဇဝရူပါယ ဘိက္ခုပဂိသာယ ဏ္ဍံ ပါတိမောက္ခံ နာမ ပါဂိသုဒ္ဓိဘာဝံ ဝါ ယာဝ

တတိယံ အနုသာဝိတံ ဟောတိ၊ ဇံ အနုသာဝိယ မာနေ သတိ ဇကေသိမာယံ သန္နိပတိတာ ဘိက္ခူ။ သန္တိံ အာပတ္တိံ ပစ္စေကံ အာဝိကရေယျုံ၊ တိ ယော ဇနာ။

ဇဝေမေဝါတိ ဇဝေမေဝ၊ ပုဒ်မဖြတ်ရ တပုဒ်ထည်း မှတ်(မူလဋီကာ)

၁၃၅-အနုသာဝိတံကို ရုပ်ကျည်းစိရင်၍ တပစ္ဆည်း၏ ကာလကို ညွှန်းပါ။

အနု+သ+ဏ+တ=သ၏ အစိတ် ဥကို အာဝပြု ဏလာ ပြီး၏။

တပစ္ဆည်းသည် ပစ္ဆုပ္ပန် ကာလ၌ ဖြစ်၏၊ အတိတ်, အနာဂတ် မဟုတ်။

၁၃၆-ယာဝတတိယံ အနုသာဝိတံ ဝါကျဖြင့် အာဘယ် အနက်သဘောကို ပြသနည်း?

ဂုဏ်းဝါကျဖြင့် ဥပလက္ခဏာ အနက် သဘောကို ပြပါသည်၊ ပြပုံကား—နိဒါန်း အစရှိသော ဥဒ္ဒေသ သည် ၃-ကြိမ် ၃-ခေါက် ဇမေးရိုး ထုံးစံ ရှိ၏၊ ၃ ကြိမ် ဇမေးပြီး အဆုံးမှ အာပဲတ် သင့်၏။

၁၃၇- ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ စသော စကား သည် စာအုပ်တို့၌ တိုက်ရိုက် ရှိသင့် မရှိသင့် ဆုံး ဖြတ်ပါ။

ယာဝတတိယံ အနုသာဝိတံကို ထောက်သဖြင့် မရှိ သင့်ပါ၊ ပါရာဇိကုဒ္ဒေသ စသည်တို့၏ အာဆုံးမှာ သာ ရှိသင့်ပါသည်၊ သို့သော် နိဒါန်း ရှိတ်သော အာ ခါမှာ ထည့်၍ ရှိတ်ရပါသည်။

၁၃၈- သမ္ဗဟုနာ မုသာဝါဒဿ အာဘယ် အာပတ် သင့် သနည်း?

မုသာဝါဒ အင်္ဂါ လက္ခဏာ မပြည့်စုံ၍ ပါစိတ် မသင့်ဘဲ၊ နှိတ်ဝတ်တရား ပျက်ကွက်မှု ဖြစ်၍ ဝတ် ဖွါရေ အကြွေယသမဒ္ဒါန ရှိကွင်း သင့်၏။
သမ္ဗဟုနာ မုသာဝါဒေ ကိ ဟောတိ? ဒုက္ကဋံ ဟော တိ။(မဟာဝ။)

၁၃၉- ပါရာဇိက ကျူးနေသော ရဟန်းသည် မိမိ အာပတ် ကို ထင်စွာ မပြုခဲ့သော် ဒုက္ကဋ် အာပတ် သင့်ပါ သေးသလော?

ဒုက္ကဋ် အာပတ် မသင့်ပါ၊ ရဟန်း အစစ် မဟုတ် တော့သောကြောင့် ဒုက္ကဋံ ဟောတိ အရ သမ္ဗဟု နာ မုသာဝါဒကမ္မပထသာ ထိုက်၏။

၁၄၀- နွံတ်မဖြိုက်, စကားမ ဆိုဘဲ (နွံတ်ပြု၍) ဝါစသိက အားပတ်သို့ ရောက်သော ရဟန်းကား အသူနည်း? (ပရိဝါသေဒမောစနဲ)

ပါတိမောက် ပြဂ္ဂိုဒ္ဒ အာပတ် သင့်လျက် ထင်စွာ မပြုသော ရဟန်းသည် နွံတ်မဖြိုက်ဘဲ ဝါစသိက ဒုက္ကဋ် အာပတ်သို့ ရောက်ပါသည်။

၁၄၁- သရမာနေနဲ ဘိက္ခုနော ဆိုခြင်းကြောင့် အာပတ် သင့်, မသင့် အသေအချာ မသိသော ရဟန်းသည် မည်ကဲ့သို့ ပြုရမည်နည်း?

သင့်, မသင့် ယုံမှား ဂိုသော ရဟန်းသည် အနိုးဂို သော ရဟန်းအား ယုံမှား သံသယ ဂိုကြောင်း ပြောကြားထားရ၏၊ မပြောလျှင် ဒုက္ကဋ် သင့်၏။

၁၄၂-အန္တရာယိက ပုဒ်ကို ဝစနဆ္ဆ ပြုပြီး, အရကောက်, ရုပ်စိရင်ပါ။

အန္တရာ ဝေမဇ္ဈေ အယတိ ပတတိတိ အန္တရာယော၊ အနိဋ္ဌဖလ ရစေ၊ အန္တရပုဗ္ဗ+ က္ကာ, ဇ, အယ ဓာတု+ဏ္ဍပစ္စယော။

ဗျာနမဂ္ဂဖလာနံ အန္တရာယံ ကရောတိတိ အန္တရာ

ယိကော၊ မုသာဝါဒေါ။ ကိကပစ္စည်း ကရောတိ အနက် သက်၊ ကရောတိတဒ္ဓိတ်။

၁၄၃–အာပတ် မှန်သမျှ အန္တရာယိက ဓမ္မဖျည်း မှတ်ရ မည်လော?

အဓိတ္ထက ပဏ္ဏတ္တိဝဇ္ဇ အာပတ်သည် အန္တရာယိက ဓမ္မ မဖြစ်။ သဓိတ္ထက ဝဇ္ဇ အာပတ်များသည် အန္တရာယိက ဓမ္မဖြစ်သည်။

၁၄၄–အာပတ် တင်းလင်းနှင့် သေသော ရဟန်းသည် အဘယ် ဂတိသို့ လားတတ်ပါသနည်း?

သာပတ္တိကော ဘိက္ခဝေ, ဒ္ဝိန္နံ ဂတီနံ အညတရံ ဂတိံ နိဂစ္ဆေယျ-တိရစ္ဆာနယောနိယံ ဝါ ပေတ္တိဝိသယံ ဝါ-အာပတ် တင်းလင်း နှင့် သေသော ရဟန်းသည် အပါယ် လားရ တတ်သည်။ ဇယျ ဝိဘတ်သည် ပရိကပ္ပ အနက်၌ ဖြစ်သောကြောင့်ဂင်း, အာသန္နကံ ဂိုသေး၍ဂင်း တထစ်ချ မမှတ်သင့်။ ယရ ကိုးသော ပါဠိသည် သာရတ္ထ ဆရာ၏ စကား ဖြစ်၏၊ ပါဠိတော်၌ ဘယ်ကျမ်းမှာမှ တိုက် ရိုက် မရှိ။ ပရကြွ။ ဆရာတော် များလည်း ဂင်း စကား၏ ကျမ်းရင်းကို ရှာဆဲပင်၊ ပဠာနန္တရိယ ကမ္မာ ပတ္တိ နိယတာ, သေသာ အနိ ယတာ။
(ပရိဝါ)

၁၄၅–အာဝိကတာ ဟိသ အရ အာဝိကရဏ ပြုပုံ ပြပါ။

(က) ပါရာဇိက သင့်လျှင် လူထွက်၊
(ခ) သံဃာဒိသိသ် သင့်လျှင် ဝတ်စသည် ဆောက် တည်၊
(ဂ) ကြွင်း အာပတ် ငါးပုံကို ဒေသနာကြား။

၁၄၆–ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ အရ နိဒါန်းကို ဘယ်ကဲ့သို့ အကျဉ်း ပြသနည်း။

ယသ သိယာ အာပတ္တိ ဖြင့် ဌာနိ အာပတ်, ဌာန သိက္ခာပဒကို ပေါင်းရုံး ပြသဖြင့် အကျဉ်း ပြသည် မည်ပါ၏။

၁၄၇–နိဒါန်းသည် ပါတိမောက် ဟုတ်, မဟုတ် ဆုံး ဖြတ်ပါ။

နိဒါန်းသည် ဌာနိ အကျိုး အာပတ်ကို ပြသဖြင့် ဌာန အကြောင်း သိက္ခာပဒ တို့သည် အကျုံးဝင်သော ကြောင့် ပါတိမောက် မည်ပါသည်။
ဌာနိမှိ ဥဒ္ဒိသိတေ ဌာနဗ္ဗိ ဥဒ္ဒိဋ္ဌံဝ ဟောတိ ဟူလို။
နော တံကြော။

၁-နိဒါနုဒ္ဒေသော နိဋ္ဌိတော။

J= ပါရာဇိကုဒ္ဒေသ (၁၅၉)

၁- ပဌမပါရာဇိက (၆၇)

၁—ပါရာဇိက ပုဒ်ကို သိက္ခာပဒ, အာပတ္တိ, ပုဂ္ဂလ ၃ မျိုးရအောင် ဝိဂ္ဂဟ ပြုပြုပါ။

(၁) သာသနတော ပရာဇေတိတိ ပါရာဇိကံ= သိက္ခာပဒံ၊

(၂) အစ္ဆာစာရဘိက္ခုံ ပရာဇေတိတိ ပါရာဇိကာ= အာပတ္တိ၊

(၃) သာသနတော ပရာဇိယတိတိ ပါရာဇိကော= ပုဂ္ဂလော။

ပကတတ္တေဟိ မေထုနသေဝနကဘိက္ခု နာသေတဗ္ဗောတိ အတ္ထော။

၂—ပါရာဇိက ၂၄ ပါး ရေတွက် ပြပါ။

ဂုစ်ပါး ပါရာ၊ ဘဗ္ဗာ ရောသွတ်၊ လူဝတ်ထည့်ခဲ့၊ လဖြိ မုဒု၊ ရှေ့ရှ ထိုင်ခဲ့၊ ရတ်ပြန်ခဲ့၊ ၂၄ ပါရာ။

၃—ယော ပန ဘိက္ခု၌ ဘိက္ခု ဂုစ်မျိုး ရေးပါ။

(၁) မေထုနံ ဓမ္မံ သေဝေယျ၊ ပသယှ ဒဠှီ,

(၂) သရဏာဂမနူပသမ္ပဒါ,

(၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ,

(၄) ပဉ္စာဗျာကရဏူပသမ္ပဒါ,

(၁) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏုပသမ္ပဒါ,
(၄) ဒုတေနုပသမ္ပဒါ,
(၇) အဋ္ဌင်္ဂိကုပသမ္ပဒါ,
(၈) ဥတ္တိစတုတ္ထကမ္မုပသမ္ပဒါ။

၄—မေထုနသိက္ခာပုဒ်၌ အဘယ် ရဟန်းမျိုးကို ယူရ မည်နည်း?

၅၊ သိက္ခာပုဒ်၌ ဥတ္တိစတုတ္ထကမ္မုပသမ္ပဒါ ရဟန်း တမျိုးသာ ရပါသည်။

၅—ဘိက္ခုနီ၌ ရဟန်း ဘယ်နှစ်မျိုး, ဘိက္ခုနီ၌ ရဟန်း ဘယ်နှစ်မျိုးစီ ရထိုက်ပါသနည်း?

(၁) အဋ္ဌဂရုဓမ္မ စသော ၃ မျိုးကို ရဟန်း ဒိန်းမ များ၌ ရပါသည်။
(၂) ကြွင်း ၅ မျိုးကို ရဟန်း ယောကျ်ားများ၌ ရ ပါသည်။

၆—ဩဝါဒပဋိဂ္ဂဟဏစသောရဟန်း၄မျိုးထုတ်ပြပါ။

(၁)ဩဝါဒပဋိဂ္ဂဟဏုပသမ္ပဒါ-ရှင်မဟာကဿပ,
(၂)ပဉ္ဉာဝုဏ္ဏကရဏုပသမ္ပဒါ -ရှင် သောပါက,
(၃)အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏုပသမ္ပဒါ-မဟာပဇာပတိ ဂေါတမီ,
(၄)ဒုတေနုပသမ္ပဒါ - အဗုကာသိ ဂဏိကာ။

၇–သရဏဂမနူပသမ္ပဒါကို ဘယ်အခါ အထိ ခွင့် ပြုသနည်း?

သားတော် ရာဟုလာ သာမဏေ ပြုမျိုနိုအထိ ခွင့် ပြုပါသည်။

၈–ဖေဖိအိကွ့် ရဟန်းများ ရလာသော ပရိက္ခရာ ရှစ်ပါး ရေပြပါ။

အိစိဝရဉ္စ ပတ္တောစ,
ဝါသိ သူစိ စ ဗန္ဓနံ၊
ပရိက္ခာရဉ္စ မိဿေတေ,
ယုတ္တယောဂဿ ဘိက္ခုနော။

၉–ဥတ်စိတုထ် ဆိုရာ၌ ဥတ်ကို ရှေးဦးစွာ ရှုတ်ပါ လျက် အဘဲ့ကြောင့် ဥတ်စိတုထ် (ဥတ်လေးကြိမ် မြောက်) ခေါ်သနည်း?

ပန္နိလောမ နည်းအားဖြင့် ကမ္မဝါ ၃ ကြိမ်မှ ပြန်၍ ရေတွက်သော် ဥတ်သည် လေးကြိမ်မြောက် ဖြစ်၍ ဥတ်စိတုထ် ခေါ်ပါသည်။

၁၀–သိက္ခာဘင် ပဉ္စဂ်, သိက္ခာခ္ခ ဆဋ္ဌဂ်ါ အရ ကောက် ပြပါ။

(၁) ဝတ် ဥတ် ကမ္မဝါ၊ သိမ် ပရိသာ၊ ငါးဖြာ သမ္ပတ္တိ၊ (တင်)

(၂) စိတ် ခေတ် ကာလ၊ ပယောဂ၊ ဇာန ပုဂ္ဂ လာ၊ (ခု)

၁၁–ဝဏ္ဏသမ္ပတ္တိ အရ အဘယ် ပုဂ္ဂိုလ်မျိုး ယူရ သနည်း?

ပဏ် ထေ ပက် ဆန်၊ ပဉ္စာနန်၊ ဒုသံ ဥဘောဇျည်း၊
ဇကွေနဝိသ၊ အန္တိမ၊ ထည့်က ဆဲ့သုံးတည်း၊
၎င်း ၁၃ ယောက်မှ ကြွင်းသော အသက် ၂၀ ပြည့်၍ လူဇာတ် ရှိသော ပုဂ္ဂိုလ်သည် ဝဏ္ဏသမ္ပတ္တိ ဖြစ်ပါသည်။

၁၂–ဗျည္ဇနပုဒ္ဓိ ၁၀ ပါး ရေတွက် ပြပါ။

သိထိလံ ဓနိတဉ္စေဝ,
ဒိဃံ ရဿံ ဂရုံ လဟုံ၊
နိဂ္ဂဟိတံ ဝိမုတ္တဉ္စ,
သဗ္ဗန္တဉ္စ ဝဝတ္ထိတံ။

၁၃–ဗျည္ဇနပုဒ္ဓိ ၁၀ ပါးတို့တွင် ကံပျက်ကြောင်း, မပျက် ကြောင်း ရွေးချယ် ပြပါ။

သိ ဓ နိဂ် ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ ကမ္မဝါ၊
ဒိ ရဿ ဂ လံ၊ ဝဝတ် သံ၊ ကံကို မပျက်ရာ။

၁၄–မဏ္ဍိုမဒေသ နှင့် ဓနုပဒေသတို့၌ သံဃာ မည်မျှ ကိမ္မ ရဟန်း ခံနိုင်ကြောင်း အသိုးအသိုး ပြပါ။

(၁) မဏ္ဍိုမဒေသ၌ ၁၀ ပါး ကိမ္မ ရဟန်း ခံနိုင်သည်၊

(၂) ဓနုပဒေသ၌ ၅ ပါး ကိုလျှင် ရဟန်းခံနိုင်သည်။

၁၅–သိက္ခာသာဇီဝသမာပန္နော၌ သိက္ခာ နှင့် သာဇီဝ အထူးကို အရ ကောက်ပြပါ။

(က) သိက္ခာအရ – ပါတိမောက္ခ သံဝရသီလ ရ၏၊

(ခ) သာဇီဝအရ–ပညတ်သိက္ခာပဒ ရ၏။

တနည်း(က) သိက္ခာအရ –ဝိရတိ စသော ကုသလစေ့ မှ ရ၏၊

(ခ) သာဇီဝအရ–မာတိကာ စသည် အပြား ကိုသော ပညတ် ရ၏။

တနည်း(က) သိက္ခာအရ–အာရမ္မကိကစေ့ မှ ရ၊

(ခ) သာဇီဝအရ–အာလမ္ဗိတပ္ပဒေ့ မှ ရ။

တနည်း(က) ကျင့်အပ်သော သဘောသည် သိက္ခာ၊

(ခ) မလွန်ကျူးအပ်သော သဘောသည် သာဇီဝ။

၁၆–သိက္ခာသမာပန္နေ, သာဓိဝသမာပန္နေ ဖြစ်ပုံ ပြပါ။
(၁) စာရိတ္တ ဝါရိတ္တ သိလကို စောင့်ထိန်းသော အားဖြင့် ရဟန်း သန္တာန်၌ ဖြစ်သော အခါ သိက္ခာသမာပန္နေ၊
(၂) စာရိတ္တ ဝါရိတ္တ သိလ ရဟန်း သန္တာန်၌ မဖြစ်သော်လည်း (အိပ်သော အခါ) မလွန်ကျူးသောအားဖြင့် ကျင့်သုံးခြင်းသည် သာဓိဝသမာပန္နေ၊
တနည်း(၁) သိလကို စောင့်ထိန်းခြင်းသည် သိက္ခာသမာပန္နေ၊
(၂) သိက္ခာပုဒ်ကို မလွန်ကျူးခြင်းသည် သာဓိဝသမာပန္နေ။

၁၇–သိက္ခံ အပစ္စက္ခာယ ဆိုလျှင် ပြီးကောင်းပါလျက်, အဘဲကြောင့် ဒုဗ္ဘလျံ အနာဝိကတွာ ဟု ဆိုရပြန်သနည်း?
စကား ပြေပြစ်စေခြင်း, ဝေဝစ် ပရိယာယ်ကို ပြခြင်း, အနက်ကို ဖွင့်ပြခြင်း အကျိုးငှါ ဆိုပါသည်။

၁၈–ဒုဗ္ဘလျာ ဝိကရဏသည့် သိက္ခာ ပစ္စက္ခာန၏ အကြောင်းဖြစ်၍ ဒုဗ္ဘလျံ အနာဝိကတွာ, သိက္ခံ အပစ္စက္ခာယ ဟု အဘဲကြောင့် မဆိုသနည်း?
သိက္ခာ သာဓိဝသမာပန္နော ဟူသော စကား အစဉ် အတိုင်း ဆိုပါသည်။

၁၉–ဒုဗ္ဗလျာဝိကရဏာ ပြိုပုံ သိက္ခာ ချပုံ ရေးပါ။

ဒုဗ္ဗလျ ပြိုပုံ – ယံနူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ = ဘုရား စွန့်ရ ကောင်းလေစွ ! ယံနူနာဟံ ဂိဟိ အာသံ=လူထွက်ရ ကောင်းလေစွ ! ဤသို့ ဆိုရုံမျှဖြင့် သိက္ခာမကျ ; ဒုဗ္ဗလျာဝိကရဏာသာ ဖြစ်၏။

သိက္ခာ ချပုံ–ဗုဒ္ဓံ ပစ္စက္ခာမိ=ဘုရား စွန့်ပါ၏၊ ဂိဟိတိ မံ ဓာရေဟိ=ငါ့ကို လူ မှတ်ပါ၊ သိက္ခာ လည်း ကျ၏ ; ဒုဗ္ဗလျာဝိကရဏာ လည်း ဖြစ်၏။

၂၀–သိက္ခာ ချရာ၌ ဆိုရသော ခေတ်ပုဒ်တို့ကို ရေး ပြပါ။

(က) ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဓမ္မံ....၊ သံဃံ....၊ သိက္ခံ....၊ ဝိနယံ ....၊ ပါတိမောက္ခံ ....၊ ဥဒ္ဒေသံ ....၊ ဥပစ္ဆာယံ ....၊ အာစရိယံ ....၊ သဒ္ဓိဝိဟာရိကံ....၊ အန္တေဝါသိကံ....၊ သမာနုပစ္ဆာယကံ ....၊ သမာနာစရိယကံ ....၊ သဗြဟ္မစာရိံ ....၊

(ခ) ဂိဟိတိ မံ ဓာရေဟိ၊ ဥပါသကော....၊ အာရာမိကော ....၊ သာမဏေရော ....၊ တိဏ္ဏံ ယော ....၊ တိဏ္ဏံယပက္ခနာကော....၊အာသမဏော....၊ အာသက္ခုဏ္ဍံယော....၊

၂၁–သာမဏေရောတိ မံ ဓာရေဟိ ဆိုၗ် သိက္ခာ ချဲ့သော် သာမဏော အစစ် ဖြစ် မဖြစ် ဆုံးဖြတ်ပါ။

ဥဘတောသုဒ္ဓိ သရဏာဂုံ မရှိသောကြောင့် ၎င်း, ဝိနည်း ပရိယာယ်မျှ ဖြစ်သောကြောင့်၎င်း သာမဏော အစစ် မဖြစ်၊ ဗုဒ္ဓံ ပစ္စက္ခာမိ ဆိုရုံမျှဖြင့်, ဘုရားကို ပစ်ပယ်ရာ မကျသကဲ့သို့၎င်း, တိတ္ထိယောတိ မံ ဓာရေဟိ ဆိုခြင်းဖြင့် တိတ္ထိ အစစ် မဖြစ် သကဲ့သို့၎င်းတည်း။

၂၂–ယာဝကာလ ရဟန်း ဘယ်နှစ်မျိုး ရှိကောင်းပါ သနည်း?

ယာဝကာလ ဥတ္တိစတုတ္ထကမ္မဝါစာသမ္ပဒါ တမျိုးသာ ရှိကောင်းသည်။

၂၃–သိက္ခာ ချရာ အာဘယ် ပုဂ္ဂိုလ် ထံမှာ ချကောင်း၍, အာဘယ် ပုဂ္ဂိုလ် ထံမှာ မချကောင်းသနည်း?

(က) မျက်မှောက် ဖြစ်၍ နားလည်သော သူ၏ ထံမှာ ချရပါသည်၊

(ခ) လူရူး, စိတ် မတည့်သော သူ, ဝေဒနာသယ်များ ထံမှာ၎င်း, နတ်, ဖြိဟ္ဒာ, နဂါး စသည်တို့ ထံမှာ၎င်း မချကောင်းပါ။

၂၄–စာရေး၍, လူလွှတ်၍, လက်ဟန် ခြေဟန် ပြု၍ ချကောင်းပါသလော?

မချကောင်း–မျက်မှောက် နှုတ်ဖြင့်သာ ချကောင်းပါသည်။

၂၅–အနှုမသော တိရစ္ဆာန၀တာဉ်ယ ပိဋ္ဌ အနှုမသော ပုဒ်ကို ၀စနဆုံ ပြု၍ ရုပ်စိရင်၍, ၀ဇ္ဇနီယ တိရစ္ဆာန် နှင့် ဤ တိရစ္ဆာန် အထူး ပြပါ။

(၁) အနှေ့ ဘ၀ေါ အန္တိမော၊ ဘ၀တဒ္ဓိတ် ဣမ ပစ္ဆညိး၊ ဣကို အပြု နာဝိဘတ် သက်၍ သော ပြု ပြီး၏။

(၂) ၀ဇ္ဇနီယ တိရစ္ဆာန်ကား ရဟန်း အဖြစ် အဖြစ် ခံရသော ပုဂ္ဂိုလ်တည်း၊

ဤ တိရစ္ဆာန်ကား တိရစ္ဆာန် ဇာတ် အစစ် ကိုယ်။

၂၆–ပါရာဇိက လောက်သော တိရစ္ဆာန် ပမာဏ ပြပါ။

အပဒါနံ အဟိ မစ္ဆာ,
ဒ္ဝိပဒါနဉ္စ ကုက္ကုဋိ၊
စတုပ္ပဒါနံ မဉ္ဇာဒိ,
၀ဏ္ဏု ပါရာဇိကာသိမာ။

အပဒ — စပါးကြိုး,စပါးအုံး,ငြွေမ,ငါးမ စသည်။
ဒွိပဒ — ကြက်မ, ကျီးမ, ခိုမ စသည်။
စတုပ္ပဒ- ကြောင်မ,ခွေးမ,ငြွေပါမ,ဗွတ်မ စသည်။

၂၇—ပါရာဇိက မလောက်သော တိရစ္ဆာန် အငယ်စား ၌ ဖွဲ့ဝင်သော အာဘယ် အာပတ် သင့်သနည်း?

ပါရာဇိက မလောက်သော နဂ္ဂှင့် အာပတ် သင့်ပါသည်။

၂၈—မဂ် ၃၀ ရေတွက်ပြပါ။

အထိုး အမ၊ ပဏ္ဍာက၊ နွယ ဥဘောဗျည်း၊
ကျင်ကြောင်း ၂ ပါး၊ ခံတွင်းအား၊ ၃ ပါး မဂ် ခေါ်နည်း။
အထိုး၊ အမ၊ ပဏ္ဍာက်၊ ဥဘတောဗျည်း၊ ၄ ဦး။
၂၊ ၃၊ ၂၊ ၃၊ ၁၀ မဂ်။
ဘိလူးနှင့် လူ၊ တိရစ်ကူ၊ သိုးဆူ သိုးဆယ် ပြား။

၂၉—နား မျက်စိ နှာခေါင်း စသည်၌၎င်း, လက် ခြေ ချိုင်း ပေါင်ကြား စသည်၌၎င်း ဖွဲ့ဝလျှင် အာဘယ် အာပတ် သင့်သနည်း?

(၁) နား မျက်စေ့ နှာခေါင်း စသည်၌ ထုလွှစွဲဉီး၊
(၂) လက် ခြေ ချိုင်း ပေါင်ကြား စသည်၌ နဂ္ဂှင့်။

၃၀–အသေကောင်၌ မှီဝဲလျှင် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

(က) ညှိမဲ့ ပုပ်ပွဖြင်း မရှိသေးသော အသေကောင်၏ ထက်ဝက် အထိ မပျက်စီးသေးသော မဂ်၌ မှီဝဲလျှင် ပါရာဇိက၊

(ခ) ညှိမဲ့ ပုပ်ပွဖြင်း မရှိသေးသော အသေကောင်၏ ထက်ဝက် ထက်ဝက် ထက် ငဲ့၍ ပျက်စီးသော မဂ်၌ မှီဝဲလျှင် ထုလွန်စွယ်၊

(ဂ) ပွင့်ဟနေသော ခံတွင်း စသည်၌ဂုဏ်း(အသားချင်း မထိအောင် သွင်းခြင်း) ညှိမဲ့ ပုပ်ပွနေသော အသေကောင်၌ဂုဏ်း မှီဝဲလျှင် ဒုက္ကဋ်။

၃၁–သိက္ခာပုဒ် ကျူးလွန်သော်လည်း အာပတ် မသင့်သော ရဟန်းများ ဖြစ်ပါ။

(၁) အာဒိကမ္မိက– သိက္ခာပုဒ်ကို ရှေးဦးစွာ ကျူးလွန်မိသူ၊

(၂) အဇာနန္တ–အိပ်ပျော်ခြင်း စသည်ကြောင့် မသိသူ၊

(၃) အသာဒိယန္တ–ရဟန္တာဝများ ကဲ့သို့ သာယာစိတ် မရှိသူ၊

(၄) ညမ္မတ္တက – ဖျော့နှင့် ဒီး, မစင်နှင့် စနှိက်ကူး မသိအောင် ရူးသူ၊

(၅) ဒိတ္တစိတ္တ – စိတ် ပြန့်လွင့်သူ၊

(၆) ဝေဒနဋ္ဌ - ဘာမှန်းမှ မသိအောင် ဝေဒနာ ပြင်းစွာ ခံစားနေရသူ။

၃၂-ပိပိ အင်္ဂါဒွိ အဝတ် စသည် ပတ်၍ဂုင်း, မာတုဂါမ အင်္ဂါဒွိ အဝတ် စသည် ခွ၍ဂုင်း မှီဝဲလျှင် အပြစ် ရှိ, မရှိ ပြပါ။

အဝတ် စသည် ပတ်ခြင်း, ခွခြင်းသည် အကြောင်း မဟုတ်ပေ၊ နှမ်းတလုံးခန့် မှီဝဲ သွတ်သွင်း မိလျှင် ပါရာဇိက သင့်၏။

၃၃--အသံပါသော ပုဒ်ကို ဝစနဏ ပြု၍ သံဝါသ အရ ကောက်ပြပါ။

သဟ ဝသန္တိ ဧတ္ထောတိ သံဝါသော=
ကုဋုဋ္ဌေသ, ဂေကဓ္မ, သမသိက္ခတာ, သံဝါသ ၃ ပါး ရ၏။
နတ္ထိ သံဝါသော ဧတေနာတိ အသံဝါသော = ပါရာဇိက ကျသော ရဟန်း ရ။

၃၄-ယာဝကာလ သိမ် အတူ မဝင်နိုင်, ဆွမ်း အတူ မစားနိုင် ဟု ပယ်ခြင်းသည် အပြစ် ရှိ, မရှိ ဆုံး ဖြတ်ပါ။

ဥက္ခိတ္တက ရဟန်း ပါရာဇိက ကျသော ရဟန်းတို့ နှင့် သာလျှင် သံဝါသ မရှိ, ရဟန်း အကောင်းစား

ချင်း မပေါင်းနိုင် ဟု ပယ်ခြင်းသည့် သံဝါသ ပဒိုင်ကွေပ စောဒနာရာ ကျ၍ ဒုက္ကဋ် မလွတ်။

၃၉–သံဝါသ ၃ ပါး အဓိပ္ပါယ်ကို ဖေးပြပါ။

(၁) ဇကုဒ္ဒေသ–အတူ တကွ ဥပုသ် ပြုနိုင်ခြင်း။
(၂) ဇကမ္မ–ကံကြိုး, ကံငယ် အတူ ပြုနိုင်ခြင်း။
(၃) သမသိက္ခတာ–အတူတကွ စာပေ သင်ကြား ဆိုချခြင်း, ဝတ်ပြုခြင်း, ဂါဒိုးခြင်း, ရွာဝင်ခြင်း, စားသောက်နိုင်ခြင်း စသည်တည်း။

၄၀–ပါရာဇိက ကျသော ရဟန်း အကပ် ခံသည်ကို စားအပ်, မအပ်၊ ၎င်းနှင့် အတူ တကွ အိပ်အပ်, မအပ် ဆုံးဖြတ်ပါ။

(၁) ပါရာဇိက ကျသော ရဟန်း အကပ် ခံသည်ကို စားကောင်း၏၊ ၎င်း အကပ် ခံအပ်သော ဝတ္ထုကို ရဟန်း ကောင်းများ သုံးဆောင် အပ်၏။

(၂) ပါရာဇိက ကျသော ရဟန်းနှင့် အတူ အိပ်လျှင် အာပတ် မသင့်။သဟသေယျ သိက္ခာပုဒ် ဖြင့် ပါစိတ် မသင့်။

၃၇–ယခု ကာလ ဝိနည်းနှင့် မလျော်သော ဝတ္ထုပစ္စည်း တခုကို ရဟန်းတပါး သုံးစွဲသည်ကို မြင်လျှင် ဝိနည်းတော်နှင့် မအပ်စပ်, မသင့်လျော်၍ တခြား ရဟန်းက ယူ၍ ဖျက်ဆီးလျှင် အပြစ် ရှိ,မရှိ ပြပါ။

အပြစ် မရှိပါ = ဣဒါနိ ဝိ ယော ဘိက္ခု ဗဟုဿုတော ဝိနယညူ အညံ ဘိက္ခုံ အကပ္ပိယံ ဂဟေတွာ ဝိစရန္တံ ဒိသွာ တံ ဆိန္နာပေယျ ဝါ, ဘိန္နာပေယျ ဝါ အနုပဝဇ္ဇော၊ သော နေဝ စောဒေတဗ္ဗော, သာရေတဗ္ဗော၊ နှ တံ လဘ္ဘာ ဝတ္တုံ–မမ ပရိက္ခာရော တံယာ နာသိတော; တံ မေ ဒေဟီတိ။

၃၈–သိက္ခာပုဒ် ပညတ်ရာ နိဒါန်း ၇ ဌာနကို ပြပါ။

ဝေသာလီ၊ ရာဇဂဟ၊ သာဝတ္ထိ၊
အာဠဝီ၊ ကောသမ္ဗီ၊ သက္က၊ ဘဂ္ဂ၊ ၇ ပါး။

၃၉–အာဒိကမ္မိက ပုဂ္ဂိုလ်ကို ရေတွက် ပြပါ။

(က) ဘိက္ခု ဝိဘင်းခ္မ် ၂၃ +
(ခ) ဘိက္ခုနီ ဝိဘင်းခ္မ် +၇=ပေါင်း ၃၀ ရှိပါသည်။

၄၀–သာဏဘိုက နှင့် အနာဏဘိုက အာပတ် အထူး ပြပါ။

(က) ကိုယ်တိုင် ပြုခြင်း, သူတပါးကို ခိုင်းခြင်း

ကြောင့် သင့်သော အာပတ်သည် သာဏတ္တိက။

(ခ) ကိုယ်တိုင် ပြုစြင်းကြောင့်သာ သင့်သော အာပတ်သည် အနာဏတ္တိက။

၄၁–ပညတ္တိ အပြားး ၉ ပါး ရေတွက် ပြပါ။

(၁) မူလပညတ် (၂) အနုပညတ်
(၃) အနုပဿနပညတ် (၄) သဗ္ဗတ္ထပညတ်
(၅) ပဒေသပညတ် (၆) သာဓာရဏာပညတ်
(၇) အသာဓာရဏာပညတ်
(၈) ဧကတောပညတ် (၉) ဥဘတောပညတ်။

၄၂–အနုပညတ် အပြားး ၃ ပါး ရေးပါ။

(၁) အာပတ္တိကရ အနုပညတ်,
(၂) အနာပတ္တိကရ အနုပညတ်,
(၃) အာပတ္တိ ဥပထမ္ဘက အနုပညတ်–၃ ပါး။

၄၃–အနုပဿန ပညတ်ကို အာဘယ် အခါ, အာဘယ် ပုဂ္ဂိုလ်အား, အာဘယ်ကဲ့သို့ ပညတ်အပ်သနည်း?

အပြစ် မရှိမိ, မိထွေးတော် ဂေါတမီအား ဂရုဓမ္မ ၈ ပါးကို ဝန်ခံစေသော အားဖြင့် ပညတ်အပ်ပါသည်။

၄၄–ပဒေသ ပညတ် ၄ ပါး ရေတွက် ပြပါ။

(၁) ဂဏောန ဥပသမ္ပဒါ = ပဉ္စင်္ဂ သံဃာဖြင့် ရဟန်းခံခြင်း၊

(၂) ဂဏ်ကုပါဟနာ=အထပ်ထပ် ရှိသော ဘိန်ပင်းနှင့် ပြုခြင်း၊

(၃) ဂဝနာနံ=အမြဲ ရောင်းနှင့် ဝိုခြင်း၊

(၄) စမ္မဆ္ဆရဏံ=သားရေ အခင်း ခွင့်ပြုခြင်း။

၄၅–ပဒေသ ပညတ် ၄ ပါးသည် အဘယ် အရပ်၌ အပြစ် ရှိ၍; အဘယ် အရပ်၌ အပြစ် မရှိသနည်း။

မရှိမ ဒေသ၌သာ အပြစ် ရှိ၍; ဓနုပဒ ဒေသ၌ အပြစ် မရှိပါ။

၄၆–ပါတိမောက်၌ လာသော ပဒေသ ပညတ် သိက္ခာပုဒ်ကို ပြပါ။

ဩရေနဒ္ဓမာသံ နှ-နှ ဟာယေယျ သိက္ခာပုဒ်တပါး သာ လာ၏။

၄၇–သင်္ဃထ္ထပညတ္တိ အဓိပ္ပါယ်ကို ရေး၍ ကောက်ပြပါ။

အားလုံးသော အရပ်ဒေသတိုင်း၌ လိုက်နာ အပ်သော ပညတ်သည် သင်္ဃထ္ထ ပညတ် မည်၏၊ ပဒေသ ပညတ်မှ တပါး ကြွင်းသမျှ အားလုံး သင်္ဃထ္ထ ပညတ်ချည်း မည်ပါသည်။

၄၈-သာဓာရဏာ,အသာဓာရဏာ,ဧကတော,ဥဘတော ပညတ်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

(က) (၁) ကျား, မ ၂ ဦးလုံး အတွက် ပညတ်သည် သာဓာရဏာပညတ်၊

(၂) တဦးထည်း အတွက်သာ ပညတ်ချက်သည် အသာဓာရဏာပညတ်၊

(ခ) (၁) ဧကတော ပညတ်သည် အသာဓာရဏာနှင့် တူ၏။

(၂) ဥဘတော ပညတ်သည် သာဓာရဏာနှင့် တူ၏။

၄၉-ဝိပတ္တိ လေးပါး ရေး၍ အာပတ် ၇ ပုံကို ဝိပတ္တိနှင့် ခွဲဝေပြပါ။

(၁) သီလဝိပတ္တိ, (၂) အာစာရဝိပတ္တိ,
(၃) ဒိဋ္ဌိဝိပတ္တိ, (၄) အာဇီဝဝိပတ္တိ၊
(က) ပါရာဇိက, သံဃာဒိသေသ အာပတ် ၂ မျိုး သည် သီလဝိပတ္တိ၊
(ခ) အကြွင်း အာပတ် ၅ ပုံသည် အာစာရဝိပတ္တိ။

၅၀-သမုဋ္ဌာန် ၆ ပါး ရေးပြပါ။

(၁) ကာယ, (၂) ဝါစာ,
(၃) ကာယဝါစာ, (၄) ကာယစိတ္တ,
(၅) ဝါစာစိတ္တ, (၆) ကာယဝါစာစိတ္တ၊

၅၁–သမုဋ္ဌာန် ၆ ပါးကို အစိတ္တက, သစိတ္တက ခွဲပြပါ။
(က) ဧရှေ့ ၃ ပါး အစိတ္တက သမုဋ္ဌာန်,
(ခ) ဧနောက် ၃ ပါး သစိတ္တက သမုဋ္ဌာန်။

၅၂–ကြိယာဘေဒအားဖြင့် အာပတ် ၅ မျိုး ရေးပါ။
၉၀–ဆဲရေးလို၍ ခွင့် မတောင်းဘဲ စောဒနာသော ရဟန်းအား အာဘယ် အာပတ် သင့်ပါသနည်း?
(က) ဆဲရေး လိုသောကြောင့် စောဒနာလျှင် ပါစိတ်သင့်၏။
(ခ) ခွင့် မတောင်းဘဲ စောဒနာလျှင် ဒုက်ခသင့်၏။

နဝမ (၅)

၉၁–ဤ နဝမအညာဘာဂိယ သံဃာဒိသိသ် သိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို အကျဉ်း ရေးပြပါ။
ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ ဘုရားသခင် သိတင်းသုံးတော်မူသော အခါ, ခုနစ်နှစ်သားအရွယ် က ရဟန္တာ ဖြစ်၍ ဒဗ္ဗ အမည် ရှိသော မလ္လမင်းသား ရဟန်း တော်သည်, ဆွမ်းညွှန်း ဘုန်းကြီး (ဆွမ်းစား ကျောင်း ဘုန်းကြီး) ကျောင်းပြင် (ဘဏ္ဍာဂိုး) ဘုန်းကြီး အဖြစ်ဖြင့် ရာထူး ခန့်အပ် ခြင်း ခံတော်မူရ၏။

မေတ္တိယနှင့် ဘုမ္မဇကသည် ရဟန်းကျော် ၂-ပါးသည် အဓိကသံဃာ(သံဃနာ)ဖြစ်ကြ၍ ဘုန်းကံသည်း အာလွန် ညှဉ်ကြကုန်၏၊ (အကျင့် သိလလည်း များစွာမကောင်းကြပေ။)

ဆွမ်းဟင်း အကောင်းစားတို့ဖြင့် သံဃာ ၃-ပါး, ၄ ပါးကို အမြဲ ဆွမ်းကပ်လေ့ ရှိသော ဒါယကာတဦးသည် ဆွမ်းစားကျောင်းဘုန်းကြီး ဦးဒဗ္ဗ ထံသို့ လာ၍ "အဘယ် သံဃာများ ရပါမည်နည်း"? ဟု သံဃာ ပင့်လေ၏၊ "နက်ဖန် မေတ္တိယ နှင့် ဘုမ္မဇကတို့ အလှဲကျနေလို့,သူတို့ဘဲ ကြွကြလိမ့်မည်" ဟု မိန့်လိုက်၏။

နာမည် ကြီးသော မေတ္တိယနှင့် ဘုမ္မဇက ကြွကြလိမ့်မည် ဆိုကတည်းက သဘောမကျလှ၍ အိမ်သို့ ရောက်သော အခါ ကျွန်မအား "နက်ဖန် မေတ္တိယနှင့် ဘုမ္မဇကတို့ ကြွကြလိမ့်မည်; အပြင်ဘက် ကွပ်ပျက် ပေါ်မှ နေရာ ခင်းပြီး တော်အို, လျော်အို ကျွေးလွှတ်လိုက်" ဟု မှာထားလေ၏။ ကျွန်မလည်း မှာသည့် အတိုင်း လုပ်လွှတ် လိုက်၍, မေတ္တိယနှင့် ဘုမ္မဇကတို့သည် ကျောင်းပြန် ထိုင်မိုင်ပြီး "ကိုဒဗ္ဗ ရဲ့ လက်ချက် ဖြစ်မှာပါဘဲ" ဟု စိတ်ညစ်တော်မူနေကြလေ၏။

ထိုအခါ မေတ္တိယ အမည် ရှိသော ဘိက္ခုနီမ တဦးနှင့် ဦးဒဗ္ဗအား မဟုတ် မတရား စွပ်စွဲမှု

အတွက် ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ပညတ်ရ၏။ ပဌမ စွဲချက် ရှိုးသည့် အတွက် အဆုက်ကောင်း ချောင်းနေသော မေထုန်ယနှင့် ဘုမ္မစက တို့သည့်, တနေ့သော အခါ ဂိစ္ဆကုဋ်တောင်မှ အဆင်း ဆိတ် သိုး အဖြူကြီး တကောင်သည့်, ဆိတ်မ တကောင် နှင့် ကျင့်ကြံ နေသော အမှု အရာကို မြင်ကြကုန် သည့် ဂိုသော်"အဆုက်ပေါ်၍ ကော်ပြီ"ဆိုပြီးဆိတ် သိုးကြီးကို ဒဗ္ဗ,ဆိတ်မကလေးကို မေထုန်ယ ဘိက္ခု-ဒိမ ဟု အမည် ပေးကြလျက် 'ဂုဏ်ဒဗ္ဗနှင့် မယ် မေထုန်ယတို့ ဘပ်အပ် တကယ် မဖွယ်မရာ ကျင့် ကြံ နေကြသည်ကို မြင်ခဲ့ရကြောင်း' မကောင်း သ တင်း အဆင့်ဆင့် လွှင့်သဖြင့် ဒု၏ဒုတိယ အညာ ဘာဂိယ သိက္ခာပုဒ်ကို ပညတ်တော် မူခဲ့ရ ပြန်ပေ သည်။

၉၂—အညာဘာဂ,အညာဘာဂိယ ၂-ပုဒ်ကို ဝန္ဓနထု ပြု၍ အရဏကောက်ပြီး အဓိပ္ပါယ် ဂုဏ်းပြပါ။

(၁) အညော ဘာဂေါ အညာဘာဂေါ၊ ဂုဏ် ဒဗ္ဗ၏ လူ့ဇာတ် ဘိက္ခုဘောမှ တပါးသော ဆိတ် ဗိုကြီး၏ တိရစ္ဆာန် ဇာတ် ဆိတ်သိုးဖြူကြီး အဖြစ် (ဆဂလဘာဝ) ကို အညာဘာဂ အရဏကောက်။

(၂) အညဘာဂိယ အရ ရှင် ဒဗ္ဗ၏ ခန္ဓာ ဖြစ်မှ တပါး ဆိတ်သိုး အဖြူကြိုး၏ ခန္ဓာ ဖြစ်ကို ကောက်။

(၃) ဆိတ်သိုးကြိုး၏ အမှု အကျင့်ကို ရှင် ဒဗ္ဗ၏ အမှုအကျင့် ဟု စွပ်စွဲသည်။ဆိတ်မ ကလေး၏ အမှုအကျင့်ကိုမယ် မေတ္တိယ၏ အမှု အကျင့် လုပ်၍ စွပ်စွဲသည်။

၉၃—အဓိကရဏ အရ ဝိဝါဒါဓိကရဏ စသည်ကို ယူရအံ့လော? အဘယ်ကို ယူရမည်နည်း? အရော ဌာန မဟုတ်လျှ၍ ဝိဝါဒါဓိကရဏ စသည်ကို ဤ၌ အဓိကရဏ အရ မကောက်ရ၊ ရှင် ဒဗ္ဗ ကြိုး ဟု အမည် ပြောင်းလဲ ပေးအပ် တပ်ထား သော ဆိတ်သိုးကြိုးကို အဓိကရဏ ဟု ယူ။

၉၄—ဒေသ, လေသ ပုဒ်တို့ကို ဝစနတ္ထ ပြု၍ ကောက် ပြပါ။

(၁) ဒိသတိ အယန္တိ ဝေါဟရိယတီတိ ဒေသော၊
(၂) အညမ်ဖို ဝတ္ထုံ လိသတိ သိလိသတိ ဝေါ ဟာရမတ္တေနေဝ ဤသက် အလ္လိယတီတိ လေ သော။
(၃) ဇာတိ, နာမ စသည်ကို အရ ကောက်။

၉၅—လေသ ၁၀-ပါးကို ရေတွက်ပြပါ။

လေသာ ဇာတိ နာမ ဂေါတ္တ,
လိင်္ဂါ'ပတ္တိ ဝယ ဝိဓာ၊
ပဏ္ဏ စိဝရ'ပဏ္ဍာယာ-
စရိယာ'ဂါသဝသာ ဒသ။

ဇာတိ၊ နာမ၊ ဂေါတ္တ၊ လိင်္ဂ၊ အာပတ္တိ၊
ပဏ္ဏ၊ စိဝရ၊ ဥပဏ္ဍာယ၊ အာစရိယ၊ အာဂါသ၊

ဒသမ (၉)

၉၆—သမဂ္ဂသ သံဃသ အရ သံဃသာမဂ္ဂိ ဖြစ်ပုံ ပြပါ။

(၁) ဟတ္ထပါသ ၊ကပ်တုံက၊ ကာယသာမဂ္ဂိ။
(၂) ဆန္ဒ လာရောက်၊ မျက်မှောက် ဂိုက၊မမြဲစ်က၊ စိတ္တသာမဂ္ဂိ။
(၃) ကိုယ်စိတ် နှစ်ဖြာ၊ ညီညွတ် လာ၊သံဃာသာမဂ္ဂိ။

၉၇—ဘေဒနသံဝတ္တနိကံကို ဝစနတ္ထ ပြု၍ ဘေဒကရ ဝတ္ထု၊ ၁၈-ပါး အရကောက် ပြပါ။

(က) ဘေဒနံ, ဘေဒါပနံ ဝါ ဘေဒနံ၊ သံဃာ ကွဲ ပြားမှု ရစေ၊
ဘေဒနံ သံဝတ္တေတိ ဘေဒန သံဝတ္တနံ;တံ

ယေဝ ဘေဒနသံဝတ္တနိကံ၊ (နိက ပစ္ဆည်း သွတ်)

(ခ) ဘေဒကရ ဝတ္ထု၂ ၁၈-ပါး—

(၁) ဓမ္မဝိနယ ဘာသိတာ'
စိဏ္ဏာ ပညတ္တိကာ ဒုကာ၊
အာပတ္တိ လဟု ဒ္ဝေ၂လ္ဟံ,
သာဝသေသ ဒုကာနိစ။

(၂) ဇောနဒ္ဓာရသ ဘေဒ-
ကရဝတ္ထေ။,တိ ဝုစ္စရေ၊
ဝိပလ္လာသဂဟိတာနိ,
ဝိဝါဒမူလ'ပ နိဿယာ။

၃၈—သံဃဘေဒ အဓိကရဏ နှင့် အညာဘာဂိယ အဓိကရဏတို့၏ အထူးကို ရေးပြပါ။

(၁) သံဃဘေဒ အဓိကရဏကား - ဘေဒကရ ဝတ္ထု၂ ရှိ၏၊

(၂) အညာဘာဂိယ အဓိကရဏကား - ဆိတ်ဖြူကြီး ရှိ၏။

၄၉—ဘေဒါယ ပရက္ကမေယျ အဓိပ္ပါယ် နှင့် အဓိကရဏံ ဝါ သမာဒါယ ပဋိယ် တိဋ္ဌေယျ အဓိပ္ပါယ် အထူး ပြပါ။

(၁) ပရက္ကမေယျ ကား—ဘယ်ပုံ ဂိုဏ်း ခွဲရပါစေ့

နည်း ဟု ကြံစည်၍ အသင်း အစည်း အရုံး တည်ထောင် ဖွဲ့စည်းခြင်း တည်း၊

(၂) ပဂ္ဂယ္ဟ တိဋ္ဌေယျ ကား—ဘေဒကရဝတ္ထု တို့ကို ကျေညာခြင်း,ဝါဒ ဖြန့်ခြင်း ပင်တည်း။

တနည်း—

(၁) ပရဏ္ကမနှ ကား—အကြောင်းရင်း မူလကာရဏာ,

(၂) တိဋ္ဌေယျ ကား—နိုးကပ်သော အာသန္နကာရဏာ အကြောင်း။

၁၀၁—၍ ပရဏ္ကမနှ, သမာဒါန ကိစ္စများ ဆောင်ရွက်သော အခါ၌ အဘယ် အာပတ် သင့်သနည်း?

အားလုံးသော ပယောဂတိုင်း၌ ဒုက် အာပတ် သင့်ပါသည်။

၁၀၂—သံဃာ ကွဲပြားအောင် လုပ်နေသော ရဟန်းကို ဖြင်ပါ, ကြားပါလျက် မဆုံးမဘဲ နေသော ရဟန်း အားဂင်း,သူတပါးအား စေခိုင်း၍ ကိုယ်စား အဆုံးမ ခိုင်းသော ရဟန်းအားဂင်း အဘယ် အာပတ် သင့်ပါ သနည်း?

ဒုက် အာပတ် သင့်ပါသည်။(၂-နည်းလုံး)

(က) ဒိဿာ ဝါ သုတ္တာ ဝါ အဝဒန္တာနံ ဒုက္ကဋံ၊

(ခ) နှုတံ ဝါ ပဏ္ဏံ ဝါ ပေသေတွာ ဝဒတော ဝိ အာပတ္တိတော မောက္ခာ နတ္ထိ။ (ဒုက် အာပတ် သင့်၏)

၁၀၂–အဘယ် အရပ် ဒေသ ပမာဏ အတွင်း အထိ မဆုံးမလျှင် အာပတ် သင့်၍, အဘယ် အရပ် ဒေသ၌ အပြစ် လွတ်သနည်း?

(က) ယူဇနာခွဲ အတွင်း ကြားလျက် မဆုံးမလျှင် ဒုက်၊

သာမန္တာ အဒ္ဓယောဇနေ ဘိက္ခူနံ ဘာဏော၊

(ခ) ယူဇနာခွဲထက် ဝေးသော အရပ်၌ ကြား၍ မဆုံးမလျှင် အပြစ် မရှိပါ၊သို့သော် ကျွန်းမာလျှင် သွား၍ ဆုံးမရန် ဝတ်တရား ရှိ၏။

ပဟောန္တေ ပန ဒူရဂိုဂန္တုံ ; အဂိလာနံ ဟိ ဒူရေဝိ ဘာဏေယျော။

၁၀၃–သမန္တဘာသနကံ ပြုပါလျက် အယူ မစွန့်သော ရဟန်းအား အဘယ် အခါ၌ အဘယ် အာပတ် သင့်သနည်း?

(က) ဥတ်ဖြင့် ဒုက်,

(ခ) ကမ္မဝါစာ နှစ်ကြိမ်ဖြင့် ထုလ် ၂-ချက်,

(ဂ) သောဘာသေယျ၌ ယျ အက္ခရာ ရောက်

သော အခါ ရုက် နှင့် ထုလ် ငြိမ်းပျောက်ပြီး သံဃာဒိသေသ သင့်တော့သည်။

၁၀၄–ရုက် နှင့် ထုလ် ငြိမ်းပျောက်ရာ, သင့်ပြီးမှ ငြိမ်းပျောက်သလော ? မသင့်ဘဲ ငြိမ်းပျောက် သလော? ဖြေရှင်းပါ။

(၁) မဟာသုမ ထေရ်က မသင့်ဘဲ ငြိမ်း၏ ဟု ဆို၏၊

(၂) မဟာ ပဒုမ ထေရ်က သင့်ပြီးမှ ငြိမ်း၏ ဟု ဆို၏၊ အာကယ်၍, မသင့်သေးလျှင် ငြိမ်း ပျောက်ရန် မလို ဟု အကြောင်းပြ၏။

ကောဒသမ (၁)

၁၀၅–ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ ဒေဝဒတ်နောက် ပါ သွားကြသော ရဟန်း ၅၀၀ ကို ရည်ရွယ် ဟော ပါထျက် အဘဲ့ကြောင့် ဇကော ဝါ ဒွေ ဝါ တယော ဝါ ဟူ၍သာ ဆိုအပ်ပါသနည်း?

ရဟန်း ၅၀၀ ကို ရည်ရွယ်သည့် မှန်သော်လည်း သမန္နဘာသနကံ ပြုရာ အခါ ၄-ပါး အဝိ တပြိုင်နက်. သံဃာက သံဃာကို ကံ မပြုကောင်းသော ကြောင့် ဇကော ဝါ စသည်ကို ဆိုပါသည်။

(ဥဒ္ဒာဟိကကံ စသည်၌ကား အများ (သံဃာ) ကိုပင် တကြိမ်ထည်း, တပြိုင်ထည်း ပြုကောင်း ပါသည်)

ယာသ္မာ နံ သံဃော သံဃဿ နိဂ္ဂဟာဝသေန ကမ္မံ ကရောတိ;တသ္မာ ဇေကော ဝါ ဒွေ ဝါ တယော ဝါ တိ ဝတ္တုံ၊ ဥဒ္ဒာဟိကာဒိ ကမ္မံ ပန ဗဟူနမ္ပိ ကမ္မံ ကာတုံ ဝဋ္ဋတိ ယေဝ။

ဒုတိယသမ (၂)

၁၀၆–ဥဒ္ဒေသပရိယာပန္နေသု ဆိုရုဝယ် ဥဒ္ဒေသ အရ အဘယ်နည်း?

ဥဒ္ဒေသ အရ-ပါတိမောက္ခုဒ္ဒေသ ငါးပါး၊ဝါ-ပါတိမောက်ကို ယူ။

၁၁၇–သဟဓမ္မိက ပုဒ်ကို ဝစနဆ ပြု၍ အရကောက်ပြီး ပစ္စည်း သက်ပုံ ညွှန်းပါ။

သဟဓမ္မိကေဟိ သိက္ခါတဗ္ဗဋ္ဌေ သဟဓမ္မိကံ၊ သဟဓမ္မိကာနံ ဝါ ဣဒံ သဟဓမ္မိကံ = သိက္ခာပဒ ရစေ၊ ရှေ ဝိဂ္ဂဟ သိက္ခိတဗ္ဗ တဒ္ဓိတ်, နောက် ဝိဂ္ဂဟ ဣဒံ တဒ္ဓိတ်၊ ၂ ပါးလုံးမှ ကိကပစ္စည်း ကြေ၏။

၁၀၉–သဟဓမ္မိက သိဘင်းသံးဘော် ငါးဦး ထုတ်ပြပါ။

ဘိက္ခဝေ သာမဏေရော စ,
ဆိက္ခမာနာ စ ဘိက္ခုနီ၊
သာမဏေရိ'တိ ကထိတာ,
ပဠေ'တေ သဟဓမ္မိကာ။ (အဘိဓာန-၁၀၄)

ဇေရသမ (၂၄)

၁၁၉–နဂရကို ဂါမ, နိဂမတို့တွင် အဘယ်၌ သွင်းအပ် သနည်း?

နဂရမ္ဖိ ဂါမေ အန္တောဂဓမေဝ၊ (ဂါမ၌ သွင်းယူ) တနည်း-
အဝုတ္တသမုစ္စယ ဝါသဒ္ဒါဖြင့် နဂရကို ယူ။

၁၁၀–ကုလဒူသက ပုဒ်ကို ဝစနတ္ထ ပြု၍ အမျိုးအား ဖျက် ဆီးပုံကို ပြပါ။

(၁) မနုဿာနံ သဒ္ဓံ ဝိနာသေန္တော ကုလံ ဒူသေ တီတိ ကုလဒူသကော၊

(၂) သစ်သီး,ပန်း စသည် ပေး၍ ဒါယကာတို့ကို အရောတဝင် ခင်မင် ရောက်မှု ပြုသော ရဟန်းသည်,မိမိလို လက်ဆောင်မထိုး ရိုးရိုး ရဟန်း ကောင်းတို့အား မကြည်ညို တတ်

သံဃာဒိသေသုဒ္ဒေသ အမေး အဖြေ။ ၁၅၉

အောင် ပြုလုပ်ခြင်းသည့် အမျိုးတို့၏ သဒ္ဓါ
တရားကို ဖျက်သည် မည်ပါ၏။

၁၁၁—ကုလဒူသနဝတ္ထု ၈ ပါးကို ရေးပြပါ။

ပွင့်,သီး,မှဲ့, ဖြေဝါး, ပူ,ဖြေ,ဝင်္ဆေ ဒူ ဂျစ်ပြာ။
ပုပ္ပဒါန, ဖလဒါန, ရုက္ခဒါန, မတ္တိကာဒါန,
ဒန္တကဋ္ဌဒါန, ဝေဋ္ဌဒါန, ဝင်္ဆိက, ဇလဘေသနိယ။

၁၁၂—အနေသန ၂၀ ပါး ရေးပါ။

(၁) ဝေဋ္ဌံ ပုပ္ဖံ ဖလံ ပတ္တံ,
ဒန္တကဋ္ဌံ မုခေါဒကံ၊
သိန္နာနံ မတ္တိကံ ရုက္ခံ,
အထော ဝိ စာတုကမျတံ။

(၂) မဂ္ဂသူပျံ ပါရိဘဋ္ဌံ,
ဇလဘေသနိကံ တထာ၊
ဝင်္ဆံ ဒူတံ ပဟိဏာဉ္စ,
ပဒီပိဏ္ဍာဉ္စ ဝတ္ထုကံ။

(၃) ခေတ္တ နက္ခတ္တ ဝိဇ္ဇာ စ,
အင်္ဂဝိဇ္ဇာ ဇိဝိထံ၊
ကပ္ပေ ဇတံ နိသာယ,
ဇကေဝိသတိ' နေသနံ။

၁၁၃–ဂါမ, နိဂမ, နဂရတို့၏ အဓိပ္ပာယ်ကို ပြပါ။

(က) တံတိုင်းနှင့် ဈေး မရှိသော အရပ်သည် ဂါမ၊
(ခ) တံတိုင်း မရှိ,ဈေးသာ ရှိလျှင် နိဂမ၊
(ဂ) တံတိုင်း, ဈေး ၂ ပါးစုံ ရှိလျှင် နဂရ။

တံတိုင်း ဈေးနှာ, မရှိပါ, ရွာသာ မည်လေသေး၊
တံတိုင်း မလုံ, ဈေးသာ စုံ, နိဂုမ် အမည်ပေး၊
တံတိုင်း ရံပြို, ဈေးလည်းစု, မြို ဟု အမည်ပေး။

၁၁၄–ကုလဒူသက ရဟန်းအား အဘယ်ကံ ထိုက် သနည်း?

အာယသ္မာ ခေါ် ကုလဒူသကော အစရှိသော ဝါကျ ဖြင့် ကုလဒူသက ရဟန်းအား ပဗ္ဗာဇနီယကံ ထိုက် ကြောင်း ပြ၏။

၁၁၅–ပဗ္ဗာဇနီယကံအပြု ခံရသော ရဟန်းသည် အာဘယ် ဌာန၌ နေ၍.ရှိ၍၊ အာဘယ ဌာန၌ နေ၍ မရှိ သနည်း?

အကြင် ရွာ, နိဂုမ်း, ကျောင်း၌ ပဗ္ဗာဇနီယ ကံ အပြု ခံရ၏၊ထို ရွာ, နိဂုမ်း, ကျောင်းတို့၌ နေ၍ မရှိ၊ ၎င်း နယ်နိမိတ် အပြင်ဘက် အရပ်မှာသာ နေကောင်း ၏။

၁၁၆–ကုလဒူသန အမှု ပြုခြင်း, ဂင်း အမှုဖြင့် ရသော ပစ္စည်းကို သုံးဆောင် ခြင်းတို့၌ အာဘယ် အာပတ် သင့်သနည်း?

(က) ကုလဒူသန အမှုပြုလျှင် ဒုက်၊

(ခ) ဂင်းဖြင့် ရသော ပစ္စည်း သုံးစွဲလျှင်လည်း ဒုက်။

၁၁၇–မိမိပစ္စည်း, ဘုရား ပစ္စည်း, သံဃိက ပစ္စည်းကို ဒါယကာ, ဒါယိကာမတို့အား ပေးလျှင် အာဘယ် အာပတ် သင့်သနည်း?

(၁) မိမိ ပစ္စည်းကို ပေးလျှင် ဒုက်၊

(၂) ဘုရား,သံဃာတို့ ပစ္စည်းကို အစိုးတရ ကိုယ်ပိုင် အနေပေးလျှင် ထုလ်၊

(၃) ဘုရား, သံဃာတို့ ပစ္စည်းကို အနိုင် ကျင့်၍ ပေးလျှင် ပါရာ။

၁၁၈–ပဌမာပတ္တိကာ ပုဒ်ကို ဝစနဆ ပြု၍ အဓိပ္ပါယ်ဖေါ် ဖြပါ။

(၁) အာပန္နနှံ အာပတ္တိ၊ ပဌမံ အာပတ္တိ ဇေတ သန္တိ ပဌမာပတ္တိကာ၊

(၂) ပဌမံ ဝတ္ထု၊ ဒိတိက္ကမနက္ခဏော ယေဝ အာပန္နိတဗ္ဗာတိ အတ္ထော၊

ရှေးဦး အစ လွန်ကျူးဆဲ ခဏ အာပတ် သင့်
၍ ပဌမာပတ္တိကာ ခေါ်၏။

၁၁၉–ယာဝတတိယကာ ပုဒ်ကို ဝစနဆုံ ပြု၍ ရှင်တွက်
ပြီးလျှင် အဓိပ္ပါယ် ဖော်ပြပါ။

(၁) ယာဝတတိယေ သမနုဘာသနပရိယောသာ
နေ ပဝတ္တာနိ တိ ယာဝတတိယကာ။ ပဝတ္တာနိ
တဒ္ဓိတ် ကိက ပစ္စည်း။

(၂) ယာဝတတိယ+ကိက=ကိကဒ္ဓိတဝေါ;တော
သုဝဒ္ဓိဖြင့် ဣကို အပြု။

(၃) ကမ္မဝါ ၃ ကြိမ် အဆုံးမှ သင့်သော အာပတ်
မျိုးတည်း။

၁၂၀–ကုလဒူသက သိက္ခာပုဒ်၌ ပဏ္ဏမတာ' ယသ္မာ စ
သော ဝါကျကို အာဘယ် သဘောအားဖြင့် ၂ ကြိမ်
ဆိုရပါသနည်း?

(က) ဤ ဝါကျကို ကံပြုထိုက်ကြောင်း ပြသော
အားဖြင့် ဆို၏။

(ခ) နောက် ဝါကျကို ကံပြုသော ရဟန်း၏ အ
ပွင့်းဖြင့် ဆို၏။

သံဃာဒိသေသဒ္ဓေသ အမေး အဖြေ။ ၁၆၃

၁၂၁–ပရိဝါသ ပုဒ်ကို ဝစနတ္ထ ပြု၍ ပရိဝါသ ၃ ပါး ရေးပြပါ။

(က) ဒိဝသ မာသ သံဝစ္ဆရဝသေန ပရိစ္ဆိန္ဒိတ္ဝာ ဝသနံ ပရိဝါသော၊

(ခ) ၁-ပဋိစ္ဆန္နေ ပရိဝါသ,

၂-သုဒ္ဓိကံ ပရိဝါသ,

၃-သမောဓာန ပရိဝါသ-၃ ပါး။

၁၂၂–သုဒ္ဓိကံ ပရိဝါသ် အပြား ဖော်ပြပါ။

(၁) စူဠသုဒ္ဓိကံ,

(၂) မဟာသုဒ္ဓိကံ-၂ ပါး။

၁၂၃–သမောဓာန ပရိဝါသ် အပြား ဖော်ပြပါ။

(၁) ဩဓာန သမောဓာန,

(၂) အန္တိသမောဓာန,

(၃) ဒိသကာ သမောဓာန-၃ ပါး

၁၂၄–ပရိဝါသ် ပျက်ကြောင်း အင်္ဂါ ရေးပါ။

(၁) သဟဝါသ – ပကတတ် ရဟန်းနှင့် တရိုးတရံထည်း အိပ်ခြင်း၊

(၂) ဒိပ္ပဝါသ–ပကတတ် ရဟန်းနှင့် ကွေကွင်းခြင်း၊

(၃) အနာရောစနာ–ဝတ်မကြားဘဲ နေခြင်း။

၁၂၅–သဟဝါသ အရ အဘယ် ဣရိယာပုထ်ကို ယူရသနည်း?

ပကတတ် ရဟန်းတို့နှင့် တဇိုး တရံထည်းခ္ဒ် အတူ အိပ်ခြင်း ဣရိယာပုထ်ကို ယူရပါသည်၊ ကြွင်းသော ဣရိယာပုထ်ကို မယူရပါ။

သဟဝါသော တိ-နာန္ဒပစာရေ ဝိဇ်ကန္ဆန္နေ ဘိက္ခု နာ သဒ္ဓိံ သယနမေဝ အဓိပ္ပေတံ ; နာ သေသဣရိယာပထကပ္ပနံ။

၁၂၆–ဘိက္ခုမာနတ္တ ပုဒ်ကို ဝိဂြိဟ် ဆို၍ အရ ကောက် ပြပါ။

ဘိက္ခူဟိ မာနိတဗ္ဗောတိ ဘိက္ခုမာနနော၊
ဘိက္ခူနံ ဝါ မာနနာပနံ အာရောစနံ ဘိက္ခုမာနနော၊
တဿ ဘာဝေါ ဘိက္ခုမာနတ္တံ။
ရဟန်းတို့အား ၂စ်သိမ့် ကြေနင်စေသော ဝိနည်းကံ ရ၏။

၁၂၇–မာနတ် ပျက်ကြောင်း အင်္ဂါ ရေတွက်ပြပါ။

(၁) သဟဝါသ,
(၂) ဝိပ္ပဝါသ, } ပဌဝါသ် ပျက်ကြောင်း၂ခ်
(၃) အနာရောစန, } တူ၏။
(၄) ဥိနေ ဂဏော စရတ္တ ၄–ပါး။

၁၂၈–ဦးနေ ဂဏော စရတ္တာဒို ဂဏ အရ ဖြေပါ။

ဂဏောတိ–စတုအာဒိ ဘိက္ခုဂဏော, နှ တယော။
ဂဏ အရ ၄-ပါး စသည် ယူ, ၃-ပါး မဟုတ်။

၁၂၉–ပရိဝုဏ္ဏ ပရိဝါသ ပုဒ်ကို ဝစနတ္ထ ပြု၍ အရ ကြားပါ။

(က) ပရိန္တိဒ္ဓိတ္ထာ ဝသိတောတိ ပရိဝုဏ္ဏော=ပရိဝါသ် ရဒ္ဓါ၊

(ခ) ပရိန္တိဒ္ဓိတ္ထာ ဝသနံ ပရိဝါသော=ဝိနယကမ္မ ရုဒေ၊

(ဂ) ပရိဝုဏ္ဏော ပရိဝါသော အနေနာတိ ပရိဝုဏ္ဏ ပရိဝါသော၊

ပရိဝါသ် ဆောက်တည်ပြီးခြင်း ဂိုသော ရဟန်း ရဒ္ဓါ။

၁၃၀–ဆာရတ္တံ ဟု အစ္ဆန္တာ သံယောဂနှင့် ဆိုခြင်းကြောင့် ရက်ခြား,ရက်ဖြတ်၍ မာနတ် ကျင့်ကောင်း,မကျင့်ကောင်း ဆုံးဖြတ်ပါ။

ဆာရတ္တံ ဟု အစ္ဆန္တာ သံယောဂနှင့် ဆိုသော်လည်း ရက်ဒ္ဓါ အရေ အတွက် မယုတ်,မလျော့ စေခြင်းငှါ သာလျှင် ဆိုပါသည်၊ ရက်ခြား, ရက်ဖြတ် ကျင့်ကောင်းသည်သာ။(နော တက္ကော)

၁၃၁—ဂါရယ္ဘာ ဟူသော ပါဠိဖြင့် အဘယ် နည်းအားဖြင့် အဘယ် ပြစ်ချက်ကို ပြသနည်း?

ခုက် အာပတ် သင့်စြင်းငြောင့် ကဲ့ရဲ့အပ်သော အကျိုး ဖြစ်၏၊ ထို့ကြောင့် အကြောင်း ခုက် အာပတ်၏ အပေါ် ၌ အကျိုး ဂါရယ္ဘာ၏ အမည်ကို တင်စား၍ ဗလုပစာ အားဖြင့် ခုက္ကဋ် အာပတ် အပြစ်ကို ပြပါသည်။

၁၃၂—အယံ တတ္ထ သာမိစိ အာရ ဂင်း သာမိစိ ဝတ် ပျက်ကွက်လျှင် အဘယ် အပြစ် ရှိသနည်း?

သာမိစိ ဝတ် ပျက်လျှင် ခုက္ကဋ် သင့်ပါသည်။
၃-သံဃာဒိသေသော နိဋ္ဌိတော။

---

၄ = အနိယတုဒ္ဒေသ (၁၀)

၁—အနိယတုဒ္ဒေသကို အဘယ် အကျိုးငါ ဟောတော်မူသနည်း?

အမှုသည် စုဒိတက ပုဂ္ဂိုလ်က ဝန်ခံမှု သာ ဆုံးဖြတ်အပ်၏ ဟု ပြတော်မူခြင်းငါ အနိယတကို ဟောတော်မူပါသည်။

၂–လဒ္ဓိ,အလဒ္ဓိ ၂–မျိုးလုံး ဝဏ်ခံချက် ရမှ ဝဏ်ခံချက် အတိုင်း ဆုံးဖြတ် ရပါသလော?

(က) ပဋိညာ လဒ္ဓိသု ကတာ=လဒ္ဓိများသာ ပဋိညာဏ်အတိုင်း ဆုံးဖြတ်ရပါသည်။

(ခ) အလဒ္ဓိသေတံ နု ပိဋ္ဌတိ=အလဒ္ဓိများမှာ ပဋိညာဏ်အတိုင်း ဝါ-အမှာသယ် ပြောတိုင်း မဆုံးဖြတ်ရပါ။

၃–အလဒ္ဓိများအား မြင်သလို ကြားသလို မဟုတ်ဘဲ ကွယ်ဝှက်၍ ဖြောင့်ချက် မရလျှင် အာဘယ် ကဲ့သို့ ဆုံးဖြတ်ရမည်နည်း?

ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ,
ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ၊
ဒိဋ္ဌံ ပဋိစ္စ နုပေတိ,
အသုဒ္ဓ ပရိသင်္ကိတော။

ဖြောင့်ချက် မရ ကွယ်ဝှက်နေလျှင် အသုဒ္ဓပရိသင်္ကိတ၊ ဝါ-နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ရပါသည်။

၄–မာတုဂါမ အရ အဘယ်ကို ယူရမည်နည်း?

ကာယသံသဂ္ဂ အတိုင်း မွေးစက စ၍ ယူရပါသည်။

၅–ဇကော ဇကောယ ဆိုခြင်းကြောင့် မာတုဂါမ အများနှင့် နေထိုင်လျှင် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။
တရာပင် ဖြစ်စေကာမူ လျှို့ဝှက်တတ်သောကြောင့် အာပတ် သင့်၏ (တယောက်ချင်း ကဲ့သို့ အပြစ် ရှိသည်ပင်)
ဣတ္ထိနံ ဟိ သတဓိ အနာပတ္တိ နံ ကရောတိ; အညာမညိသာ ဝဇ္ဇပဋိဆ္ဆာဒနတော။

၆–ရဟောအရသရုပ်ပြ၍ အာဘယ်ရဟဟု ဆုံးဖြတ်ပါ။
(က) စက္ခုရဟ,
(ခ) သောတရဟ ၂-မျိုး၊
ဤ၌ ပဋိဆ္ဆန္နေ ဆိုခြင်းကြောင့် စက္ခုရဟကို ယူသည်။

၇–နိသဇ္ဇံ ကပ္ပေယျ အရ ထိုင်နေခြင်း ဣရိယာပုထ် တပါးထည်း ယူရမည်လော?
အိပ်ခြင်း ဣရိယာပုထ်ကိုလည်း ထိုင်ခြင်း၌ သွင်း၍ ဣရိယာပုထ် ၂ ပါးကို ယူပါသည်။
ဇဏ္ဍ စ သယနဓွိ နိသဇ္ဇာယ ဇဝ သင်္ဂဟိတံ။

၈–သဒ္ဓေယျ ဝစသာကို အစိတ်အစိတ် စိဂ္ဂဟ ပြု၍ ကောက်ပါ။

သဒ္ဒဟိတဗ္ဗာတိ သဒ္ဓေယျာ၊

သဒ္ဓေယျာ ဇေဝ ဝါစာ သဒ္ဓေယျ ဝါစာ၊ စကားရ။ သာ အသာ အတ္ထိတိ သဒ္ဓေယျဝစသာ။ အရိယာ ဖြစ်သော ဥပါသိကာမ ကို ရစေ၊ (သ ပစ္စည်း အသတ္ထိ အနက်)

၅၅–ဒုတိယ အနိယတဒ္ဓိ ရဟ အရ အဘယ်နည်း?

(က) နဟေဝ ခေါ ပန ပဋိစ္ဆန်နံ ဟုဒ္ဓါလ္လာဟိ ဝါစာဟိ ဟုဒ္ဓါဂင်း ဟောခြင်းကြောင့် သော တရဟကို သာယူ၊
သောတသ ရဟော ဇာဝ အဓိပ္ပေတော၊ (သာရတ္ထ)

(ခ) ကာယဖြင့် လည်း ဒုဒ္ဓါလ္လ အမှု ပြုနိုင်သော ကြောင့် စက္ခါ,သောတ ရဟ ၂-ပါးလုံး ယူ၊ (ဝိမတိ)

(မှတ်ချက်။ ။သာရတ္ထက ခွဲရေး၊ ဝိမတိက နောက်ရေး ရုပသိဒ္ဓိ နှင့် ချာသဆရာတို့ကဲ့သို့ ကပ်ဖဲ့ လုပ်ကြ၏။)

၁၀–ပဌမအနိယတ သံဃာဒိသေသဆိကွာပုဒ် နှင့် ဒုတိယ အနိယတ သံဃာဒိသေသ ဆိကွာပုဒ် တို့ကို ထုတ်ဖြေပါ။

(၁) ပဌမ အနိယတသံဃာဒိသေသကား ကာယ သံသဂ္ဂ၊

(၂) ဒုတိယ အနိယတ သံဃာဒိသေသသည်ကား
ဒုဋ္ဌုလ္လ။
၄-အနိယတုဒ္ဒေသော်ဋ္ဌကထာ။

---

၅ = ဝိဇ္ဇာဂရုဒ္ဒေသ။
နိဿဋ္ဌိယပါစိတ္တိယ (၁၇၀)
ဒီဝရတ္တ။
ပဒုမ။
၁-သက်နိုး ၉ ထည့် သရုပ် ရေးတွက်ပြပါ။
(၁) သဃ်ာဒိ, (၂) ဥတ္တရာသ,ဂ်
(၃) အန္တရဝါသက, (၄) ဂသိကသာဒိုက,
(၅) နိသီဒန, (၆) ပစ္ဆိဇရဏ,
(၇) ကဏ္ဍုပ္ပဋိစ္ဆာဒိ, (၈) မုခပုဆ္ဆန,
(၉) ပရိက္ခာရစောဠ-၉ ထည့်။
သင်း,ကိုယ်,ခု,ဓိပ်,ျက်,ပရိတ်,နိသိဒ်,ရိစယ်း
အမာ,။

၂-ကထိန် အာနိသင် အကျိုး ငါးပါး ရေးတွက်ပြပါ။
(၁) အနာမန္တစာရ, (၂) အသမာဒါနစာရ,
(၃) ယာဝဒတ္ထစီဝရ, (၄) ဂဏဘောဇန,
(၅) ယော စ တတ္ထ စီဝရုပ္ပါဒ-၅ ပါး။
အနာမန္တ,၊ အသမာဒါ,၊ ယာဝါ, ဂဏ၊ယော
တတ္ထ၊ပဋ္ဌ အာနိသင်။

၃—ကထိန် နုတ်ကြောင်း မာတိကာ ၅၏ပါး ဂရေးပါ။

(၁) ပဏ္ဏမနာမိကာ, (၂)နိဒ္ဒါနာမိကာ,
(၃) သမုဋ္ဌာနာမိကာ, (၄)နာသနာမိကာ,
(၅) သဝနာမိကာ, (၆)အာသာဝဆ္ဆေဒိကာ,
(၇) သိမာတိက္ကမနာမိကာ(၈)သဟဇ္ဇာဂရ-၈ပါး။

ပဏ္ဏမနာမိကနိဒ္ဒါနံ,
သမုဋ္ဌာနဉ္စ နာသနံ၊
သဝနာ အာသာဝဆ္ဆေဒိ,
သိမာ သဟဇ္ဇာဂရဒ္ဒဓိ။

၄—သင်္ကန်းအဓိဋ္ဌာန်တင်ရာ၌ ပယောဂအားဖြင့် ဘယ် နှစ်မျိုးရနိုင်ပါသနည်း?

ကာယပယောဂနှင့် ဝစီပယောဂ ၂မျိုးရပါသည်။

၅—သင်္ကန်း ၉ ထည် တင်သော အခါ အဘယ်အမည် နှင့် အဓိဋ္ဌာန်တင်ရသနည်း? အသီးအသီး ဖြေပါ။

ပရိက္ခာရ၊ စောဠ အသုံး: ကိုးထည်လုံး၊ ရှေးထုံး အစဉ်လာ။

တိစီဝရိက်ကို အမည်ရင်း တို့ိုင်းသော်ငင်း, တိစီဝရိက် အမည်ဖြင့် သော်ငင်း တင်ရ ပါသည်။ အားလုံး ပရိက္ခာရ စောဠ အမည်ဖြင့်လည်း တင်ရပါသည်။

၆—အဓိဋ္ဌာန် လောက်သော တိစိဝရိက် ပမာဏ ပြုပါ။
တိစိဝရိက် အလျားမှာ ၄ တောင် နှင့် တောင်ဆုပ်စိ
အညီ ရှိ၏၊ ကိုယ် နှင့် ဒု အနံမှာ ၃ တောင် နှင့်
တောင်ဆုပ်စိ ရှိရ၏၊ သင်းပိုင်၏ အနံမှာ ၂ တောင်
ရှိရသည်။
ငါးတောင်တောင်ဆုပ်၊ သုံးတောင်ဆုပ်၊ ခုကုဋ်
ကိုယ်ရုံမှာ။ ။အလျား ထိုဟန်၊ နှစ်တောင် နုံ၊
တင်ရန် သင်းပိုင်မှာ။

၇—နှစ်တောင့် ထွာ ဟတ္ထပါသ် အတွင်း၌ ရှိသော
သက်နိုးအဓိဋ္ဌာန် တင်ပုံကို ရေးပါ။
ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊
ဣမံ ဥတ္တရာသင်္ဃံ အဓိဋ္ဌာမိ၊
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ၊ဟုတင်။

၈—ဟတ္ထ ပါသ်ထက် ပိုဝေးသော အရပ်၌ ရှိသော
သက်နိုးကို အဓိဋ္ဌာန် တင်ပုံ ရေးပါ။
ဧတံ သံဃာဋိံ အဓိဋ္ဌာမိ၊
တံ သံဃာဋိံ အဓိဋ္ဌာမိ၊ ဟု တင်။
ဧတောနိ တာနိ ဟု များရာ၌ ဆို ရပါသည်။

၉—အဓိဋ္ဌာန် ကျင်ကြောင်း အင်္ဂါ ရေးပါ။
ပေးစွန့် ဒိုးယူ၊ကျွမ်းဝင်ယူ၊ လူထွက် ချသိကွာ။
သေဆုံး လိင်ပြန်၊ပစ္စုဒ္ဓံ၊ ဂှစ်တန် ကျ ဓိဋ္ဌာ။

သင်း ကိုယ် ရအား၊ပေါက်မှုပွါး၊ကိုးပါးကျကြောင်း လော။

(မှက်ချက်။ ။တိစီဝရိက်မှာ အလျားစွန်း ဘဋ္ဌာအာဘွင်း၊ ကိုယ်ရံ ဒုကုဋ်တိုဋ္ဌ အနံ စွန်းမှ ရှစ်သစ် အတွင်း၊သင်းပိုင်မှာ လေးသစ် အတွင်း လက်သည်းခွံပမာဏမျှ ပေါက်နေလျှင် အဒိဋ္ဌာန်ကျသည်။)

၁၀—ကုတင်, ခေါင်းအုံး, စောင်, ကော်ဇော အစရှိသော ဝတ္ထုပစ္စည်း တို့ကို အဓိဋ္ဌာန် တင်အပ်, မတင်အပ် ဆုံးဖြတ်ပါ။

မဉ္စ ဘိသိ, ဒိဋ္ဌ ဘိသိ, ဒိဗ္ဗောဟနံ, ပါဝါရော,ကောစပေါ တိ ဇေတသု ပန-လ-အဓိဋ္ဌာနကိစ္စံ နတ္ထိ ယေ၀။

ကုတင်, ခေါင်းအုံး, စောင်, ကော်ဇော အစရှိသော ဝတ္ထု ပစ္စည်းတို့ကို အဓိဋ္ဌာန် တင်ရန် မလိုပါ။

၁၁—သေနာသန အာသုံး အဆောင်များကို အဓိဋ္ဌာန် တင်သင့်, မတင်သင့် ဆုံးဖြတ်ပါ။

သေနာသန အာသုံး အဆောင်တို့ကို အဓိဋ္ဌာန် တင်ရန် မလိုပါ။

သေနာသန ပရိက္ခာရဏ္ဍာယ ဒိန္နပစ္စတ္ထရဏော စ အဓိဋ္ဌာနကိစ္စံ နတ္ထိ ယေ၀။

၁၂–နိဒ္ဒါတ စိဝရသို့ နိဒ္ဒါတ အရ, စိဝရ အရ ကောက်ပြပါ။

(က) နိဒ္ဒါတ အရ-နဒ္ဒ, ဝိနဒ္ဒ, ဒဗ္ဗ, စိဝရာသာဉပစ္ဆိန္နေ အားဖြင့် သက်နှံး ဗလိဗောဓ ပြုံးဆုံးမှု ရပါသည်။

(ခ) စိဝရ အရ-တိစိဝရိက်ကို ယူရပါသည်။

၁၃–ဥက္ကတသို့ ကထိနေ ဆိုရာ၌ အဘယ် အကြောင်း အားဖြင့် ကထိန် 'နှုတ်အပ်ပါသနည်း? ရှစ်ပါးသော အကြောင်းအားဖြင့် ကထိန် နှုတ်အပ်ပါသည်။

(ပက္ကမနန္တိကာ စသော အကြောင်း ရှစ်ပါးယူ)

၁၄–ကထိန ကံသည် စတုဝဂ္ဂကရဏီယ စသော ကံ တို့တွင် အဘယ် ကံနည်း? အဘယ်နှစ်ပါး ရှိမှ ပြုကောင်းသနည်း?

စတုဝဂ္ဂ ကရဏီယ ကံ ဖြစ်ပါသည်၊သို့ရာတွင် ခံသော ရဟန်း တပါး, ပေးသော ရဟန်း ၄-ပါး ပေါင်း ၅-ပါး ရှိမှ ပြုရပါသည်။

(မှတ်ချက်။ ။ပေါင်း ငါးပါး ရှိမှ ပြုရသော်သည်း၊ ကံကို ၄-ပါး ကသာ ဆောင်သောကြောင့် စတုဝဂ္ဂ ကရဏီယ ဟု မှတ်)

၁၅၅–ကထိန်ကို သံဃာ ခင်းသလော? ပုဂ္ဂိုလ် ခင်းသလော? အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

သံဃာ ညီညွတ်မှုကို ဆွဲ၍ ပုဂ္ဂိုလ် ပြသော ပါတိမောက်သည့် သံဃာ ပြသည့် မည်သကဲ့သို့, သံဃာ၏ အနုမောဒနာ ပြုချက်ကို အစွဲ ပြု၍ ပုဂ္ဂိုလ် ခင်းအပ်သော ကထိန် ဖြစ်သောကြောင့် သံဃာ ခင်းသည် မည်ပါသည်။

၁၅၆–အတိရေက စီဝရဟူသည် အဘယ်နည်း?

အဓိဋ္ဌာန် ဝိကပ္ပနာ မပြုအပ်သော သက်နှံး, အဓိဋ္ဌာန် ကျသော သက်နှံးသည် အတိရေက စီဝရ မည်ပါသည်။

အဓိဋ္ဌိတဝိကပ္ပိတေသု အပရိယာပန္နတ္တာ အတိရေကစီဝရံ။

၁၅၇–ဓာတ်အားဖြင့် အတိရေက သက်နှံး ၁၂-ထည့်ကို ရေတွက်ပြပါ။

(က) ၁-ခေါမ၊ ၂-ကပ္ပါသိကာ၊ ၃-ကောသေယျ၊ ၄-ကမ္မလ၊ ၅-သာဏ၊ ၆-ဘင်္ဂ–မှလ ၆။

(ခ) ၁-ခုက္ကုလ၊ ၂-ပဋ္ဋိကာပဒူ၊ ၃-သောမာရပဒူ၊ ၄-စိနပဒူ၊ ၅-ဒုကူဋ္ဌ၊ ၆-ဒေဝဒိန္နေ–အနုလောမ–၆။

၁၈–နိသိဒိုင် ၏ ပမာဏကို ပြုပါ။

နှစ်ထွာ ထွာခွဲ၊ မြိတ်ထွာတဲ့၊ လုပ်မြဲ နိသိဒိန်မှာ။
လျှား နံ အမြိတ်
ဘုရား– ၂-ထွာ၊ ၁-ထွာခွဲ၊ ၁-ထွာ
မဇ္ဈိမ –၆ ၊ ၄½ ၊ ၃၊
ပကတိ–၉ ၊ ၆½ ၊ ၄½၊

(တထွာ၏ ထက်ဝက် ၆ သစ် ရှိ၏၊ ၁၂ လက်မ တပေနှုန်းနှင့် မယူရ၊ ရှေးသုံး လက်သစ်ကို သေချာ စွာ မှတ်လေ)

၁၉–အမာလွှမ်း သက်နှံး ပမာဏ ပြုပါ။

လေးနှင့် နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍာ၊ ပြဋိဆို၁၊
ဘုရား၊ မဇ္ဈိမ၊ ပကတိ၊
လျှား+နံ ၊ လျှား+နံ ၊ လျှား+နံ ၊
၄ + ၂ ၊ ၁၂ + ၆ ၊ ၁၀ +၉-ထွာ။

၂၀–ဖိစယ်းရေခံ သက်နှံး ပမာဏ ပြုပါ။

ဘုရား၊ မဇ္ဈိမ၊ ပကတိ၊
လျှား + နံ၊ လျှား + နံ၊ လျှား + နံ၊
၆ + ၂½၊ ၁၀ + ၇½၊ ၂၇ +၁၀½၊

(½သည် ၆ လက်သစ်၊ ½သည် ၉ လက်သစ်ရှိ၏)

၂၁–ပမာဏထက် လွန်သော, ယုတ်သော သင်္ကန်းကို အဘယ် အမည်ဖြင့် အဓိဋ္ဌာန် တင်ရပါသနည်း?
ပမာဏထက် လွန်သော, ယုတ်သော သင်္ကန်းကို ပရိက္ခာရစောဠ တင်သည်။
ဝုတ္တပမာဏတော ပန အတိရေကံ ဥနကဉ္စ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ။

၂၂–တိစီဝရိက်ကို ပရိက္ခာရ စောဠ အမည်နှင့် တင်သော အခါ အဘယ် အကျိုး ရှိသနည်း?
သုခ ပရိဘောဂ အကျိုး ရှိပါသည်၊(ပရိက္ခာရ စောဠ အမည်ဖြင့် တိစီဝရိက်ကို အဓိဋ္ဌာန် တင်လျှင် ပေါက် ပြဲသော်လည်း အဓိဋ္ဌာန် မကျ)

၂၃–ဒသာဟပရမ အရ ဘယ်နှစ် အရုဏ် လွန်မှ သာလျှင် ဒသာဟာတိက္ကန္တ ဖြစ်ပါသနည်း?
သင်္ကန်း ရသော နေ့ဏှ် လင်းပြီးသော အရုဏ်သည် ၎င်းနေ့ဆည်းဆူပင် အကျုံးဝင်သောကြောင့် ၁၁-အရုဏ် ၁၀ ရက်လွန်လျှင် နိဿဂ္ဂိ ဖြစ်ပါသည်။
ကောဒသေ အရုဏ်ဂုဓမနေ နိဿဂ္ဂိယံ ဟောတိ (ပါဠိတော်)

၂၄–နိဿဂ္ဂိယ နှင့် ပါစိတ္တိယ ၂ ပုဒ်ကို စိဂုဟ ပြုပြီး ပါစိတ္တိယပုဒ်၏ ချပ်ပြီးပုံကို ပြပါ။
(က) နိဿဋ္ဌိတဗ္ဗန္တိ နိဿဂ္ဂိယံ=စီဝရံ။

နိဿဇ္ဈနံ ဝါ နိဿဂ္ဂိယံ=ဝိနယကမ္မံ။
နိဿဂ္ဂိယံ အသဿအတ္ထိတိ နိဿဂ္ဂိယံ = အာပတ္တိ။

(ခ) ကုသလစိတ္တံ ပါတေတီတိ ပါစိတ္တိယံ။
(ဂ) ပတ + တ္တိယ =ပတခေတုတော တ္တိယပစ္စယံ ကတွာ ဣကာရာဂမဉ္စ, တကာရဿ စကာရဉ္စ, အာဝုဒ္ဓိံ စ ကတွာ ရူပသိဒ္ဓိ ဝေဒိတဗ္ဗာ။

၂၅–ဒဿာဟာတိက္ကန္တံ သက်ိန်းကို စွန့်ပုံ,ပြန်ပေးပုံ ရေးပါ။

(က) ဣဒံ မေ ဘန္တေ, စိဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ; ဣမာ' ဟံ အာယသ္မတော နိဿဇ္ဈာမိ။ (စွန့်ပုံ)
(ခ) ဣမံ စိဝရံ အာယသ္မတော ဒဒ္မိ။ (ပြန်ပေးပုံ)

၂၆–နိဿဂ္ဂိယ ဝတ္ထုကို မစွန့်ဘဲ သုံးဆောင်လျှင် အဘယ် အာပတ် သင့်ပါသနည်း?

အနိဿဇ္ဇိတွာ ပရိဘုဉ္ဇန်သ ဒုက္ကဋံ၊ ဒုက် ဘင်္။

၂၇–ဝိနည်းကံ အရ စွန့်အပ်သော ဝတ္ထုကို ပြန်မပေးခဲ့သော် အဘယ် အာပတ် သင့်ပါသနည်း?

အဂိဉ် ပေးတာဘဲ ထင်၍ ယူထားလျှင် ဒုက်၊ ဝိနည်း

ကံ အရမှန်း သိလျက် မပေးဘဲ အနှိုင် ကျင့်လျှင် ဘဏ္ဍာ၏ တန်ကြေး လိုက်၍ အာပတ် သင့်၏။ နိဿဋ္ဌဝတ္ထုံ အဒေန္တော ဒုက္ကဋေန ဝါ ဘဏ္ဍဋ္ဌေန ဝါ ကာရေတဗ္ဗော။

၂၈–နိဿဂ္ဂိယ ဝတ္ထုကို တခြား ရဟန်းများ သုံးဆောင်သင့်, မသင့် ဆုံးဖြတ်ပါ။

အညဿ တံ ပရိဘုဉ္ဇတော ဝိ အနာပတ္တိ၊အပ္ပြစ်မရှိ။

၂၉–နိဋ္ဌိတ စီဝရဆို့, ဥဿဋ္ဌတဆို့ ကထိနေ ၂ ပုဒ်တို့ဖြင့် အလိုရှိအပ်သော အနက်ကို ပြပါ။

(က) နိဋ္ဌိတစီဝရဆို့ဖြင့် စီဝရဓလိဗောဓ မရှိခြင်းကို ပြသည်၊

(ခ) ဥဿဋ္ဌတဆို့ကထိနေဖြင့် အာဝါသဓလိဗောဓ မရှိခြင်းကို ပြပါသည်။

ဒုတိယ။

၃၀–ပဌမကထိန သိက္ခာပုဒ် ဘိက္ခုနော နှင့် ဒုတိယကထိန သိက္ခာပုဒ်၏ ဘိက္ခုနော ၂-ပုဒ် အနက်အားဖြင့် အဘယ်ကဲ့သို့ ထူးသနည်း?

(က) ပဌမ ဘိက္ခုနောကား ကရိဏ်း အနက်၊

(ခ) ဒုတိယ ဘိက္ခုနောကား သမ္မဒါန် အနက်။

၃၁–တိစိဝရေန ဆိုခြင်းကြောင့် သက်နိုး သုံးထည်လုံး နှင့် ကင်းမှ အာပတ် သင့်သည် ဟု မှတ်ရမည် လော?

တိစိဝရေန ဆိုသော်လည်း သုံးထည်လုံးနှင့် ကင်းမှ အာပတ် သင့်သည် မဟုတ်; တထည်ထည် နှင့် ကင်းလျှင် လည်း အာပတ် သင့် တော့သည် သာတည်း၊ (ရုက္ခော ဆိန္နော,သမုဒ္ဒေါ မယာ ဒိဋ္ဌောတို့ ကဲ့သို့ ကေဒေသုပစာ ဖြစ်၏)

တိစိဝရာဓိဋ္ဌာန နယေန အဓိဋ္ဌိတော သု သဃ်ာဋိ အာဒိသု ယေန ကေနစိ စိဝရေနာဘိ အဓိပ္ပါယော။

၃၂–ဒုတိယ ကထိန သိက္ခာပုဒ်၌ မူလ,အနု ပညတ် ခွဲပါ။

(က) အညတြ ဘိက္ခု သမ္မုတိယာသည် အနု ပညတ်၊

(ခ) ကြွင်းသော စကားသည် မူလ ပညတ်။

၃၃–ဘိက္ခုသမ္မုတိယာ ပုဒ်ကို ဝစနတ္ထ ပြု၍ အာဘယ် ရဟန်း အစားမျိုးသည် ဘိက္ခုသမ္မုတိ ရနိုင် သနည်း?

(က) ဘိက္ခုနော ဒိန္နော သမ္မုတိ ဘိက္ခုသမ္မုတိ၊ (မဏ္ဍောသောဝိတပ္ပုရိသ်)

သမ္မသနံ သမ္မုတိ; သာ အာသ အတ္ထိတိ သမ္မုတိယော၊

ဘိက္ခု စ သော သမ္မုတိယော စာတိ ဘိက္ခု သမ္မုတိ။ (ဝိသေသန ပရပဒ)
ဤ အလို သမ္မုတိ ပဓာန၊သို့ကို ယာပြု။
နောက် အလို ဘိက္ခု ပဓာန သမ္မုတိယ ပုဒ်
နောင် သို့ကို အာပြု။
(ခ) ဂိလာန ရဟန်းများ သာ သမ္မုတိ ရနိုင်သည်။

၃၄—တိစီဝရိက် နှင့် ညဉ့် ကင်းရာ အချိန်ကို ပြပါ။

တိစီဝရိက်နှင့် အရာဏ် အချိန် ကုန်အောင် ကင်း လျှင် ညဉ့်ကင်းသည် မည်၏၊ (အရာဏ် အချိန် ပဓာန)

၃၅—တိစီဝရိက်နှင့် ညဉ့် ကင်းလု ဆဲဆဲ ဖြစ်လျှင် အာ ပတ် မသင့်အောင် မည်ကဲ့သို့ လုပ်ရမည်နည်း?

ပစ္ဆာဒ္ဒိုရ် မှလည်း ပြု၊ စွန့်မှလည်း စွန့်၊လွတ်၏။
အန္တော အရုဏော ပစ္ဆာဒ္ဒေ့ ပန ပဌမကထိန နေ ဂုတ္တ ဝိဿဇ္ဇိတာဒိဘေဒေ စ အနာပတ္တိ။

၃၆—ဝိနည်း တိစီဝရိက် ဆောင်ခြင်းနှင့် ရုတင် တိစီ ဝရိက် ဆောင်ခြင်း အထူးကို ပြပါ။

(က) ဝိနည်း တိစီဝရိက် ဆောင်လျှင်, ညဉ့် ကင်း သော အခါ အာပတ် သင့်၏၊အပိုသက်နှံးကို

ဝိကပ္ပနာ. ပြု၍ သိမ်းဆည်း ထားခွင့်လည်း ရှိ၏။

(ခ) ရတင် တိစိဝရိက် ဆောင်လျှင် ညဉ့်ကင်း ရာ ဌိအပြစ်မရှိ၊အပိုသက်နှံးသိမ်းဆည်းခွင့်မရ။

၂၇—အဓိဋ္ဌာန် ကျအောင် ပစ္စုဒ္ဓိရ် ပြုနည်း ဂရေးပါ။

ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ စသည် ဆို။

၂၈—အဓိဋ္ဌာန် နှင့် ဝိကပ္ပနာ အထူး ခြားပါ။

(က) အဓိဋ္ဌာန် တင်လျှင် ညဉ့် ကင်းခြင်း, ပေါက် ပြဲခြင်း,ခြ စားခြင်း စသည် မရှိအောင် စောင့် ရှောက်ရ သည်။

(ခ) ဝိကပ္ပနာ ပြုခြင်းသည် ၎င်း တာဝန်မျှား မရှိ ချေ။

သုံးလို,သိမ်းလို,စွန့်လိုလျှင် သဘော အတိုင်း ပြုဖွင့် ရ၏။

တတိယ။

၂၉—တတိယ ကထိန သိက္ခာပုဒ်၌ ဘိက္ခုနော ပုဒ်ကို အ ဘယ်အနက်ယူ၍ အဘယ်ပုဒ်နှင့် စပ်ရမည်နည်း?

ဘိက္ခုနောကို သာမိ အနက်ယူ၍ နိဿိတစီဝရဆွဲ ဝယ် စီဝရ ပုဒ်နှင့် သာမိ, စပ်ရပါသည်။

၄၀—အကာလစီဝရ ပုဒ်ကို ဝစနတ္ထ ပြု၍ ကောက်ပါ။

စီဝရကာလတော အညော ကာလော အကာလော၊
အကာလေ ဒိန္နံ စီဝရံ အကာလစီဝရံ။ (မဇ္ဈိမလောပိ)

၄၁—အကာလစီဝရ ဟူသည့် အဘယ် အခါ၌ လှူအပ်သော သင်္ကန်း မျိုးနည်း? ကာလ, အကာလကိုလည်း ခွဲပြပါ။

(က) သင်္ကန်း ကာလမှ တပါးသော အခါ၌ လှူအပ်သော သင်္ကန်း၊ ဝင်းပြင် သင်္ကန်း ကာလ အတွင်းမှာပင် တပါးထည်းအား ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ လှူသော သင်္ကန်းသည်ဝင်း, အကာလသင်္ကန်းပါ ဟု တကာက ဆို၍ လှူအပ်သော သင်္ကန်းသည်ဝင်း အကာလ စီဝရမည်၏၊

(ခ) ကာလ အရ ကထိန်မခင်းလျှင် သိတင်းကျွတ် လပြည့်ကျော် တရက် နေ့မှ တန်ဆောင်မုန်း လပြည့်အထိ တလယူ။

(ဂ) ကထိန် ခင်းလျှင် တပေါင်း လပြည့်အထိ ငါး လ ယူ။

၄၂–ဥပ္ပဇ္ဇေယျ အရ သက်ိန်း ဖြစ်ကြောင်း မာတိကာ ၈ ပါး ပြပါ။

(၁) သိမာယ
(၂) ကတိကာယ
(၃) သိက္ခာပဒပညတ္တိကာယ
(၄) သံဃသ
(၅) ဥဘတောသံဃသ
(၆) ဝသံဝုဋ္ဌာသံဃသ
(၇) အာဒိသ
(၈) ပုဂ္ဂလသ-ဒေတိ။

၄၃–ဒိပ္ပမေဝ ကာရေတဗ္ဗံ အရ ဒိပ္ပ ကာလ ပြပါ။

ဒိပ္ပ အရ ၁၀ ရက် အတွင်း ကာလကို ယူ။
ဒိပ္ပမေဝ ကာရေတဗ္ဗန္တိ သိဃံ အန္တော ဒသာဟေ ယေဝ ကာရေတဗ္ဗံ။

၄၄–နော စသ ပါရိပူရိ နှင့် ပစ္စာသာ အရ အဓိပ္ပါယ် ပြပါ။

(က) အလျား,အနံ စသည့်အတွက် လိုနေလျှင် နော စသပါရိပူရိ မည်၏။
(ခ) ထိ အစ, အန အတွက် ရစရာ မြောင်လင့်ချက် သည် ပစ္စာသာမည်ပါသည်။

၄၅–ပဌမ သိက္ခာပုဒ်နှင့် ဤ တတိယသိက္ခာပုဒ် အာဘယ် ကဲ့သို့ ထူးသနည်း?

(က) ပဌမ သိက္ခာပုဒ်၌ ၁၀ ရက် လွန်လျှင် စွန့်၊
(ခ) တတိယ သိက္ခာပုဒ်၌ တလလွန်လျှင် စွန့်။

၄၆–သက်နိုး မလောက် သေးသော လက်ရှိ အဝိုင်းကို အာပတ် လွတ်အောင် အာဘယ်ကဲ့သို့ လုပ်ထား ရ မည်နည်း?

ပရိက္ခာရ စောင့် အမည်ဖြင့် အဓိဋ္ဌာန် တင်ထား လျှင် အာပတ်မှ လွတ်၏။

၄၇–သက်နိုး ရတ်၍ ကုံး ပြောင်းသော အခါ အဓိဋ္ဌာန် ပြန်၍ တင်အပ်, မတင်အပ် ဆုံးဖြတ်ပါ။

အစ နှစ်ဘက် ချုပ်ပြိုးမှဖြတ်လျှင်အဓိဋ္ဌာန်မတင်ရ၊ အလယ်က ဖြတ်ပြိုးမှ ချုပ်လျှင် အဓိဋ္ဌာန် ထပ် တင် ရ၏။

စတုဋ္ဌ။

၄၈–အညာတိကာယ အရ မိမိကို အလယ်ထား၍ အ ထက် ခုနစ်ဆက်, အောက် ခုနစ်ဆက် ရေတွက်ပါ။

(က) အထက်-အဖ, အဘိုး, အဘေး, အဖွား, အ ဖွဲ့, အဘီ, အဘော်-၇ ဆက်။

(ခ) အောက်-သား, မြေး, မြစ်, တီ, မြှော့, ကျွတ်, ဆတ်- ၇ ဆက်။

၄၉-ပုရာဏ စိဝရ အရ အဘယ်နည်း?

သုံးဆောင်သော အနေအားဖြင့် ယုတ်စွအဆုံး ပခုံး ဦးခေါင်းပေါ် တက်ြိမ် တင်ဘူးခြင်း, ခေါင်း အုံး၍ အိပ်ဘူးခြင်း ပြုပြီးလျှင် ပုရာဏစိဝရယူရပါသည်။

၅၀-ဘိက္ခုနီယာ ဆိုခြင်းကြောင့် အမျိုး မတော်သော သိက္ခမာန်, သာမဏေရီ, လူမိန်းမတို့ကို အပ်ဝင်ခိုင်းလျှင် အပြစ်ရှိ, မရှိ ဆုံးဖြတ်ပါ။

သိက္ခမာနသာမဏေရီယော ဝါ ဓောဝန္တိ အနာပတ္တိ၊

သိက္ခမာန် စသည်တို့ကို ခိုင်းလျှင် အာပတ်မသင့်။

၅၁-သာမဏေရီ, သိက္ခမာန် တို့အား အပ်ခိုင်းရာ, ၎င်းတို့သည် ဘိက္ခုနီ ဖြစ်ပြီးမှ ပြန်ပေး လျှင် အပြစ် ရှိ, မရှိ ဖြေပါ။

မူလ သာမဏေရီ ဘဝက ခိုင်းထား သော်လည်း ဘိက္ခုနီမဖြစ်ပြီးမှ ပြန်ပေးခြင်းကြောင့် နိဿဂ္ဂိုပင် သင့်၏။

၅၂–အမျိုး တော်သော ဘိက္ခုနီမအား ဒိုင်းသောအခါ ၎င်း၏ မိတ်ဆွေ တစ်ဦး ဘိက္ခုနီမက ယူဖွယ် သော်၎င်း၊ အမျိုး မတော်သော ဘိက္ခုနီမက မဒိုင်း ဘဲ အလိုအလျောက် ယူ ဖွယ်သော်၎င်း အပြစ်ရှိ,မရှိ ဖြေပါ။

ရဟန်းက စေဒိုင်းခြင်း မရှိသောကြောင့် အာပတ် မသင့်ပါ။

၅၃–ဝေဝါပေတိ, ရဇာပေတိ, အာကောဋနာပေတိ ဟူ သုံးချက်လာရှိရာ, အဘယ် အမှုဖြင့် အဘယ် အာ ပတ် သင့်သနည်း?

(က) ဝေဝါပေတိ-ဖြင့် နိဿဂ္ဂိ ပါစိတ် သင့်၊

(ခ) ကြွင်း ၂ ကိစ္စဖြင့် ဒုက် သင့်သည်။

၅၄–ဝေဝါပန စသော ၃ မျိုးလုံး ဒိုင်းလျှင် အာပတ် ဘယ် နှစ်ချက် သင့်သနည်း?

ဒုက် ၂ ချက် နှင့် ပါစိတ် တချက် သင့်ပါသည်။ အညာတိကာယ အညာတိကသည် ဝေဝါပေတိ ရဇာပေတိ ဝါ အကောဋနာပေတိ နိဿဂ္ဂိယနဲ့,အာ ပတ္တိ ငါးနှုန်း ဒုက္ကဋနဲ့ (ဝိဘင်း)

၅၅–ဧကတော ဥပသမ္ပန္နေ ဘိက္ခုနိ,ဥဘ်တော ဥပသမ္ပန္နေ ဘိက္ခုနိ ၂ မျိုး တို့တွင် အာဘယ်၌ အာဘယ် အာပတ် သင့်သနည်း?

(က) ဧကတော ဥပသမ္ပန္နေ ခိုင်းလျှင် ဒုက်၊
(ခ) ဥဘတော ဥပသမ္ပန္နေ ခိုင်းလျှင် ပါစိတ်။

၅၆–သူတပါး သက်နိုး နှင့် ပိဒ်၏ နိသိဒိုင် အိပ်ရာခင်းတို့ကို အမှတ်ခိုင်းလျှင် အာဘယ် အာပတ်သင့်သနည်း?

ဒုက် အာပတ် သင့်ပါသည်။

၅၇–တိစီဝရိက်,နိသီဒိုင်,အိပ်ရာခင်းမှတပါး သော ပရိက္ခရာကို အမှတ်ခိုင်းလျှင် အပြစ် ရှိ, မရှိပြုပါ။

အာပတ် မသင့်ပါ။

အပရိဘုတ္တံ ဝါ အညံ ဝါ ပရိက္ခာရံ ဓောဝတိ-လ-အနာပတ္တိယေဝ။

ပဋ္ဌမ။

၅၈–စီဝရံ ပဋိဂ္ဂဏှေယျ၌ စီဝရ အရ အာဘယ်နည်း?

(၁) ခေါမ၊ (၂) ကပ္ပါသိက၊
(၃) ကောသေယျ၊ (၄) ကမ္ဗလ၊
(၅) သာဏ၊ (၆) ဘင်္ဂ-၆ ထည်။

၅၄—ဘိက္ခုနီမက လူသာမဏော စသည်အား တဆင့် ခိုင်း၍ လွှဲသော် ခံအပ်, မခံအပ် အကြောင်း ဖြစ် ဆုံးဖြတ်ပါ။

ဘိက္ခုနီယာ ဟတ္ထတော ဆိုခြင်းကြောင့် တဆင့် အလွှဲ ခိုင်းလျှင် ယူကောင်း, ခံကောင်း၏; အပြစ် မရှိ။

ယသ္မာ ကသ္မာစိ ပန အနုပသမ္ပန္နသ္မာ ဟတ္ထေ ပေသိတံ ဂဏှိတုံ ဝဋ္ဋတိ။

၅၀—အညတြ ပါရိဝတ္တကာသည် အဘယ် ပညတ် ဖြစ် ကြောင်းဖြင့် လဲလှယ်ဖုံ ဖြပါ။

(က) အညတြ ပါရိဝတ္တကာ သည် အနုပညတ်။
(ခ) သစ်သီး စသည် ပေးမည် ဆို၍ ယူအပ်သော သက်နှံးသည် လဲလှယ် ယူအပ်သည် မည်၏: ယူကောင်း၏၊ ယူတော့။

ဆဋ္ဌ။

၅၁—ဂဟပတိ နှင့် ဂဟပတာနီ အရ ဖြပါ။

(က) ရဟန်း မဟုတ်သော ယောကျ်ားသည် ဂဟပတိ၊
(ခ) ဘိက္ခုနီ မဟုတ် သော မိန်းမ သည် ဂဟပတာနီ၊

၆၂–အာသိန္နဲ နှင့် နဠ အထူး ဖြဟါ။

(က) အာသိန္နကား – ဝိသဘသဂါဟ, မင်း, ဒိုးသူ စသည်တို့က လုယက် ယူခြင်းတည်း၊

(ခ) နဠ ကား–ဒီးလောင်, ဂရေဖျော, ကြွက်ကိုက်, ခြစားခြင်း အစရှိသည်တည်း။

၆၃–အညတြ သမယာဒို့ သမယ အရ ဖြဟါ။

အာသိန္နကာလ, နဠကာလ ၂-ပါးသည် သမယ မည်၏။

၆၄–တောင်းခြင်းကြောင့် အဘယ် အာပတ်, ရခြင်း ကြောင့် အဘယ် အာပတ် သင့်သနည်း?

(က) တောင်းခြင်းကြောင့် ဒုက်-ဝိညာပနပယောဂဝ ဒုက္ကဋ်။

(ခ) ရခြင်းကြောင့် နိဿဂ္ဂိ-ပဋိလာဘေ နိဿဂ္ဂိယံ ဟောတိ။

၆၅–အဆွေ မတော်လျှင် ဘယ် နည်း နှင့် မှ မတောင်း ကောင်းသလော? တောင်းကောင်းသော နည်း ရှိက ထုတ်ဖြဟါ။

အလို ရှိလျှင် တောင်းပါဟု ဘိတ်ကြား ထားလျှင် တောင်းကောင်း၏၊ အာပတ် မသင့်ပါ။

၆၆-အာနန္ဒာ, နဒ္ဒ ဖြစ်၍ သက်နိုး မရှိသော ရဟန်းသည် ကိုယ်တုံးလုံး နေကောင်း, မနေကောင်း ဤပါ။
မြက်, သစ်ရွက် စသည်ဖြင့် ဖုံးအုပ်၍ လာရာ၏; ကိုယ်တုံးလုံး လာလျှင် ဒုက္ကဋ် သင့်၏။
တိဏော နဝါ ပဏ္ဏော နဝါ ပဋိစ္ဆာဒေတွာ အာဂန္တုံ; နတွေဝ နဂ္ဂေန အာဂန္တုံ၊ ယော အာဂစ္ဆေယျ; အာပတ္တိ ဒုက္ကဋဿ။

၆၇-တပါး တခြားသော ရဟန်း၏ ဉာတိ ပဝါရိတ တကာ့ ထံမှ ၎င်း ရဟန်း အတွက် တောင်းသင့်, မသင့် ဆုံးဖြတ်ပါ။
မိမိ အတွက် မဟုတ်ခြင်းကြောင့် တခြား ရဟန်း အတွက် ၎င်း၏ ဉာတိပဝါရိတ ထံမှ တောင်းပေး ကောင်းပါသည်။
အညဿ ဝါ ဉာတကပဝါရိတေ တသ္သေဝတ္ထာယ ဝိညာပေန္တဿ-လ-အနာပတ္တိ။

သင်္ဃာဒိသေသ။

၆၈-အာဘိဟဋ္ဌုံ ပုဒ်ကို ဝစနတ္ထ ရသမျှ ပြု၍ ရုပ်စိရင်ပါ။
(က) ဟရိတုန္တိ အာဘိ ဟဋ္ဌုံ၊ အာဘိ+ဟရ+တုံ၊ သာသဒိသတော တသ္မာ ရဉ္ဉော စဋ္ဌ စသဒ္ဒါ ဖြင့် တုံကို ရဋ္ဌုံပြု၊ ဓာတ္ဝန် ရနှင့် ရ အနုဗန် ဆော်ဟခွင်း ဆော်,ကပ်။

(ခ) အာဘိမုခံ ဟရိတွာ အာဘိဟဠုံ၊ အာဘိ+ဟရ+တွာ ပစ္စယာဒနိဠ္ဒာဖြင့် တွာကို တုံ ပြု၊ကြွင်း ဇ္ဈ နည်း အတိုင်း။

ဒြဋ္ဌ-သန္တာရုတ္တရ ပုဒ်ကို ပုဒ်ဖြတ်ပါ။

သ+အန္တာရ+ဥတ္တရ=သန္တာရုတ္တရ။

၇၀-သန္တာရုတ္တရ ပုဒ်ကို အစိတ်အစိတ် ဝစနတ္ထ ပြု၍ ကောက်ပါ။

(က) အန္တာရေ မဇ္ဈေ ဝသနသီလောတိ အန္တာရဝါ သကော၊ဝါသကပုဒ် ကြေ၍ အန္တာရ ဂိ၊စော၊ သင်းထိုင် ရ၏။

(ခ) အန္တာရေန သဟ ယော ဝတ္တတိတိ သန္တာရံ ကိုယ်ရုံ ရ။

(ဂ) ဥတ္တရဿိံ ကာယဘာဂေ အာသဒ္ဓတောတိ ဥတ္တရာသင်္ကော၊ အာသင် ကြေ၍ ဥတ္တရ ဂိ၊စော၊ ကိုယ်ရုံ ရစေ။

(ဃ) သန္တာရံ ဥတ္တရံ ပရမံ ပမာဏံ အာသာတိ သန္တာရုတ္တ ရပရမံ၊ ဠိရုံ ရ၊ (တဂ္ဂုဏာသံ ဝိညာဏ)

အဓိပ္ပာယ်။

၇၁–စိဝရစောဘာပန္နဒ္ဒီ စောတာပန္နကို ဝစနဆုံ ပြုဖြဲ့ပါ။

စိဝရံ စောတာပေန္တိ ပရိဝတ္တေန္တိ ဇေတနာတိ စိဝရစောတာပန်း၊ သက်နိုး အာဘိုး ရဒ္ဓါ။

၇၂–ညပက္ခဒူ ပုဒ်ကို ဝစနဆုံ ပြု၍ ရုပ်စိရင်ပါ။

ညပ သံဟာရိတ္ထာ ကရိတဗ္ဗံ ထပေတဗ္ဗန္တိ ညပက္ခဒူံ၊ ညပ+ကရ+တ=တကြောင့် ကရကို ခပြု၊ ကန့်ဒ် ၂-လုံးထပ်၊တကို ဒူပြု ပြီးဒ္ဓါ။

၇၃–ဂိကပ်ံဒ္ဒ ဝိသဒ္ဒါ, ကပ္ပသဒ္ဒါ တို့၏ အနက် အဓိပ္ပါယ် ဖြဲ့ပါ။

(က) ဝိသဒ္ဒါ အထူး အနက် ရှိ၏၊ အလွန် အကဲ အဓိပ္ပါယ် ရဒ္ဓါ။

(ခ) ကပ္ပသဒ္ဒါ စိမံ ခန့်ခွဲခြင်း အနက် အဓိပ္ပါယ် ရဒ္ဓါ။

၇၅—ကလျာဏ ကမျတာ ပုဒ်ကို ဝစနတ္ထ ပြု၍ ကောက် ပါ။

(က) ကလျာဏံ ကာမေတိတိ ကလျာဏကာ မောဂဟာနိုး ရ။

(ခ) တသ ဘာဝေါ ကလျာဏ ကမျံ ; ကလျာဏ ကမျံ ဇေဝ ကလျာဏကမျတာ၊ လောဘ စိတ် ရ။ ကာမနောင် ဘာဝ အနက် ဏျသက်၊ အာကို အ, ရသ ပြု၊ သွတ္ထိ၌ တာ ပစ္စည်း သက်။

၇၆—စိမံသော အခါ, ရသော အခါတို့၌ အာဘယ် အာပတ် သင့်သနည်း?

(က) စိမံသော ပယောဂတိုင်း နုက် သင့်၊

(ခ) ရသော အခါ စွန့်; နိသဂ္ဂိ သင့်။

နဝမ။

၇၇—ပစ္ဆေက ပုဒ်၏ အနက်ကို ပြပါ။

ပစ္ဆေက=ပတိ+ဇက ဖြတ်။ ပတိ=ဝိသုံ၊ ဇက=ဝိသုံ ဝိသုံ ဝိသုံ-အသီး အသီး ဟု အနက်ပေး။ အထဝါ-ပတိသဒ္ဒါ-ဝိသုံ ဝိသုံ၊ ဇကံသဒ္ဒါ-ဇကံ ဇကံ ပစ္ဆေကံ-အသီး အသီး, တယောက်စီ တယောက်စီ ဟု အနက်ပေး (ဝိစ္ဆာလောပ) နော တကွော။

၇၈–အဋ္ဌမ သိက္ခာပုဒ် နှင့် ဤ နဝမ သိက္ခာပုဒ် အထူးကို ပြဆိုပါ။

(က) အဋ္ဌမ၌ တယောက် ရဏ်၊
(ခ) နဝမ၌ နှစ်ယောက် ရဏ်။

၇၉–နဝမသိက္ခာပုဒ်၌ ဥာတိနှံ ဆိုခြင်းကြောင့်နှစ်ယောက် ထက်များသော သူများထံမှာ စိရင်လျှင် အပြစ် ရှိ, မရှိ ပြပါ။

ဥာတိနှံ ဆိုသော်လည်း သုံး, လေးဦး စသည်တို့ကို လည်း ဥာတိနှံနှင့် အလားတူ ယူအပ်၍ နှစ်ဦးထက် များသော တကာများ ထံမှာ စိရင်ရာ၌ လည်း အာပတ် သင့်ပါသည်။
ဧဝံ ဗဟူနဓိ ပိဋ္ဌံ ကတွာ ဂဏ္ဍတောပိ အာပတ္တိ ဒေဒိတဗ္ဗာ။

ဒသမ။

၈၀–ရာဇဘောဂေါ, ရာဇဘောဂ္ဂေါပါဠိ ၂-ထွေ ရှိရာ အဘယ် ပါဠိ မှန်သည် ဟု ဝစနတ္ထ ပြု၍ ဆုံးဖြတ်ပါ။

(က) ရာဇတော လဒ္ဓံ ဘောဂံ ရာဇဘောဂံ ; တံ အသ အတ္ထိတိ ရာဇဘောဂ္ဂေါ။

(ခ) ရာဇတော လဒ္ဓေါ ဘောဂေါ ဣဿရိယံ
အာဿ အတ္ထိတိ ဝါ ရာဇဘောဂေါ၊
(ဘောဂ္ဂသဒ္ဒါ နပုံး၊ ဘောဂသဒ္ဒါ ပုလ္လိင်)

၈၁–ကဗိယကာရက ပုဂ္ဂိုလ် ဟူသည် အဘယ်နည်း? ဂုဏ် ပုဒ် ဝိဂ္ဂဟ ပြု၍ ကောက်ပြပါ။

(က) ဘိက္ခူနံ ကဗိယံ ကရောတီတိ ကဗိယကာရကော၊

(ခ) သိတင်း သုံးဘော် ငါးဦးမှ တပါး အာရာမိစောင့်,သိတင်းသည် စသော သူသည် ကဗိယကာရက မည်၏။

၈၂–ကဗိယ ကာရက ဆယ်ယောက် ပြပါ။

ရဟန်း ညွှန်းပြ၊ လေးယောက်မျှ၊ ဒုတ ညွှန်းလေး ဖြာ။

အနိဗ္ဗိဒ္ဓ၊ ဒုဝိဓ၊ ပေါင်းကေ တက္ခိုဝ်သာ။

၈၃–ရဟန်းညွှန်းအပ်သော ကဗိယ ၄-ဦး ပြပါ။

တဦး မျက်မှောက်၊ ကွယ် သုံးယောက်၊ ညွှန်းမြောက် ရဟန်းမှာ။

၈၄–ကွယ် သုံးယောက် အဓိပ္ပါယ် ဖေးပါ။

ဖွေ့အပ်, ပြန်ကြား,၊ စေ့ကြား,၊ မှာထား သွား, သည်သာ။

(၁) ရဟန်းက မျက်ကွယ် အဝေး ရှိသော ကပ္ပိယအား ညွှန်ကြားသော အခါ, တမန်က ထို ကပ္ပိယ အထံသို့ သွားကာ သက်နှံးဘိုး ပေး အပ်ပြီး၊ ရဟန်းထံသို့ တမန်ကိုယ်တိုင် ပြန်လာ၍ "အရှင် ညွှန်းသော ကပ္ပိယအား သက်နှံး အဘိုး အပ်ခဲ့ပါပြီ; အလိုရှိသည့် အခါ ကြွသွား တောင်းခံပါ ဘုရား" ဟု ပြန် ကြားအပ်သော ကပ္ပိယ တယောက်၊

(၂) ကိုယ်တိုင် ပြန်မလျှောက်ထားဘဲ, တယောက် ယောက်အား တဆင့် အလျှောက် ခိုင်းအပ် သော ကပ္ပိယ တယောက်၊

(၃) "ကောင်းပါပြီ၊ အရှင် ညွှန်းသော ကပ္ပိယအား အပ်ခဲ့ပါမည် ; အလို ရှိသည့် အခါ ကြွသွား တောင်းခံပါ ဘုရား" ဟု တခါထည်း မှာ ကြားထားခဲ့အပ်သော ကပ္ပိယ တယောက် ပေါင်း ၃-ယောက်။

တမန် ညွှန်းလည်း၊ ၄-ယောက်တည်း၊ ၅၊ နည်း မှတ်လေပါ။

၈၅—အနိဋ္ဌိဋ္ဌ ဒုဝိဓ-အရ အဓိပ္ပါယ် ဖြေပါ။

ရဟန်း နှင့် ဘမန်တို့က မည်သွန်းအပ်ဘဲ ကပ္ပိယ ကိုယ်တိုင်က "ကျွန်ုပ် ကပ္ပိယ ဘဲ" ဟု ရွှေမျောက် မှာ ဝန်ခံ သူ တယောက်၊
မျက်ကွယ်မှာ ဝန်ခံသူ တယောက် - ပေါင်း ၂ ယောက်။

၈၆—နိဿဂ္ဂိယ ဝတ္ထု၊ လေးပါးကို ဝေဘင်းခံလျှင် အာဘယ် အာပတ် ; ရလျှင် အဘယ် အာပတ် သင့်သနည်း? ဖြေပါ။

(က) နိဿဂ္ဂိယ ဝတ္ထု၊ကို ဝေဘင်းခံလျှင် ဒုက်၊
(ခ) ရလျှင် နိဿဂ္ဂိ ပါစိတ် သင့်ပါသည်၊

၈၇—ဒုတိယကွတ်၊ ပုဒ်ကို ဝစနတ္ထ ပြု၍ သဒ္ဒါနေ ဖြေပါ။

ဒုန်း သင်္ကေ ဒုကွတ်၊တိယ်း သင်္ကေ တိကွတ်၊ (ဆဋ္ဌီ တပ္ပုရိသ်)
ဒုကွတ် စ တိကွတ် စ ဒုတိကွတ်၊ ကွတ် တလုံး ဧကြ။

၈၈—ဝေဘင်းရုံ သက်သက်,ရုပ်ရုံ သက်သက် ပြုခဲ့လျှင် ဘယ်နှစ်ကြိမ်စီ ပြုအပ်သနည်း?

(က) ဝေဘင်းရုံ သက်သက် ၆ ကြိမ်၊

(ခ) ရဝ်ရုံ သက်သက် ၁၂ ကြိမ်။
(အဝေါင်း ၁ ကြိမ်သည်, အရဝ် ၂ ကြိမ်နှင့် ညီမျှ၏)

၈၃—တမန်ညွှန်း ၄ ဦး အား ဘယ် နှစ်ကြိမ်စီ အာဝ်သနည်း?

တမန်ညွှန်း ၄ ဦးအား အကြိမ် တရာ သော်လည်း အာဝ်၏၊
ယေပန ကဋိယကာရကေ ဒါယကော သယမေဝ နိဒ္ဒိသတိ;တေ သတက္ခတ္တုံဖို စောဒေတုံဝဋ္ဋတိ။

၈၄—အနိဒ္ဒိဋ္ဌ ကဋိယ ၂ ဦး အား ဘယ်လို ကျင့်ရသနည်း?

၎င်း ၂ ဦးအား မတောင်း မရုပ်ကောင်း, အညာတကသိက္ခာပုဒ် အတိုင်း ကျင့်ရ၏။

၈၅—ယတ္ထသ, ယတသ ပါဠိ ၂ ထွေ ရှိရာ အဘယ် ပါဠိ မှန်သနည်း?

ယတော+အသ=ယတ္ထသ၊ သြကို ဝပြု။
ယတော+အသ=ယတသ၊ သြကို ဆွေ၊
ပါဠိ ၂ ထွေလုံး သင့်ပါသည်။

၉၂—အယံ တတ္ထ သာမိစိ အဂ္ဂ ၎င်း အတိုင်း မကျင့်လျှင် ဝါ-ဒါယကာဒ္ဓံ အကြောင်း မကြားလျှင် အာဘယ် အပြစ်ရှိသနည်း?

ဝတ္တဘေဒ ဒုက် အာပတ် သင့်ပါသည်။

တသ္မာ ဇံ အကရောန္တေန ဝတ္တဘေဒေ ဒုက္ကဋံ အာပဇ္ဇတိ။

ဒုကေသေမဝဂ္ဂ။

ပဌမ

၉၃—ပိုးချည် မည်မျှ ရောစပ်လျှင် ကောသေယျမိဿက ဖြစ်သနည်း?

ပိုးချည် တဖြင်မျှ ရောလျှင် ကောသေယျ မိဿက မည်ပါသည်။

ဇကေန ဝိ ကောသိယံ' သုဒ္ဓာ-လ-မိဿိကတံ။

၉၄—သန္ထဲတ ဟူသည် အဘယ်ကဲ့သို့ ပြုအပ်သော အခင်းနည်း?

ညီသော ဖြေပေါ်၌ ပိုးချည်, သိုးမွေး စသည် တို့ကို ထပ်၍ ထမင်းရည် စသည်တို့ လောင်းပြီး ကပ် အောင် လုပ်အပ်သော အခင်းတည်း၊ (ကုလားမ နွားချေးပြား လုပ်သလို မှတ်)

နိဿဂ္ဂိယပါစိတ္တိယ အမေး အဖြေ။

၉၅–ပိုးချည်နှင့် ရောရွက် ယက်လုပ်အင်္ကျီသော် အာပတ်သင့်, မသင့် ဆုံးဖြတ်ပါ။

ယက်လုပ် အင်္ကျီသည် ဖြစ်သောကြောင့် အာပတ်မသင့်ပါ။

ဝါယိတ္ထာ ပန ကရောန္တိ သည အနာပတ္တိ။

၉၆–သူဘပါး အတွက် လုပ်ပေးခြင်း, တဆင့် ခိုင်းပေးခြင်း, သူတပါး လုပ်ပြီးသား၏ သုံးဆောင်ခြင်းတို့၌ အာဘယ် အာပတ် သင့်သနည်း?

ဒုက္ကဋ် အာပတ် သင့်ပါသည်။

အညဿတ္ထာယ ကရဏကာရာပနေသု, အညေန ကဏ်ပဒိုလဘိတွာ ပရိဘုဉ္ဇနေ စ ဒုက္ကဋံ။

(ဒုတိယ မှာ ခဲယဉ်းခြင်းမရှိလျှ် မပြတော့ပြီ။)

တတိယ။

၉၇– ဇွေ ဘာဂ၊ တတိယ ဘာဂ၊ စတုတ္ထ ဘာဂတို့ကို ဖြေပါ။

ဇွေ ဘာဂ-အနက် ထက်ဝက်၊ ၂ ပုံ။ $\frac{1}{2}$။
တတိယဘာဂ-အဖြို့ ၄ ပုံ တပုံ။ $\frac{1}{3}$။
စတုတ္ထဘာဂ--အကြောင် ၄ ပုံ တပုံ။ $\frac{1}{4}$။

၉၈—ဂေါစရိယ အရ အဘယ် အရောင်မျိုးနည်း?

အပြာ နှင့် အနက်မှ ကြွင်းသော အရောင် အားလုံး ဟူ။
ထပေတွာ ကာဠဉြဒါတေ အဝသေသာ ဂေါစရိ
ယေသု ယေဝ သင်္ဂဟံ ဂစ္ဆန္တိ တေ ဒဋ္ဌဗ္ဗာ။

၉၉- နဝံ ပန ဘိက္ခုနာ သန္ထတံ၌ နဝံ နှင့် သန္ထတ သမာသ်လော? ဝါကျလော? ယုတ္တိ ပြုပါ။

ပုရာဏာသန္ထတ သိက္ခာပုဒ်ကို ထောက်၍သမာသ် ဖြစ်ပါသည်။ အလုတ္တ ပဒနှစ်ရသမာသ်)

၁၁၀—အဘယ် အရောင် ပိုလျှင် အပြစ်ရှိ၍, အဘယ် အရောင်ပိုလျှင် အာပတ် မသင့် သနည်း?

(က) အနက်ရောင် တပင် ပိုလျှင် နိသဂ္ဂိ သင့်၏။ ဧကသ ပိ ကာဠကလောမဿ အတိရေက ဘာဝေ နိသဂ္ဂိယံ ဟောတိ။

(ခ) အပြာရောင် ပိုထည့်လျှင် အာပတ် မသင့်၊ တတိယ် ဿဒါတာနန္တိ ဇာတံ ပန ဟေဋ္ဌိမ ပရိစ္ဆေဒေန ဝုတ္တံ။

၁၀၁–နိဿဂ္ဂိယ စီဝရတို့ကို စွန့်ပြီး တဖန် ပြန်၍ သုံး ဆောင်ကောင်း သကဲ့သို့, သုဒ္ဓကာဠက စသော အခင်း ၁၃်းမျိုးကို စွန့်ပြီး ပြန် သုံးဆောင်လျှင် အပ်, မအပ် ဆုံးဖြတ်ပါ။

ဣမာနိ ပန တီဏိ နိဿဂ္ဂိယာနိ ပဋိလဒ္ဓါနိဝိ ပရိဘုဉ္ဇိ တုံ နဝဋ္ဋန္တိ။ သုံးဆောင်လျှင် ဒုက်။

စတုဿ္ဆ။

၁၁၂–သြရေန ပုဒ်ဝယ် အဘယ် အနက်,အဘယ် ဝိဘတ် နည်း?

သြရသဒ္ဒါ အနန္တရ်ထ္ထ၊
သမီပ အနက် ကရိဏ်း ဝိဘတ်သက်သည်။

ပဉ္စမ။

၁၀၃–သဏ္ဌတ နှင့် နိသိဒနသဏ္ဌတ အထူး ပြပါ။

(တ) သဏ္ဌတ အရ-အမြဲတ် မပါသော အခင်း၊
(ခ) နိသိဒန သဏ္ဌတမှာ အမြဲတ် အသံ်ာပါသည်။
(က) သဏ္ဌတံနာမ သဏ္ဌရိတွာ ကတံ ဟောတိ;အ ဝါယိမံ၊
(ခ) နိသိဒနသဏ္ဌတံ နာမ သ-ဒသံ နိသိဒန သဒ္ဒါ တံ သဏ္ဌတံ။

၁၀၄—သာမန္တာ အရ လေးဘက်လုံး ယူရမည်လော?

သာမန္တာ အရ-လေးဘက်လုံးမှလည်း ယူ၊ သို့မဟုတ် လေးဘက်တွင် တဖက်ဖက်ကို မှလည်း ယူ။

၁၀၅—သုဂတဝိဒတ္ထိအောက် လျှော့၍ ယူလျှင် အပြစ် ရှိ, မရှိ ပြပါ။

သုဂတဝိဒတ္ထိ ပမာဏကို အလွန် အမျှားဆုံး ပမာဏ အားဖြင့် ဆိုပါသည်၊ သုဂတဝိဒတ္ထိ အောက် လျှော့၍ ယူကောင်းပါသည်။

သုဂတဝိဒတ္ထိတိ ဣဒံ ဥက္ကဋ္ဌပရိစ္ဆေဒဝသေန ဂတ္တံ; တသ္မာ ပုရာဏသန္ထဲတာသေ သာမန္တာ ထောက တရမိ အာဒါတဗ္ဗန္တိ ဝေဒိတဗ္ဗံ။

၁၀၆—အနာဒါစေ အရ ဝိဝိဒ္ဓ အာခင်းဟောင်း မရှိ၍ မယူ လျှင် အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

အာခင်းဟောင်း မရှိလျှင် မယူဘဲ အသစ်ချည်း ပြု ကောင်းဏ်။

အသတိ ပန အဂ္ဂဟေတွာ ဝိ ဝဋ္ဋတိ။

ဆဋ္ဌ။

၁၀၇—အဋ္ဌါန မဂ္ဂပဋိပန္နသဒ္ဒ် အဋ္ဌါန ပမာဏ ပြပါ။

အဋ္ဌါန အရ ယူဇနာဝက်, ယူဇနာခွဲ ယူ။

၁၀၈—တိယောဇနံ အရ မှာလ ထွက်ခွါရာ အရပ်မှ ယူရမည်လော? အဘယ်အရပ်ကစ၍ ယူရမည်နည်း?

သိုးမွေး ရရာ နေရာက စ၍ ယူ။

၁၀၉—ယောဇနံ အရ ယူစနှာ ဖွဲ့ပုံ ပြပါ။

သင်္ဃဟာဇ္ဇော မတော ဒဏ္ဍော,
ဒဏ္ဍော ဝိသတိ ဥသဘံ၊
အသိတိ ဥသဘာ ဂါဝိ,
ဂါဝိ စတ္တာရိ ယောဇနံ။
ခုနှစ်တောင် တတာ၊တာ နှစ်ဆယ် တဥသဘ၊
နှစ်ဆယ် ဥသဘ တဂါဝုတ်၊ လေးဂါဝုတ်တာယူစနှာ။

၁၁၀—သံဟဇ္ဇာ အရ လက်ဖြင့် ယူငင်ပြီး ၃ ယူစနှာလွန်မှ အာပတ် သင့်သလော?

မည်သည့် ကိုယ် အင်္ဂါ အစိတ်ဖြင့် ယူယူ အာပတ် သင့်သည် သာ၊ ဥပလက္ခဏာ, ပစာန အားဖြင့်သာ သဟဇ္ဇာ ဆိုပါသည်။

၁၁၁—၃ ယူဖနှာ လွန်သော အခါ အာပတ် သင့်ပုံ ပြပါ။

ပဌမ ခြေလှမ်း လွန်လျှင် ဒုက်၊
ဒုတိယ ခြေလှမ်း လွန်လျှင် နိဿဂ္ဂိ။

၁၁၈-နာနာပ္ပကာရ အရ အဘယ်နည်း?

မူလ အတုံး,အခဲ ရှိသည် ဖြစ်စေ: အဆင် တန်ဆာ လုပ်ထား သည် ဖြစ်စေ, ကျပ်ပြား မူးစေ့ မတ်စေ့ ဤသို့ စသည်ဖြင့် အမျိုးမျိုး အစားစား ရွှေငွေတို့ ကို ယူ။

ဒသမ။

၁၁၉-ကယဝိဉ္ဉာယ သိက္ခာပုဒ်၌ နာနာပ္ပကာရ အရ ပြပါ။ သက်နှံ,သပိတ်,ထီး,ဘိနပ် စသော ကပ္ပိယဝတ္ထု များသည် ကယဝိဉ္ဉာယ၏ နာနာပ္ပကာ ရမည်ပါ သည်။

နာနာပ္ပကာရ၌ကို စိဝရဒိုနံ ကပ္ပိယဘဏ္ဍာနံ ဝေသေန အနေကဝိဓံ။

၁၂၀-သံဝေါဟာရ နှင့် ကယဝိဉ္ဉာယ အထူး ပြပါ။

(က) သံဝေါဟာရကား - ရွှေငွေတို့ဖြင့် ရောင်း ဝယ်ခြင်း၊

(ခ) ကယဝိဉ္ဉာယကား-ဝတ္ထုပစ္စည်းချင်း လဲလှယ် ခြင်း။

၁၂၁-ကယ နှင့် ဝိဉ္ဉာယ အသို့ ထူးသနည်း?

(က) ပရိဿ ကပ္ပိယ ဘဏ္ဍံ ဂဏှန္တော ကယံ သမာပဇ္ဇတိ၊

သူတပါး၏ ဘဏ္ဍာကို ယူခြင်းသည် ကယ။

(ခ) အတ္တာနော ကဋိယ ဘဏ္ဍံ ဒေန္တော ဝိက္ကယံ သမာပဇ္ဇတိ။
ဒိဒိ၏ ဘဏ္ဍာကို ပေးခြင်းသည် ဝိက္ကယ။

၁၂၂–ကယ,ဝိက္ကယ လဲလှယ် မှုကို မည်သူမျှားနှင့် သာ လျှင် ပြုကောင်း၍, မည်သူမျှားနှင့် မပြုကောင်း သနည်း?

(က) သဟဓမ္မိက ငါးဦးတို့နှင့်သာ ပြုကောင်း၍,
(ခ) ကြွင်းသော သူမျှားနှင့် မပြုကောင်းပါ၊
(သဟဓမ္မိကမှ လွဲလျှင် မိဘနှင့် သော်မှ မပြုရ)
တသ္မာ ထပေတ္ဝာ ပဉ္စ သဟဓမ္မိကေ,ယံ ဇဝံ အတ္တာနော ကဋိယ ဘဏ္ဍံ ဒတ္ဝာ မာတုသန္တကံ ကမ္မိ ကဋိယ ဘဏ္ဍံ ဂဏှာတိ; တံ နိဿဂ္ဂိယံ ဟောတိ။

၁၂၃–ကဋိယ သံဝေါဟာရ, ကဋိယ ကယဝိက္ကယ ဖြစ် အောင် အဘယ် ကဲ့သို့ ပြုကျင့်ရသနည်း?

(က) ကဋိယ သံဝေါဟာရ ဖြစ်အောင် ကဋိယ ကာရကအား "ဣတ္ထန္နာမေဖြင့် ဣတ္ထန္နာမံ ဝဏ္ဏံကို ကဋိလော့,ယူလော့" ဟုဆိုရ၏။
(ခ) ကဋိယ ကယဝိက္ကယ ဖြစ်အောင် "ငါ၌ သက်နှံ ရှိ၏; သင်၏ ခဲတံ, စာဆုပ် စသည်

ကို အလို ရှိ၏" ဟု ပြောလျှင် အာပတ် မ
သင့်ပေ။

ပဏ္ဍိတ။

ခ၂၄-အတိရေက ပတ္တ ဟူသည် အဘယ်နည်း?
အဓိဋ္ဌာန်, ဝိကပ္ပနာ မပြုအပ်သော သင်္ဃာဋိတည်း။
(အတိရေက စီဝရ နှင့် အတိရေက ပတ္တ တို့၏)

ခ၂၅-ပမာဏ အားဖြင့် သင်္ဃာဋိ ၃ စား ဖြစ်၏။
(၁) ဥက္ကဋ္ဌ-သုံးပြည် တစ်ထပ် ဆံ့၊
(၂) မဇ္ဈိမ-သုံးခွက် နှင့် တစလယ် ဆံ့၊
(၃) သြမက-သုံး စလယ် နှင့် တလမယ် ဆံ့။
သုံးပြည့် တစ်ထပ်၊ နှစ်ကြိမ်ဝက်၊ ချင့်တွက်
အမှန် ထား။
ဥက္ကဋ္ဌ,မဇ္ဈိ၊ သြမက၊ နာမ အစဉ်အား။

ခ၂၆-သင်္ဃာဋိ ၉ လုံး ရေတွက်ပါ။
(၁) ဥက္ကဋ္ဌ၊ (၂) ဥက္ကဋ္ဌ၊ဣက္ကဋ္ဌ၊
(၃) ဥက္ကဋ္ဌသြမက၊ (၄) မဇ္ဈိမ၊
(၅) မဇ္ဈိမဣက္ကဋ္ဌ၊ (၆) မဇ္ဈိမော်မက၊
(၇) သြမက၊ (၈) သြမကဥက္ကဋ္ဌ၊
(၉) သြမကော်မက၊
သုံးလုံး အနေ၊ သုံးစိ ဝေ၊ကိုးထွေသင်္ဃာဋိပြား။

= ၂၇–သပိတ်ကိုးလုံးတွင် အဓိဋ္ဌာန် ဝိကပ်လောက်သော သပိတ်ကို ဖြေပါ။

စ-ဆုံး ကြိုး, ငယ်၊ နှစ်လုံး ပယ်၊ အလယ် ခုနစ်ပါး၊ အစဆုံး ဥက္ကဋ္ဌ၊ ကြွဋ္ဌ နှင့် အငယ်ဆုံး သြမကောမ က သပိတ် နှစ်လုံး မှ ကြွင်းသော အလယ် ခုနစ်လုံး သည် အဓိဋ္ဌာန်, ဝိကပ် လောက်ပါသည်။

ခ ၂၈- ဓာတ်အားဖြင့် သပိတ် ၂ မျိုး ဖြစ်ပါ။

အယောပတ္တော, ဘူမိပတ္တော,
ဓာတိယာ ကဋ္ဌိယာ ဒုဝေ၊
သံသပိတ် နှင့် ဖြေသပိတ်- ၂ မျိုး။

= ၂၉-ဂုဏ်း သပိတ် ၂ မျိုးကို ဘယ်နှစ်ကြိမ်စီ ဖုတ်မှ အပ် ပါသနည်း?

(က) သံသပိတ်ကို ၅ ကြိမ် ဖုတ်မှ အပ်ပါသည်၊
(ခ) ဖြေသပိတ်ကို ၂ ကြိမ် ဖုတ်မှ အပ်ပါသည်။

ဒုတိယ။

ခ ၃၀- သပိတ် အဓိဋ္ဌာန် ကျွေကြောင်း အင်္ဂါ ရေးပါ။

ဓိဋ္ဌာန်, ဝိကပ်၊ ပစ္စုဒ္ဓပ်၊ ကျွတ် သက်နှံးလား။
သက်နှံး အဓိဋ္ဌာန် ကျွေကြောင်း ရှစ်ပါးနှင့် အလား တူ မှတ်။
ပေါက်ခြင်း အင်္ဂါ ၁၀ ပါး နှင့် ပေါင်း ၉ ပါး။

၁၃၁- ဗန္ဓနာ အရဟ အာဘယ် ကဲ့သို့ ဖွဲ့ရသနည်း?

သပိတ် ကွဲအက် နေခဲ့သော် စူးနှင့် ပေါက်၍ ကြိုး နှင့် တုပ်ကာ ဖွဲထားရပါသည်။

၁၃၂- မည်မျှ ပမာဏ ကွဲအက်သော် ဖွဲရသနည်း?

လက်နှစ်သစ် ခန့် ကွဲအက်သော် ဖွဲရသည်။

၁၃၃- စူးနှင့် ပေါက်၍ ဖွဲသော် အဓိဋ္ဌာန် ကျ, မကျ ပြပါ။

ပေါက်ခြင်းကြောင့် အဓိဋ္ဌာန် ကျ၏၊ ထပ်တင်အပ်၏။

သော စ ပတ္တော အဓိဋ္ဌဟိတ္ထာ ပရိဘုဉ္ဇိတဗ္ဗော။

၁၃၄- အဖွဲ ဘယ်နှစ်ခု ရှိလျှင် သပိတ် မမည်သနည်း?

ငါးဖွဲ ရှိသော်ငင်း, ငါးဖွဲစာ ၁၀-လက်သစ်လောက် ကွဲအက်နေသော်ငင်း သပိတ် မမည်တော့ချေ။

၁၃၅- ငါးဖွဲ ရှိလျှင် အဘဲ့ကြောင့် သပိတ် အသစ်တောင်း ကောင်းသနည်း?

သပိတ် အရာ မဝင်သောကြောင့် အသစ် တောင်း ကောင်းပါသည်။

၁၃၆- ဥိနပဉ္စဗန္ဓနေန ပတ္တေန ကို ဇာတိ အရ, ဘူတ အရ, လက္ခဏ အရ ကောက်၍ ပုဒ်ကို ဖြင်ဖြပါ။

(က) ဇာတိ အရ-ကွဲအက်ခြင်း, ဝါ-ဖွဲခြင်းကောက်၊
(ခ) ဘူတအရ-ရဟန်း ကောက်၊
(ဂ) လက္ခဏအရ-သပိတ် ကောက်။
(ဃ) ဥိနပဉ္စဗန္ဓနေန ပတ္တေန=ဥိနပဉ္စဗန္ဓနေ ပတ္တော ဟုတ္တော။

၁၃၇- သပိတ်စွန့်ရာ အခါ ပတ္တပရိယန္တ ဖြစ်ပုံ ရေးပါ။

သပိတ်စွန့်ရာ အစည်းအဝေးသို့ မိမိတို့ သပိတ်များ ယူဆောင် လာအပ်၏၊ စွန့်အပ်သော သပိတ် အာသစ်ကို မထေရ ကြီးအား လှူ၊ မထေရ်ကြီး သပိတ်ကို, မထေရ်ငယ်အား, မထေရ်ငယ်၏ သပိတ်ကို ရဟန်းငယ်အားလှူ၊ နောက်ဆုံး ရဟန်းငယ် ဖြစ်သော (သံဃနော) ရဟန်း၏ သပိတ်ဟောင်းသည် ပတ္တပရိယန္တ မည်၏။ ၎င်းပတ္တပရိယန္တကို တောင်းသော ရဟန်းအား ပေးရသည်။

၁၃၈- ပတ္တပရိယန္တ ပုဒ်ကို ဂုစနထွေ ပြု၍ ကောက်ပါ။

ပရိယန္တသ နဝကသ ပတ္တော ပတ္တပရိယန္တော၊ ပရိယန္တော ပတ္တော ပတ္တပရိယန္တော၊ (ဝိသေသန ပရပဒ) နောက်ဆုံး ရဟန်းငယ် (သံဃနော) ၏ သပိတ် ရ၏။

တတိယာ။

၁၃၉- ပဋိသာယနိယာနိ ပုဒ်ဖြင့် အာဘယ် အနက် ဖြဲ့သနည်း?

အကပ် ဖျက်ထား အပ်ကုန်သော, ဝါ-ကိုယ်တိုင် ကိုင်တွယ် သိမ်းဆည်း ထားအပ်ကုန်သော ပဉ္စ-မ ရတို့သည် ချနစ်ရက် လွန်ကုန်သော်လည်း အာပတ် မသင့်၊ စားကား မစားအပ်၊ ဤ အနက်သဘောကို ဖြဲပါသည်။ ဗြဲလက် လိမ်းကောင်းဏ်။

၁၄၀- သပို, နဝနီတ အရ အာဘယ် သတ္တဝါမျိုးမှ ဖြစ်သော ဆီဦးထောပတ်ကို ယူရသနည်း?

ကျွဲ, နွား, ဆိတ် စသော သတ္တဝါမျိုးမှရသောထော ပတ် ဆီဦးမျိုးကို ယူရပါသည်။

၁၄၁- တလံ အရ အာဘယ်မှ ဖြစ်သော ဆီကို ယူရမည် နည်း?

နွားမ်း,မုန်ညင်း, ကြက်ဆူ, အသားတို့မှ ဖြစ်သော ဆီ ကို ယူရပါသည်။

၁၄၂-ပာဏိတ အရ အာဘယ်နည်း?

ကြံမှ ဖြစ်သော အရည်သည် ပာဏိတ မည်၏။

နိဿဂ္ဂိယပါစိတ္တိယ အဓမ္မ အဂ္ဂြိ။

၁၄၃–မရ အရ အဘယ် ပျား ရည်နည်း?

ပျားကြိုး, ပျားငယ်တို့ အရည်ကို ယူ။

၁၄၄–ဆီ စသည်တို့ကို ခြေလက် လိမ်းကျုံခြင်း စသည်ဖြင့် အသုံး ပြုရန် ရည်ရွယ်၍ အကပ် ခံပြီး သိမ်းဆည်း ထားလျှင် ခုနစ်ရက် လွန်သော် အာပတ် သင့်, မသင့် ပြပါ။

ပရိဘုဉ္ဇိတဗ္ဗာနိ ဆီခြင်းကြောင့် ပရိဘောဂ အလို ငှါ မဟုတ်ဘဲ လိမ်းကျုံတို့ ထားသည့် အတွက် အာပတ်မသင့်။

ပရိဘုဉ္ဇိတဗ္ဗာနိတိ စ ဝစနတောအနွာသတ္တာပေါ အင်္ဂုဇုနာဒိနံ အတ္ထာယ အဓိဋ္ဌဟိတ္ဝာ ထပိတေသု အနာပတ္တိ။

၁၄၅–၂ ဦးထိုင် ထောပတ် စသည်ကို တပါးပါးက အကပ် ခံ၍ ခုနစ်ရက် လွန်စေသော် မည်သည့် ဂဟန်း အား အာပတ် သင့်သနည်း? စားကောင်း သေး သလော?

မဝေဘန် ရသေးသောကြောင့် ၂ ပါး လုံး အာပတ် မသင့်; စားသောက်ခြင်းငှါ မူကား မအပ်တော့ပြီ။

၁၄၆– ၂ ဦးဖိုင် ထောပတ် စသည်ကို တပါးပါးကအကပ် ခံ၍ ကျန် တပါးအား "ငါ့ရှင်, သုံးဆောင်လော့" ဟု မှာထားခဲ့ရာ ခုနစ်ရက် လွန်စေလျှင် မည်သူ့အား အာပတ် သင့်သနည်း?

'သုံးဆောင်လော့' ဟု စွန့်ခဲ့ပြီး ဖြစ်၍ အကပ်ခံသော ရဟန်း အာပတ် မသင့်၊ ကျန်သော ရဟန်းလည်း ဒိဗ္ဗ ကိုယ်တိုင်အကပ် မခံသောကြောင့် အာပတ် မသင့်; ၂ ပါးလုံး လွတ်၏။

စတုဋ္ဌ။

၁၄၇–ဝသိကသာဋိကကို ဝစနတ္ထ ပြု၍ ပမာဏပြပါ။

ဝသာနေ ဝသိတဗ္ဗာ ဝသိကာ၊(ဝသိကုဗ္ဗတဒ္ဓိတ်) ဝသိကာ စ သာ သာဋိကာ စာတိ ဝသိကသာဋိကာ။

ဘုရား မဏ္ဍိမ ၊ပကတိ-အထွာ။

ထျား + နံ ထျား + နံ ထျား + နံ

ဖဲ + ၂ဦ၊ ၁ဂ + ၇ဦ ၂၇ + ၁၁ ဦ

၁၄၈–ဓိဃီးရေခံ သက်နီး ဂျာမိုးရာခေတ်, သုံးဆောင်ရာ ခေတ်ကို ပြပါ။

(က) နယုန် လပြည့်ကျော် ဟရက်နေ့မှ စ၍ တန်

ဆောင်မှုန်း လပြည့်နေ့ အထိ ၅ လ (ဝါ ထပ် လျှင် ၆ လ) အတွင်း ရှာမှီးရ၏၊

(ခ) ဝါဆို လဆန်း ၁-ရက် နေ့မှ စ၍ တန်ဆောင် မုန်း လပြည့်နေ့ အထိ ၄ လခွဲ (ဝါ ထပ်လျှင် ၅ လ ခွဲ) အတွင်း ဝတ်ရုံရ၏။

၁၄၃—အခါ မဟုတ်သော အချိန်၌ မိုးရွာရေခံ သက်နှံးကို ရှာမှီးခြင်းကြောင့် အာပတ် သင့်သလော? ဝတ်ရုံ ခြင်းကြောင့် သင့်သလော?

ရှာမှီး ဝတ်ရုံ ၂ မျိုးလုံးကြောင့် အာပတ် သင့်ပါ သည်။

၁၄၀—ရှာမှီး ခြင်းကြောင့် သင့်သော ပရိယေသနာပတ္တိ အင်္ဂါ, ဝတ်ရုံ ခြင်းကြောင့် သင့်သော နိဝါသနာ ပတ္တိ အင်္ဂါ ပြပါ။

(၁)က-မိမိ အဘို့ ရှာခြင်း
ခ-အကာလ၌ ရှာခြင်း
ဂ-ရှာမှီး၍ ရခြင်း
} ပရိယေသန အင်္ဂါ ၃ ပါး။

(၂) ၁-မိုးရွာရေခံ သက်နှံး ဂှိုခြင်း
၂-ဘေးရန် မဂှိုခြင်း
၃-မိုးရွာရေခံ သက်နှံးဖြစ်ခြင်း
၄-အကာလ၌ ဝတ်ရုံခြင်း
} နိဝါသန အင်္ဂါ ၄ ပါး

ပဉ္စမ။

၁၅၁–ရဟန်း၏ သက်နှံး လုယူလျှင် အာဘယ် အာပတ် သင့်သနည်း?

(က) အဓိဋ္ဌာန် လောက်သော သက်နှံး လုလျှင် မိုသင့်၏၊

(ခ) မလောက်လျှင် ဒုက္ကဋ်။

(တခြားသော ပရိက္ခရာကို လုလျှင် လည်း ဒုက်)

၁၅၂–လူသာမဏေတို့၏ သက်နှံး စသော ဝတ္ထုပစ္စည်း လုလျှင် အာဘယ် အာပတ် သင့်သနည်း?။

ဒုက် အာပတ် သင့်ပါသည်။

အနုပသမ္ပန္နသ စ ယံ ကိဉ္စိ အန္တိန္ဒတော ဝါ ဒုက္ကဋံ၊

၁၅၃–လုယက် ယူပါလျက် အတဲ့ကြောင့် ပါစိတ် သာ သင့်သနည်း ? ပသယ္ဟာဝဟာရ ဒိုးခြင်းအားဖြင့် ပါရာဇိက သင့်ထိုက်သည် မဟုတ်ပါလော?

သကသညာဖြင့် လုယက်ခြင်းကြောင့် ပါရာဇိက မသင့်ပါ၊ ပရသညာအားဖြင့် လုလျှင် သာလျှင် ပစ္စည်း တန်ကြေး အလိုက် ပါရာဇိက စသည် သင့်ပါသည်။

ပရိစ္ဆေဒတွာ ဟိ ဒိန္နဋ္ဌိ သကသညာယ ဂဏ္ဍတော
နဋ္ဌိ ပါရာဇိကံ၊ သကသညာယ ပန ဝိနာ အဒိန္နာ
ဒေါ ဘဏ္ဍဋ္ဌေန ကာရေတဗ္ဗော။

ဆဋ္ဌ။

၁၅၄–သာမံ သုတ္တံ ဟရာဒ္ဓိ သုတ္တ အရ ချည် မျိုးအပြားး
ရေတွက်ပြပါ။

၁–ခေါမ၊ ၂–ကပ္ပါသိက၊
၃–ကောသေယျ၊ ၄–ကမ္ဗလ၊
၅–သာဏ၊ ၆–ဘင်္ဂ-မှလ ချည် ၆-မျိုး၊
၁–ခုမ၊ ၂–ပဋ္ဋဒုကူလ၊
၃–သောမာရပဋ္ဋ၊ ၄–စီနပဋ္ဋ၊
၅–ကဋ္ဌိဿ၊ ၆–ဒေဝဒိန္နေ – အနေ လောမ
ချည် ၆-မျိုး၊ ပေါင်းချည် ၁၂-မျိုး။

၁၅၅–ကိုယ်တိုင် ချည်တောင်း၍ ကိုယ်တိုင် အယက်
ခိုင်းလျှင် အာပယ် အခါ အာပယ် အာပတ် သင့်
သနည်း?

(က) တောင်းခြင်း, အယက်ခိုင်းခြင်းကြောင့် ဒုက်၊
(ခ) အနုံ တထွာ, အလျား တတောင် ပမာဏ ပြီး
တိုင်း, ပြီးတိုင်း နိဿဂ္ဂိ သင့်ပါသည်။

သင်္ဃမ။

၁၅၆-ကိုဒ္ဓိမတ္တံ အနုပဒဓ္ဓေယျာမကို အဘယ် အနက် ဖြ
လို၍ ဆိုသနည်း?
ဆွမ်းစသည်ကို ပေးမှသည့် အာပတ်၏ အင်္ဂါ မ
ဟုတ်၊ထိုသို့ ပေးခြင်းကြောင့် ယက်ကန်းသည်က
အလျား အနံ တိုးခဲ့၍ ယက်လုပ် အားထုတ်သော
ပယောဂတိုင်း ဒုက်၊ ရလျှင် နိဿဂ္ဂိ သင့်၏ ဟု
သော အနက် သဘောကို ပြသည်။
(ဆွမ်းစသည် ပေးမှ, လက်ဆောင် တင်မှကြောင့်
ဒုက်)

အင်္ဂမ။

၁၅၇-ဒသာဟာနာဂတံ ကိုဝစနဆ္ဆ ပြု၍ အဓိပ္ပါယ် ဖေး
ပါ။
ဒသ အဟာနိ ဒသာဟံ၊ ဒသာဟေန အနာဂတော
ဒသာဟာနာဂတော၊ သိတင်းကျွတ်လပြည့်ရ၏။
ဒသာဟဉ္စ ဒသာဟာနာဂတော စ ဒသာဟာနာ
ဂတော၊ သိတင်းကျွတ် လဆန်း ၅ ရက်နေ့မှ
လပြည့် အထိ ၁၁ ရက် ရ၏။
ကောသိသ်,သာမည နိဒ္ဒေသ နည်း။
(ဒသာဟဉ္စ ဖြင့် လဆန်း ၅ ရက်မှ လဆန်း ၁၄
ရက် အထိ ၁၀ ရက်ရ၏၊ ဒသာဟာနာဂတော စ
ဖြင့် လပြည့် ၁ ရက် ရ၏။

ပေါင်း ၁၁ ရက် ရဏ်၊ အလွန် နက်ဏ်၊ မှိအောင် နှိုက်ကြပါလေ)

၁၅၈–ဒသာဟာနုဒ္ဒိဿတံ ကတ္တိကတေမာသိကပုဏ္ဏမံကို အနုက် ပေးပါ။

ဒသာဟာနုဒ္ဒိဿတံ-လဆန်း ၅ ရက်မှ ၁၄ ရက် အတွင်း ၁၀ ရက်နှင့် တကွ,ဂုဏ်း ၁၀ ရက်ဖြင့် မရောက်သေးသော။

ကတ္တိကတေမာသိက ပုဏ္ဏမံ - သိတင်းကျွတ် လပြည့် နေ့တိုင်အောင် ၁၁ ရက် အတွင်း၌ ပေး (အစွန်အနုက်,သတ္တမီ သက်)

၁၅၉–အလွေက စိဝရ ဟူသည့် အဘယ် သူတို့က အဘယ်သို့ ဆို၍ လှူအပ်သော သက်နှံးနည်း?

ခဒိုးသွား၊ သူနာ၊ ကိုယ်ဝန်ဆောင်၊ သဒ္ဓါတရား အသစ်ဖြစ်သော သူများက "ဝါဆိုသက်နှံး လှူပါ၏" ဟု ဆို၍ လှူအပ်သော သက်နှံးသည့် အလွေက စိဝရ မည်ပါသည်။

၁၆၀–အလွေကံ မညမာနေန အရ အဓိပ္ပါယ် ရှင်းပါ။

အလွေက သက်နှံး အလှူခံရသော ရဟန်းသည့် ဝါကျိုးခဲ့သော် သံဃိက သက်နှံး ဖြစ်သွား၏၊ သက်နှံး

ဝေဘန်သော အခါ၌ သံဃိက နှင့် ပုဂ္ဂလိက ကွဲပြား အောင် အစွေက သက်နိုးကို အမှတ် အသား ပြု ထားအပ်၏ ဟု အဓိပ္ပါယ်ကို ပြ၏။

၁၆၁–ပဌမ ကထိန သိက္ခာပုဒ် နှင့် ဤ အစွေက စီဝရ သိက္ခာပုဒ် အဘယ်သို့ ထူးသနည်း?

(က) ပဌမ ကထိန သိက္ခာပုဒ်၌ ၁၀ ရက်၊
(ခ) အစွေကသိက္ခာပုဒ်၌ ၁၁ ရက်၊ ဤသို့ထူး၏။

နဝမ။

၁၆၂–အာရညက သေနာသန အရ ရွာနှင့် မည်မျှ ဝေး သော ကျောင်းသည် အာရညက သေနာသန မည် သနည်း။

ရွာ,ရွာ၏ ဥပစာ ထိုက်သော အရပ်မှ လံတာ ၅၀၀ ကွာသော အရပ်၌ ရှိသော ကျောင်းသည် အာရညက သေနာသန မည်ပါသည်။

၁၆၃–သာသက်, သပ္ပဋိဘယ ဖြစ်ပုံ ပြပါ။

(က) ကျောင်းတွင်း, ကျောင်း၏ အနီး၌ ဒိုးသား, ထားပြများ တည်းခို ပုန်းအောင်း သွားလာ နေသည်ကို မြင်ရ, ကြားရလျှင် သာသက်၊
(ခ) သတ်ဖြတ် လုယက်သည်ကို ကွေ့ရ,ကြားရ လျှင် သပ္ပဋိဘယ။

၁၆၄–သေနာသန ပုဒ်ကို အစိတ်အစိတ် ဝိဂ္ဂဟ ပြု၍ ကောက်ပြပါ။

(က) သေတ္တိ သယတ္တိ ဇေဋ္ဌောတိ သေနံ၊သိ+ယု။
(ခ) အာသတ္တိ နိသီဒတ္တိ ဇေဋ္ဌောတိ အာသနံ၊ အာသ+ယု။
(ဂ) သေနဉ္စ တံ အာသနဉ္စာတိ သေနာသနံ=ဝိဟာရ ရုဏ်။

၁၆၅–သိယာ စ တဿ ဘိက္ခုနော ကောစိဒေဝ ပစ္ဆာယောဒ္ဓံ ကောစိဒေဝ ပစ္ဆာယ-အကြောင်းကို ပြပါ။

တခြားသို့ သွားရန် ကိစ္စသည့် ကောစိဒေဝ ပစ္ဆာယ အကြောင်းတည်း။

ဒသမ။

၁၆၆–အာဘာယ်ကဲ့သို့ ညွှတ်ခြင်းသည့် ပရိဏာတ မည့် သနည်း?

"သံဃာအား လှူဒါန်းမည်" ဟု ကိုယ်,နှုတ် နှစ်ပါး တပါးပါးဖြင့် ရည်ရွယ် ထားအပ်သော လှူဘွယ် ဒါန်းရာသည့် သံဃပရိဏာတ ဖြစ်၏။

၁၆၇–ဓိဓိအား ညွှတ်စေရာ အာဘယ် အခါ အာဘယ် အာပတ် သင့်သနည်း?

ညွှတ်စေလျှင် ဒုက်ဋ၊ ရလာလျှင် နိဿ သင့်၏။

၁၆၈–သံဃာ ဆွမ်းကပ်ရန် ချက်ပြုတ် လုပ်ကိုင်နေစဉ် မကျန်းမမာသော ရဟန်းအား တကာများက ကပ် လျှင် စားကောင်း,မစားကောင်း ဆုံးဖြတ်ပါ။

ပိဓိက ညွှတ်စေသည် မဟုတ်၍ စားကောင်း၏။

၁၆၉–လူတဦး၏ ပစ္စည်းကို အခြား လူတဦးအား၎င်း,သွေး တကောင်၏ အစာကို အခြား သွေးတကောင်အား ၎င်း ညွှတ်စေလျှင် အဘယ် အာပတ် သင့်သနည်း?

လူ့ပစ္စည်း ဖြစ်စေ,သွေး၏ အစာ ဖြစ်စေ တခြား တ ယောက်,တကောင်အား ပြောင်းလဲ ညွှတ်စေလျှင် ဒုက် သင့်၏။

၁၇၀–နိဿဂ္ဂိယ စိဝရဝဂ်၌ ပဌမာပတ္တိက ဆိုက္ခာပဒနှင့် ပဏ္ဏာပတ္တိက သိက္ခာ ပဒ ခွဲပြပါ။

(က) ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၁၀–ပဌမာပတ္တိက၊
(ခ) ၇၊ ၈၊ ၉၊ ပဏ္ဏာပတ္တိက မည်ပါသည်။
(၍ ပုဏ္ဏာကို ညွှတ်စမ်း အတွက် ထည့်လိုက် သည်)

နိဿဂ္ဂိယ ပါစိတ္တိယံ နိဋ္ဌိတံ။

ပဌမကာဂေါ နိဋ္ဌိတော။

နိဂုံးပဏာမ

ကုမ္ဘဒေါ် ပမာ

အာသီသ ပတ္ထနာ ဂါထာ

(က) နယော'ဒကေ ဗျဉ္ဇနဏ္ဍ-
မဆ္ဆေ သုဏ္ဏ မဟာသရော၊
ဂန္ဓော'လောကေန သောဘေန္တော,
ဗောဓေန္တော ကုမုဒါ ဓနာ။

(က) နယော' ဒကေ+နုယဉ္စဒကေ-နည်းနာ အဝေတွ-
ထွေ,ကျယ်ဝန်း လှပေသည့်, ရေပြင် ကြီးလည်း ရှိပေထ
သော။ဗျဉ္ဇနဏ္ဍမဆ္ဆေ-သဒ္ဒါ, အနက်, အတွေး ခက်အောင်,
ထွေးရှက် မြူးကွန့်, လူးလွန့်ပျော်ပါး, အစားစား သော,ငါး
လည်း ရှိတော်မူပေထသော။သုဏ္ဏမဟာသရော-ဝိနယ ဝိဒူ
ကတ်,အသိဓာတ် အရေခြေ မပိုင်နိုင်ကြသည့်, ပရိယတ် ရေ
အိုင်တော်မြတ်ကြီး အတွင်း၌။ဓနာ ကုမုဒါ-ရဟန်း ဟိုနှဲ,
အရေခြေ ပြုစ,သောတ နှုနယ်, အရွယ် မျိုးဖံ, ကြာတော ရုံ
ကြီးတို့သည်။ ဂန္ဓော'လောကေန-ဝိနယ ဟတ္ထ မုဒ္ဒိက အ
မည့် ရသော, နွဲ့-ဓာတ်ကာ နှင့် ကခြိဓိတရော် လက်ခဲ့
ကျမ်း တည်းဟူသော, တောက်ပ ထင်နေကြောင်, အလင်း
ရောင်ကြီးဖြင့်။သောဘေန္တော-သာသနာ-တော် မြတ်ကြီး,
ဗဟိုရှ အချက် ငွေမှာ, ကြက်သရေ အဆင့်ဆင့်နှင့်, မြင့်

ထက် ဖြင့်အောင်, တင့်တယ်ကြိုး တင့်တယ်ကြစေကုန် လျက်။ ဗေဒဂေန္တေ - ဆရာ မကူ, သယမ္ဘူ။ထို, ပါရဂူ ဖြောက်ကြကုန်လျက်, ထွန်းတောက် ချက်ခြင်း, ပွင့်လင်း သိဖြင့်နိုင်ကြပါစေကုန် သတည်း။

ပဋိဘိန္ဒါ'ဓာ

ပဏ္ဍနာ

(၁) ယထာ နဘော ဓောတယန္တိ,
ပဋိဘိန္ဒါ တာရကာ သုဘာ၊
ဣဓ နယာ သောဘယန္တိ,
တောသေန္တာ သောတုနံ သဒၶါ။

(ခ) နဘော-တိမိညိုဖြန့်ဖြူန်း,လေ့ကျို သန်းသည့်, ဒေါင်း ယာဉ်စခန်း တခွင်, ကောင်းကင်လမ်း အပြင်၌။ ပဋိဘိန္ဒါ တာရကာ-ကမ္ဘာ့ တန်ဆာ, လ ရတနာ ကြိုးနှင့် တကွ, နက္ခတ် တာရာ, ကြယ် တကာအပေါင်းတို့သည်။ သုဘာ-ရောင်စုံချယ်သန်း, အဆန်း တကြယ်, အထူးပင်တင့်တယ် ကြကုန်လျက်။ ဇောတယန္တိ'ယထာ-ဘက်ချို, ဆင်းချို, ဓိ ရုံရိုဖြင့်, ရှင်ကြည် အေးမြ, အထူးပင် တောက်ပ ကြကုန် သကဲ့သို့။ တာသေ-စနိ့ ကူန္ဒါ ပဏ္ဍာမာ, ကြယ် တာရာနှင့်, အလားတူစွာ,နမူနာအ,ကိုင်းသာလျှင်။ဣဓ=ဣမသ္မိံ ဂန္ထေ-

ဤဝိနယဟဋ္ဌမုဒ္ဒိက အမည်ရသော, နွိမာတိကာနှင့် ကဒိ၊ ဒိဘရဏီ လက်စဲ့ကျမ်းဌ်။ နယာ-အကျင့် သိလ, သိက္ခာပဒ နှင့်, ပုဏ္ဏာ ဝိသဇ္ဇနာ နယ, နည်းပေါင်းစုံ အဝဝတ္ထိသည်။ သောတုနံ-အာဒြ ပြုစ, သောတုဇန အရွယ်, ရဟန်း ရှင် သာမဏောငယ်တို့အား။ ဝါ-တို့ကို။ သောဘယန္တော-ယှဉ် လိုက်ရင်သာ, မြင်လိုက်ရင် စွဲလောက်အောင်, ယဉ် တန့် အဖြာဖြာတို့ဖြင့်, အစဉ် အမြဲ တင့်တယ် စေကြ ကုန်လျက်။ ဘောသေန္တော - ဝိနယ ကျမ်းတကာမှာ, မသိရသေးတဲ့ အဆန်းအဖြာဖြာတို့ဖြင့်, နှစ်သိမ့် ရွှင်ပျ ကြေနပ်စေကြကုန် လျက်။ ဇောတယန္တော်-မယုံလျှင်, ကုန်စင်အောင် ကြည့်ကြ ပေတော့, အသိညာဏ်တွေ ရှင်းကြလောက်အောင်, ထွန်း လင်း တောက်ပတော် မူကြလေကုန်သတည်း။

ဤတွင် ဒွိမာတိကာ-ကဒိ၊ အပေး အဖြေကျမ်း ပထမ အဂိုင်း ပြီး၏။